ကာလေန ဓမ္မသဝန် ဇတံ မင်္ဂလမုတ္တမံ၊ သင့်လျော်သောအခါ၌ တရားနာခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၃ ရက်၊ ၂၀၀၅ ခုနှစ်၊ မတ် ၂၃ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၇၅)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပါကစ္စတန်နိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် မတ် ၂၃

၂၀၀၅ ခုနှစ် မတ် ၂၃ ရက်၌ကျရောက်သော ပါကစ္စတန်အစ္စလာမ်မစ် သမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပါကစ္စတန်အစ္စလာမ်မစ် သမ္မတနိုင်ငံ သမ္မတဗိုလ်ချုပ်ကြီးပါဗက်ဇ် မူရှာရက်ဖ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတစ်ဝန်းလုံးဖွံ့ဖြိုးတိုးတက်အောင် အထူးဒေသကြီး ၂၄ ခုသတ်မှတ်ပြီး မြှင့်တင်ပေးလျက်ရှိသည်



တပ်မတော်အနေနဲ့ ပြည်သူလူထု စိတ်အေးချမ်းသာနေနိုင်အောင် အသက်အိုးအိမ်စည်းစိမ်လုံခြုံမှုကို ဆောင်ကြဉ်းပေးရတဲ့အပြင် ပြည်သူတွေ လွတ်လပ်စွာ လုပ်ကိုင်စားသောက်နိုင်အောင် အခြေအနေကောင်းတွေ ဖန်တီးပေးရတယ်။ နိုင်ငံတစ်ဝန်းလုံးမှာ ဒေသအလိုက် စီးပွား ဖွံ့ဖြိုးတိုးတက်အောင် စီးပွားရေးအခြေခံ အဆောက်အအုံတွေ တည်ဆောက်ပေးခဲ့တယ်။ မြို့ကြီးပြကြီးတစ်ခု၊ နှစ်ခုတည်း ဖွံ့ဖြိုးတိုးတက်ပြီး အဲဒီမြို့ကြီးပြကြီးကိုသာ တစ်တိုင်းတစ်ပြည်လုံးက စီးပွားရေးအရ၊ လူမှုရေးအရ မှီခိုနေရခြင်းမရှိဘဲ ဒေသအားလုံးဟာ ကွာဟမှုအနည်းဆုံးနဲ့ ဖွံ့ဖြိုးတိုးတက်အောင် အထူးဒေသကြီး ၂၄ ခုသတ်မှတ်ပြီး စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍတွေ မြှင့်တင်ပေးလျက်ရှိတယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၄)သင်တန်းဆင်းမိန့်ခွန်းမှ—

ငမိုးရိပ်ဆည်ရေအလုံအလောက်ဖြန့်ဖြူးပေးနိုင်စေရန် ပေါင်းလင်း(ငမိုးရိပ်ရေကူ)ရေလှောင်တမံတည်ဆောက်ပေးခဲ့ ငမိုးရိပ်ဆည်ရေ၏အကျိုးခံစားနေကြရသည့်ပြည်သူများ နိုင်ငံတော်၏စေတနာကိုသိမြင်နားလည် ဆည်ရေကိုအကျိုးရှိထိရောက်စွာအသုံးပြုရင်း စိုက်ပျိုးရေးလုပ်ငန်းအောင်မြင်အောင် ဝီရိယစိုက်ထုတ်ကြိုးပမ်း

ရန်ကုန် မတ် ၂၂

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့မှ တပ်မတော်ရဟတ်ယာဉ်ဖြင့် ထွက်ခွာကြရာ နံနက် ၈ နာရီ မိနစ် ၅၀ တွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ပေါင်းလင်း(ငမိုးရိပ်ရေကူ) ရေလှောင်တမံသို့ ရောက်ရှိကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ■

အမှာစကား ပြောကြား

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ပေါင်းလင်း (ငမိုးရိပ်ရေကူ) ရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားသို့တက်ရောက် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ မတ်လ ၂၃ ရက်)

နိုင်ငံတော်အစိုးရ၏ မွန်မြတ်မြင့်မားသော ရည်မှန်းချက်အောင်မြင်ရေး ပြည်သူအားလုံး ညီညွတ်တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မတ်လ ၁၉ ရက်နေ့ နံနက်ပိုင်းက မူဆယ်မြို့တွင် ခေတ်မီ အားကစားကွင်းသစ်ကြီး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပြီးနောက် ဒေသဆိုင်ရာအာဏာပိုင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ခံများနှင့်တွေ့ဆုံ၍ မူဆယ်ခရိုင်တစ်ခုလုံး၏ ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့သည်။

ယင်းနောက် သံလွင်မြစ်အနောက်ဘက်ရှိ ကွတ်ခိုင်၊ တာမိုးညဲ၊ မုံးစီး၊ တာပါးကျေးရွာများနှင့် သံလွင်မြစ် အရှေ့ဘက်ရှိ တာပါး၊ လောက်ကိုင်၊ ကုန်းကြမ်းမြို့နှင့် တာရွှေထန် ရွာတို့ကို ဆက်သွယ်ပေးမည့် သံလွင်မြစ်ကူး တာပါးကြိုးတံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ပြီး လုပ်ငန်းလိုအပ်ချက်များ စီစဉ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မတ်လ ၁၉ရက်နေ့ မွန်းလွဲပိုင်းတွင် ကွတ်ခိုင်မြို့ ပြည်ထောင်စုခန်းမ၌ ကွတ်ခိုင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က–

“ဒေသအချင်းချင်း ဆက်သွယ်သည့် လမ်းများ တိုးပွားပေါ်ထွန်းလာသည်နှင့်အမျှ တိုင်းရင်းသားပြည်သူများ အချင်းချင်း ဆက်သွယ်ဆက်ဆံမှုတိုးတက်ဖြစ်ထွန်းကာ တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးမှု သံယောဇဉ်နှောင်ကြိုးများလည်း ပိုမိုတိုးပွားခိုင်မြဲစွာ ဖြစ်ထွန်းလာမှာဖြစ်ကြောင်း၊ သို့မှသာ တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးတက်ခိုင်မာပြီး ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်တို့ဖြင့် ချည်နှောင်ထားသည့် ခိုင်မြဲသော ပြည်ထောင်စုကြီးအဖြစ် အစဉ်ထာဝရ ဖြစ်တည်နေမှာ ဖြစ်ကြောင်း”

ပြောကြားသည်။

တာပါးတံတားသည် ကွတ်ခိုင်မြို့အတွက်ရော ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွက်ပါ အရေးပါသော လမ်းမကြီးတစ်ခု ပေါ်ထွန်းလာရေးအတွက် သံလွင်မြစ်ကို ဖြတ်ကူးဆက်စပ်ပေးမည့် တံတားတစ်စင်း ဖြစ်သည်။

ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေးသည် အဓိကပင်ဖြစ်ရာ တာပါးတံတားကို နိုင်ငံခြားငွေမြောက်မြားစွာ အကုန်အကျခံပြီး သံလွင်မြစ်ကိုဖြတ်ကာ ခံရာခံဆစ် တည်ဆောက်ပေးနေခြင်း ဖြစ်သည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)သည် ယခင်ခေတ်ကာလက နယ်မြေဒေသ အေးချမ်းသာယာမှုမရှိခဲ့ခြင်းကြောင့် လမ်းပန်းဆက်သွယ်ရေး ချို့ယွင်းအားနည်းခဲ့ရပြီး စီးပွားကုန်သွယ်မှုအခြေခံကောင်းများလည်း မဖော်ထုတ်နိုင်ခဲ့၍ ကုန်စည်စီးဆင်းမှုနှေးကွေးကာ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရသည်။

ယခုအချိန်အခါတွင် နယ်မြေဒေသတည်ငြိမ်အေးချမ်းလာခဲ့သည်မှာ ၁၀ နှစ်ကျော် ၁၅ နှစ်အတွင်းရှိခဲ့ပြီဖြစ်သဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုနှင့်အတူ နယ်စပ်အစွန်အဖျား ဒေသများတွင် လမ်းမကြီးများ၊ တံတားကြီးများပေါ်ထွန်းလာခဲ့ပြီး ရောင်းဝယ်ဖောက်ကားမှု၊ စီးပွားကုန်သွယ်မှု၊ ကုန်ထုတ်လုပ်မှုအခြေခံကောင်းများ ဖြစ်ထွန်းလာခဲ့ပြီဖြစ်သည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့်(တောင်ပိုင်း)ဆက်စပ်ရာဒေသများသည် ဖွံ့ဖြိုးမှုကြားလပ်ကျန်နေသည့်သဘောဖြစ်နေသဖြင့် နိုင်ငံတော်အစိုးရက ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့်(တောင်ပိုင်း) ဆက်စပ်ပေးမည့် လမ်းမကြီးများကို အဆင့်မြှင့် ပြုပြင်ပေးလျက်ရှိသည်။

ထို့အပြင် ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် အရှေ့နှင့်အနောက်၊ တောင်နှင့်မြောက် ဆက်သွယ်သည့်လမ်းများကို လိုအပ်သည့်နေရာဒေသတိုင်း၌ ဖောက်လုပ်ပေးလျက်ရှိရာ ယခုဆိုလျှင် ရှမ်းပြည်နယ်အတွင်း လမ်းများလက်ယှက်ထိုး ပေါ်ထွန်းလာခဲ့ပြီဖြစ်၍ တိုင်းရင်းသားအချင်းချင်း ကူးလူးယှက်နွယ် ချစ်ကြိုးသွယ်နိုင်ခဲ့ပြီဖြစ်သည်။

ထို့ကြောင့် ပြည်ထောင်စုကြီး အခွန့်ရှည်တည်တံ့ခိုင်မြဲရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု အစဉ်ထာဝရ ဖြစ်ထွန်းနေစေရေးတို့ကို အာမခံနိုင်မည့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို နိုင်ငံတော်အစိုးရက ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပြီဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရ၏ မွန်မြတ်မြင့်မားသော ရည်မှန်းချက်များ အောင်မြင်ဖြစ်ထွန်းမှသာလျှင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာနိုင်မည်ဆိုသည်ကို သိမြင်နားလည်ပြီး ပြည်သူများအားလုံးက နိုင်ငံတော်အစိုးရ၏ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ စီးပွားရေး၊ လူမှုရေးဘဝမြင့်မားရေး ကြိုးပမ်းဆောင်ရွက်မှုများတွင် ညီညွတ်တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တံတားခွန်များလေလံစနစ်ဖြင့်ကောက်ခံသည့်စနစ်ကို ၂၀၀၄–၂၀၀၅ဘဏ္ဍာရေးနှစ်မှစတင်ဆောင်ရွက်သွားမည် လမ်းနှင့်တံတားခွန်များကောက်ခံရေးညှိနှိုင်းအစည်းအဝေးတွင် အတွင်းရေးမှူး(၂)တက်ရောက်မှာကြား

ရန်ကုန် မတ် ၂၂

လမ်းနှင့်တံတားခွန်များကောက်ခံရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်) စုဝေးခန်းမ၌ကျင်းပရာ လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်မှုဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ဆွေးနွေးမှာကြားသည်။ (အပေါ်ပုံ)

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးတင့်ဆွေနှင့် ဗိုလ်မှူးချုပ်မြင့်သိန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်းစစ်ဌာနချုပ်များမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

လေလံစနစ်ဖြင့်ကောက်ခံ

ရှေးဦးစွာ လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေးကြီးကြပ်မှု ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆွေးနွေးမှာကြားရာတွင် ယနေ့ကျင်းပသည့် အစည်းအဝေးသည် နိုင်ငံတော်ပိုင်တံတားများ တံတားခွန်ကောက်ခံရေးနှင့်ပတ်သက်ပြီး ညှိနှိုင်းဆွေးနွေးသည့် အစည်းအဝေးဖြစ်ကြောင်း၊ နိုင်ငံတော်အတွင်း တည်ဆောက်ထားသည့် တံတားများတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ဆောက်လုပ်သည့်တံတားများ၊ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက ဆောက်လုပ်သည့် တံတားများနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန အပ်နှံသည့်စနစ်ဖြင့် စစ်ထောက်ချုပ်ရုံးက ဆောက်လုပ်သည့် တံတားများရှိကြောင်း၊ ယင်းတံတားများအနက် ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်တံတားကြီး ၇၂စင်းကို တံတားအသုံးပြုခများ ကောက်ခံဆောင်ရွက်လျက်ရှိပြီး ဝန်ကြီးဌာန အစီအစဉ်ဖြင့် ၃၄ စင်း၊ လေလံစနစ်ဖြင့် ၃၈စင်း ကောက်ခံဆောင်ရွက်လျက်ရှိကြောင်း။

ထို့ပြင်ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားကဆောက်လုပ်သည့် တံတား ၁၀စင်းရှိပြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာန အစီအစဉ် အပြင် လေလံစနစ်ဖြင့်လည်း တံတားအသုံးပြုခများ ကောက်ခံဆောင်ရွက်လျက်ရှိသည့် တံတားများရှိကြောင်း။

ယင်းသို့ ဆောင်ရွက်ရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့်ရထားပို့ဆောင်ရေးဝန်ကြီးဌာနတို့အနေဖြင့် လေလံစနစ်ဖြင့်လည်းကောင်း ဝန်ကြီးဌာန လက်အောက်ခံဌာနများ အစီအစဉ်ဖြင့်လည်းကောင်း ကောက်ခံနေသည်များရှိကြောင်း၊ ထို့ကြောင့် ယင်းသို့တံတားခွန်များ ကောက်ခံနေသည့် စနစ်အစား လေလံစနစ်ဖြင့် ကောက်ခံသည့် စနစ်ကို လာမည့် ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ်မှစတင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

လွတ်လပ်စွာခွင့်ပြုထား

နိုင်ငံတော်၏ စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်သည့်အားလျော်စွာ ပုဂ္ဂလိကအခန်းကဏ္ဍကို မြှင့်တင်ပေးရေးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း ဆန်၊ စပါး၊ ပဲ၊ ပြောင်း စသည့် လယ်ယာထွက်ကုန်သီးနှံများကို ပြည်တွင်းတွင် လွတ်လပ်စွာ ရောင်းဝယ်ဖောက်ကားခွင့်ပြုထားပြီးဖြစ်ကြောင်း။

ယင်းသို့ ပုဂ္ဂလိကအခန်းကဏ္ဍ မြှင့်တင်ရေး ဆောင်ရွက်လျက်ရှိရာတွင် ယခုကဲ့သို့ တံတားအသုံးပြုခများကောက်ခံသည့်စနစ်ကိုလည်း ဌာနဆိုင်ရာများအလိုက် ဆောင်ရွက်လျက်ရှိသည့်စနစ်အစား လေလံစနစ်ဖြင့် တစ်ပြေးညီပြောင်းလဲကျင့်သုံးခြင်းဖြစ်ကြောင်း။

စာမျက်နှာ ၁၄ ကော်လံ ၃ သို့

■ **ရှေ့ဖုံးမှ**

(၁၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုဖွင့်လှစ်သည့် ရန်ကုန်တိုင်း လှည်းကူးမြို့နယ်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ပေါင်းလင်း(ငမိုးရိပ်ရေကူ) ရေလှောင်တမံဖွင့်ပွဲကို နံနက် ၉ နာရီတွင် အဆိုပါ ရေလှောင်တမံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ ရေလှောင်တမံဖွင့်ပွဲ အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်ပေါင်းလင်း (ငမိုးရိပ်ရေကူ) ရေလှောင်တမံကို တည်ဆောက်ခဲ့သည့် ရန်ကုန်တိုင်း ဆည်မြောင်းဦးစီးဌာနမှဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ မင်္ဂလာစည်တော်အဖွဲ့၊ ဘင်ခရာအဖွဲ့၊ ပန်းဖွားအကအဖွဲ့၊ ရန်ကုန်တိုင်း ထန်းတပင်မြို့နယ်၊ တိုက်ကြီးမြို့နယ်၊ မှော်ဘီမြို့နယ်၊ လှိုင်သာယာမြို့နယ်၊ လှည်းကူးမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်နှင့် အင်းစိန်မြို့နယ်များမှ တောင်သူ လယ်သမားများနှင့် ဒေသခံပြည်သူ စုစုပေါင်းအင်အား ၅၀၀၀ကျော် တက်ရောက်ကြသည်။

အကျိုးကျေးဇူးများ

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် လှည်းကူးမြို့နယ်နှင့်တကွ လှည်းကူးနှင့်ရန်ကုန်မြို့တော်ကြားကျယ်ပြန့်လှသည့် လယ်ယာမြေများကို စိုက်ပျိုးရေပေးဝေနေသည့်အပြင် ရန်ကုန်မြို့တော်၌ မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများအတွက် သောက်သုံးရေပေးဝေနေသည့် ငမိုးရိပ်ဆည်ကြီး၏ ရေပေးဝေမှုကို ပိုမိုပြည့်စုံစနစ်ကျပြီး ပိုမိုအကျိုးရှိထိရောက်အောင် မြှင့်တင်စွမ်းဆောင်ပေးနိုင်မည့် ပေါင်းလင်း (ငမိုးရိပ်ရေကူ)ရေလှောင်တမံကို ယနေ့ဖွင့်လှစ်နိုင်ခြင်းသည် လှည်းကူးမြို့နယ်အတွက်သာမက ရန်ကုန်တိုင်းအတွင်းရှိ အခြားသောမြို့နယ်များကို သွယ်ဝိုက်အကျိုးပြုမှာဖြစ်သလို ရန်ကုန်မြို့တော်ကြီးအတွက်လည်း အကျိုးကျေးဇူးများစွာ တိုးပွားဖြစ်ထွန်းစေမှာ အမှန်ပင်ဖြစ်ကြောင်း။

နည်းလမ်းကြံဆ

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် အလွန်ကောင်းမွန်သော ရေမြေသယံဇာတတို့ဖြင့် များစွာပြည့်စုံကြွယ်ဝလှသည့် စိုက်ပျိုးရေး နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် ယခုကဲ့သို့ သုံးမကုန်လောက်အောင်ကြွယ်ဝများပြားလှသော ရေမြေသယံဇာတ အင်အားကို နိုင်ငံတော်အစိုးရအနေဖြင့် အကျိုးအဖြစ်ထွန်းနိုင်ဆုံး မြှင့်တင်ပေးနိုင်စေရအောင်နှင့် နောင်သားစဉ်မြေးဆက်အရှည်သဖြင့် အကျိုးဖြစ်ထွန်းနိုင်စေရအောင် ခေတ်မီနည်းပညာရပ်များ၏ စွမ်းအားဖြင့် နည်းလမ်းအသွယ်သွယ်ကြံဆပြီး စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

စိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံတော်၏ ပင်မစီးပွားရေးလုပ်ငန်းဖြစ်သကဲ့သို့ နိုင်ငံသူ နိုင်ငံသားအများစုကြီးဖြစ်သည့် ကျေးလက်နေတောင်သူလယ်သမားများ၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်းလည်းဖြစ်သည့်အတွက် စိုက်ပျိုးရေးကဏ္ဍကိုမြှင့်တင် ပေးခြင်းအားဖြင့် နိုင်ငံတော်၏ စီးပွားရေးခိုင်မာတောင့်တင်းမှုကိုသာမက ပြည်သူများ၏ စားဝတ်နေရေးနှင့် လူနေမှုအဆင့်အတန်းတိုးတက်မြင့်မားရေးအတွက်ကိုပါ မြှင့်တင်စွမ်းဆောင်ပေးနိုင်မည်ဟု နိုင်ငံတော်အစိုးရက ခံယူထားကြောင်း။

လက်ညှိုးထိုးမလွဲ

ထို့ကြောင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကလိုအပ်ချက်ဖြစ်သည့် စိုက်ပျိုးရေလုံလောက်စွာရရှိရေးအတွက် ရေရရှိရေးအစီအမံအမျိုးမျိုးကို နည်းလမ်းအသွယ်သွယ်ဖြင့် စီစဉ်ဆောင်ရွက်ပေးလျက်ရှိခြင်းကြောင့် ဆည်ကြီးများ၊ ရေလှောင်တမံကြီးများ၊ ရေထိန်းတံခါးကြီးများ၊ အသေးစားနှင့် အလတ်စားဆည်အစုအဖွဲ့များ၊ မြစ်ရေတင်စီမံကိန်းများ၊ မြေအောက်ရေရရှိရေးစီမံကိန်းများသည် နိုင်ငံအနှံ့အပြားတွင် ချက်ချင်းလက်ငင်း ဖန်ဆင်းပေးလိုက်သကဲ့သို့ လက်ညှိုးထိုးမလွဲ ဖြန့်ကြက်ဖြစ်ထွန်းလာနေခြင်းပင်ဖြစ်ကြောင်း။

ယနေ့ဆိုရင် ယခုဖွင့်လှစ်သည့် ပေါင်းလင်းရေလှောင်တမံ အပါအဝင် မိမိတို့နိုင်ငံတော်အစိုးရလက်ထက်ကာလတွင် တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည့် ဆည်တမံပေါင်း ၁၅၈ ခုအထိရှိနေပြီဖြစ်ကြောင်း၊ ဤဆည်တမံ ၁၅၈ ခု တည်ဆောက်ရေးအတွက် နိုင်ငံတော်ဘဏ္ဍာငွေကျပ်သန်းပေါင်း ၆၉၀၀၀ ကျော် ခုနစ်သောင်းနီးပါး ကုန်ကျခဲ့သော်လည်း လယ်မြေ ဧက ၂၁ သန်းကျော်ကို ရေသွင်းစိုက်ပျိုးနိုင်အောင် အကျိုးပြုနိုင်နေပြီဖြစ်ခြင်းကြောင့် နိုင်ငံတော်နှင့်တကွ တောင်သူလယ်သမားကြီးများ၊ ကျေးလက်နေပြည်သူများအတွက် ထိရောက်စွာ အကျိုးဖြစ်ထွန်းစေလျက်ရှိသည်မှာ အမှန်ပင်ဖြစ်ကြောင်း။

ပေါင်းစပ်ဆောင်ရွက်

ထို့ပြင် မိမိတို့နိုင်ငံတော်အစိုးရခေတ်ကာလတွင် ဆည်တမံများတည်ဆောက်ရာ၌ စိုက်ပျိုးရေရရှိရေးသက်သက်အတွက်သာမက အခြေအနေပေးသည့် နေရာဒေသများတွင် ရေအားလျှပ်စစ်စီမံကိန်းကြီးများ ယှဉ်တွဲစီမံဆောင်ရွက်ပေးနေသကဲ့သို့ ပူပြင်းခြောက်သွေ့သော အပူပိုင်းဇုန် နေရာဒေသများအတွက်ပါ ရေဓာတ် အစိုဓာတ်ရရှိရေး၊ စိမ်းလန်းစိုပြည်ရေးနှင့် ရာသီဥတုမှန်ကန်မျှတရေး အစီအမံများ၊ ရေကြီးနစ်မြုပ်ရာဒေသများတွင် ရေထိန်းချုပ်ရေးအစီအမံများ၊ ရေငန်ဝင်ရောက်မှုမှ တားဆီးပေးသည့် အစီအမံများနှင့် မြို့ရေပေးရေး အစီအမံများကိုပါ ပေါင်းစပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထို့ကြောင့်လည်း ယနေ့တည်ဆောက်ပေးခဲ့သည့် ဆည်မြောင်းတာတမံများသည် စိုက်ပျိုးရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းမှုကိုသာမက ပြည်သူများအတွက် စားနပ်ရိက္ခာဖြည့်တင်းပေးနိုင်မှု၊ဒေသဖွံ့ဖြိုးမှုမှတစ်ဆင့် ပြည်သူများ၏ စီးပွားရေးဘဝ၊ လူနေမှုဘဝ တိုးတက်မြင့်မားမှု၊ မြို့ပြဖွံ့ဖြိုးမှု အကျိုးရလဒ်ကောင်းများကိုပါ အဘက်ဘက်က ဖော်ဆောင်ပေးနိုင်လျက်ရှိသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

ငမိုးရိပ်ဆည်ကြီးသည် မိမိတို့အစိုးရလက်ထက် ၁၉၉၅ခုနှစ်တွင် နိုင်ငံတော်အတွင်း ပထမဆုံးနှင့် အကြီးဆုံးဆည်ကြီးတစ်ခုအဖြစ်နှင့် အနည်းငယ်သော ယန္တရားများကိုစုစည်းလျက် မြန်မာအင်ဂျင်နီယာပညာရှင်များ၏စွမ်းပကားသက်သက်ဖြင့် တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် ဆည်ကြီးတစ်ခုလည်း ဖြစ်ကြောင်း၊ ယခုအခါ စစ်ကိုင်းတိုင်းက သဖန်းဆိပ်ဆည်ကြီးအပါအဝင် ကြီးမားသော ဆည်ကြီးများ ထပ်မံပေါ်ထွန်းနေပြီဖြစ်ကြောင်း၊ ဤငမိုးရိပ် ဆည်ကြီးသည် လှည်းကူးမြို့နယ်နှင့် လှည်းကူးနှင့် ရန်ကုန်မြို့တော်အကြား လယ်မြေဧက ၇၀၀၀၀ ကျော်ကို အကျိုးပြုနိုင်ရုံမျှမက ရန်ကုန်မြို့တော်နေ ပြည်သူများအတွက် တစ်နေ့လျှင် ရေဂါလန် သန်း ၉၀ ခန့် ဖြည့်ဆည်းပေးနိုင်နေသည့် ရန်ကုန်မြို့တော်အတွက် အရေးပါဆုံးဆည်ကြီးတစ်ခုလည်းဖြစ်ကြောင်း။

စိုက်ပျိုးရေဖြန့်ဖြူး

ထို့ပြင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ရန်ကုန်မြို့တော်ဝန်းကျင်တွင် ရန်ကုန်မြို့တော်နေပြည်သူများအတွက် ဆန်စပါး၊ သားငါးနှင့် ဟင်းသီးဟင်းရွက် မီးဖိုချောင်သုံးသီးနှံများ စိုက်ပျိုးမွေးမြူထုတ်လုပ်နိုင်သည့် စိုက်ပျိုးရေး မွေးမြူရေး ဇုန်ကြီးများထူထောင်သွားရန် လမ်းညွှန်မှာကြားခဲ့သည်နှင့်အညီ ရန်ကုန်မြို့တော်ပတ်ဝန်းကျင်တွင် ထူထောင်ဆောင်ရွက်နေသည့် စိုက်ပျိုးရေး၊ မွေးမြူရေး စီမံကိန်းလုပ်ငန်းကြီးများအတွက်ပါ ဤငမိုးရိပ်ဆည်ကြီးက စိုက်ပျိုးရေကို တိုးချဲ့ဖြန့်ဖြူးပေးနိုင်လျက်လည်းရှိနေကြောင်း။

တိုင်းပြည်တိုးတက်ရန်ဆိုရာတွင် ကုန်ထုတ်လုပ်ငန်းများ တွင်တွင်ကျယ်ကျယ် ဆောင်ရွက်နိုင်ရေးအတွက် လျှပ်စစ်ဓာတ်အားရရှိရေးနှင့် စိုက်ပျိုးရေအလျှံပယ် ရရှိရေးတို့သည် အဓိကကဏ္ဍကပါဝင်လျက်ရှိနေကြောင်း၊ ထို့ကြောင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနိုင်မည့် ဆည်တမံကြီးများဖြစ်သော ပေါင်းလောင်းဆည်၊ ရဲရွာဆည်၊ မုန်းချောင်းဆည် ရေအားလျှပ်စစ်စီမံကိန်းများ၊ ရွှေလီ၊ရွှေကျင်၊ ကျိုင်းတောင်ရေအား လျှပ်စစ်စီမံကိန်းများအပြင် ပဲခူးရိုးမက စီးဆင်းသည့် မြစ်ချောင်းများမှတစ်ဆင့် ခပေါင်း၊ ဖြူး၊ ရဲနွယ်၊ ကွန်းစသည့် ရေအားလျှပ်စစ်စီမံကိန်းများကိုပါ ငွေကြေးမြောက်မြားစွာ အသုံးပြုပြီး လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ရရှိရေးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့် ၁၉၈၈ခုနှစ် နောက်ပိုင်းကာလ ရေအားလျှပ်စစ်စီမံကိန်း ၂၈ခု တည်ဆောက်ပေးခဲ့ပြီး၊ တည်ဆောက်ဆဲ စီမံကိန်း၁၂ခုပြီးစီးသွားပါက နိုင်ငံတော်အတွက် လျှပ်စစ်ဓာတ်အား အတော်လုံလောက်မှုရှိလာမှာဖြစ်ကြောင်း။

တောင်သူလယ်သမားများ၊ ကျေးလက်နေပြည်သူများအတွက် စိုက်ပျိုးရေရရှိပြီး တစ်နှစ်သုံးသီး စိုက်ပျိုးနိုင်အောင် အကြီးဆုံးဆည်ကြီး ဖြစ်သည့် သဖန်းဆိပ်ဆည်အပါအဝင် ဆည်တမံပေါင်း ၁၅၈ခုကို တည်ဆောက်ပေးခဲ့သည့်အပြင် လျှပ်စစ်မြစ်ရေတင်စီမံကိန်းများ၊ ရေထိန်းတံခါးစီမံကိန်းများကိုပါ ဆောင်ရွက်ပေးခဲ့ခြင်းကြောင့် ယခုဆိုလျှင် မိုးစပါး၊ နွေစပါးအပြင် ပဲအမျိုးမျိုးအပါအဝင် အခြားသီးနှံများကိုပါ တိုးချဲ့စိုက်ပျိုးနိုင်လာသည်ကို တွေ့ရကြောင်း။

ယခုတစ်ဖန် နိုင်ငံတော်အကြီးအကဲက ရန်ကုန်မြို့တော်ဝန်းကျင် မိုင်(၃၀)ပတ်လည်ဒေသများ တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးစီမံဆောင်ရွက်သွားရန် ထပ်မံလမ်းညွှန်ချက်အရ အထူးစီမံကိန်းတစ်ရပ် ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင်လည်း ငမိုးရိပ်ဆည်က ဖြန့်ဝေသည့် စိုက်ပျိုးရေများကို လှည်းကူးနှင့် ရန်ကုန်မြို့တော်အကြား လယ်မြေများကို ပိုမိုတိုးတက်ဖြန့်ဝေသွားရန်အပြင် ငမိုးရိပ်ဆည်ရေများကို တူးမြောင်းများနှင့် သွယ်တန်းသယ်ယူလာပြီး ပဲခူးမြစ်ကိုဖြတ်သန်းတည်ဆောက်နေသည့် ရန်ကုန်–သန်လျင် တံတားအမှတ် (၂)ပေါ်က ပိုက်လိုင်းများဖြင့် သွယ်တန်းဖြတ်ကူးလျက် သန်လျင်၊ ကျောက်တန်းမြို့နယ်များအထိ ဖြန့်ဖြူးသွားရန် ထည့်သွင်းစီမံဆောင်ရွက်လျက်လည်းရှိနေပြီဖြစ်ကြောင်း။

ဆည်ရေစုဆောင်းနိုင်

ယခုကဲ့သို့ အခြေအနေအချိန်အခါမျိုးတွင် ငမိုးရိပ်ဆည်၏ ရေပေးဝေမှုကို ပိုမိုစနစ်ကျပြီး ပိုမိုအကျိုးရှိ ထိရောက်အောင် စီမံဖန်တီးနိုင်စေရန်နှင့် လုံလုံလောက်လောက် ဖြန့်ဖြူးပေးနိုင်စေရန်အတွက် အထောက်အကူပြုပေးမည့် ပေါင်းလင်း (ငမိုးရိပ်ရေကူ) ရေလှောင်တမံကြီးကို ထပ်မံတည်ဆောက်ပေးခဲ့ရာ ယနေ့ အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းသည် ရန်ကုန်တိုင်းအတွင်း သောက်သုံးရေနှင့် စိုက်ပျိုးရေကို ထပ်မံအားဖြည့် ပေးလိုက်ခြင်းဖြစ်ခြင်းကြောင့် ရန်ကုန်တိုင်းအတွင်းက ပြည်သူများအားလုံးအတွက် များစွာအကျိုးပြုနိုင်တော့မှာဖြစ်ကြောင်း၊ ယခုလာမည့်မိုးရာသီတွင် ဆည်ရေစတင် စုဆောင်းထိန်းထားနိုင်တော့မည်ဖြစ်ကြောင်း။

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ပေါင်းလင်း(ငမိုးရိပ်ရေကူ) ရေလှောင်တမံ ရေထိန်းမျှော်စင်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရေအတွက်ပူပင်စရာမရှိ

ယခုဆိုလျှင် ဤပေါင်းလင်းရေလှောင်တမံနှင့် မကြာမီကပြီးစီးခဲ့သည့် မဟူရာရေလှောင်တမံတို့က ငမိုးရိပ်ဆည်ကြီးအတွင်းသို့ ရေကူပေးနိုင်တော့မှာဖြစ်ခြင်းကြောင့် လှည်းကူးမြို့နယ်၊ မှော်ဘီမြို့နယ်နှင့် သန်လျင်မြို့နယ်တို့အတွက် စိုက်ပျိုးရေ အလုံအလောက်ရရှိလာတော့မှာဖြစ်ကြောင်း၊ ထို့အပြင် မိုင် (၃၀) ပတ်လည် စီမံကိန်းအရ မိုးယွန်းကြီးအင်းကတစ်ဆင့် ရေသွယ်ယူပြီး ခရမ်းချောင်းအတွင်း ဖြည့်တင်းပေးသည့်အစီအစဉ်များ ပြီးစီးသွားပါက ယခင်တုန်းက နွေရာသီတွင် လုံးဝစိုက်ပျိုးရေမရရှိခဲ့သည့် ခရမ်း၊သုံးခွ၊သန်လျင်နှင့် ကျောက်တန်းမြို့နယ်များအတွက် နွေရာသီစိုက်ပျိုးရေရရှိလာတော့မှာဖြစ်ခြင်းကြောင့် ရန်ကုန်တိုင်းအတွက် တစ်နှစ်သုံးသီးစိုက်ပျိုးလာနိုင်တော့မှာဖြစ်ကြောင်း၊ ရန်ကုန်မြို့တော်နေ ပြည်သူများအတွက်လည်း ရေအတွက် ပူပင်သောကရောက်စရာ မရှိတော့ကြောင်း ပြောကြားလိုကြောင်း။

စနစ်တကျသုံးစွဲ

ထို့ကြောင့် ငမိုးရိပ်ဆည်ရေ၏ အကျိုးကျေးဇူးကို ရရှိခံစားနေကြရသည့် ကျေးလက်နေပြည်သူများနှင့် တောင်သူလယ်သမားကြီးများ၊ မြို့တော်နေပြည်သူများကလည်း နိုင်ငံတော်အစိုးရ၏ မြင့်မားမွန်မြတ် သော ရည်မှန်းချက်၊ ဖြူစင်သန့်ရှင်းသော စေတနာတို့ကို သိမြင်နားလည်ပြီး တောင်သူလယ်သမားများက ဆည်ရေကို အကျိုးရှိ ထိရောက်စွာ အသုံးပြုရင်း မိမိတို့၏စိုက်ပျိုးရေးလုပ်ငန်းများအောင်မြင်ဖြစ်ထွန်းအောင်၊ မိမိတို့၏လူနေမှုဘဝအဆင့်အတန်းတိုးတက်မြင့်မားအောင် ဝီရိယစိုက်ထုတ်ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် မြို့တော်နေပြည်သူများကလည်း ရေအလေအလွင့်မရှိအောင် စနစ်တကျသုံးစွဲကြရန် တစ်ဆက်တည်း မှာကြားလိုကြောင်း။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရအနေဖြင့် တောင်သူလယ်သမားများအပါအဝင် နိုင်ငံသူနိုင်ငံသား တိုင်းရင်းသားပြည်သူများအားလုံး၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စီးပွားရေးလုပ်ငန်းများအောင်မြင်ဖြစ်ထွန်းမှု၊ ပြည်သူအများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဘဝ အဆင့်အတန်း တိုးတက်မြင့်မားမှုတို့ကို ဖန်တီးဖော်ဆောင်ပေးလျက် ရှိသည်ကို အားလုံးအသိအမြင်တွေ့ပဲဖြစ်ကြောင်း၊ ထို့အပြင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများ ရေရှည်တည်တံ့ခိုင်မြဲစေရအောင်နှင့် နောင်အနာဂတ် သားစဉ်မြေးဆက်တိုင်သည်အထိ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အခြေခံကောင်းများ ဆက်လက်ဖြစ်ထွန်းနေစေရအောင် ရည်မှန်းချက်ချမှတ် ဆောင်ရွက်နေသည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကိုလည်း အောင်အောင်မြင်မြင်အကောင်အထည် ဖော်နိုင်အောင် ကြိုးပမ်းလျက်ရှိနေပြီလည်းဖြစ်ကြောင်း။

ထို့ကြောင့် ပြည်ထောင်စုမြန်မာ နိုင်ငံတော်ကြီးနှင့်တကွ မြန်မာနိုင်ငံသူနိုင်ငံသားများအားလုံး၏ အနာဂတ်ခရီးလမ်း ဖြောင့်ဖြူးသာယာစေရေးနှင့် အမျိုးသားရေးအကျိုးစီးပွား အဖြစ်ထွန်းနိုင်ဆုံးလမ်းကြောင်းမှန်ပေါ်တွင် တည့်မတ်ခိုင်မာစွာ ဖွံ့ဖြိုးတိုးတက်စေရေး ဦးတည်ပြီး နိုင်ငံတော်၏မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်စွာအကောင်အထည်ပေါ်ဖြစ်ထွန်းလာစေရအောင် တိုင်းရင်းသားပြည်သူအားလုံးက တစ်စိတ်တည်း တစ်ဝမ်းတည်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ပူးပေါင်းကြိုးပမ်းဆောင်ရွက်သွားကြပါဟု မှာကြားလိုကြောင်း။

စာမျက်နှာ ၄ ကော်လံ ၁

စာမျက်နှာ ၃ မှ

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားစီးပွားရေးဘဝ တိုးပွားခိုင်မာရေးနှင့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် နိုင်ငံတကာအလယ်တွင် ဂုဏ်သိက္ခာရှိရှိ တင့်တယ်ထည်ဝါစွာ ရပ်တည်နိုင်စေရေးတို့အတွက် ပြည်သူများအပိုင်းက လယ်ယာကုန်ထုတ်လုပ်ငန်းများ တိုးတက်မြင့်မားရေး၊ အသားကဏ္ဍတိုးတက် ဖြစ်ထွန်းရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ စနစ်တကျဖော်ဆောင်ကြရန် တိုက်တွန်းလိုကြောင်း၊ ထို့ပြင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူများ၏ လူနေမှုဘဝ၊ စီးပွားရေးဘဝ တိုးတက်မြင့်မားရေးအတွက် နိုင်ငံတော်၏ ဦးဆောင်မှုအောက်တွင် ကျရာတာဝန်ကို ဦးလည်မသုန်ထမ်းရွက်ကြပါဟု တိုက်တွန်းပြောကြားသွားသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌွန့်တင်က ရှင်းလင်းပြောကြားရာတွင် နိုင်ငံတော်အစိုးရသည် တိုင်းပြည်၏စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုရအောင် လုပ်ဆောင်ပေးရာတွင် အရင်းအမြစ်စွမ်းအားစုကြီးတစ်ခုအဖြစ်ဖြင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍကို မဏ္ဍိုင်ပြုပြီး လယ်ယာကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးစည်ပင်လာရေးအတွက် အရေးပါသော ရေရရှိရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းအကျိုးခံစားရအောင် အကောင်အထည်ဖော် ဆောင်ရွက်ပေးနေကြောင်း၊ ကွဲပြားခြားနားသော ရေမြေအခြေခံများအလိုက် နိုင်ငံ၏အထက်ပိုင်း၊ အလယ်ပိုင်း၊ အောက်ပိုင်းဒေသအသီးသီး၌ ဆည်တမံ မြစ်ရေတင်စီမံကိန်းများဖြင့် ဖြည့်ဆည်းလုပ်ကိုင်ပေးခဲ့ကြောင်း။

ဘက်စုံစီမံကိန်း

ထို့ကြောင်းလည်း ဤဒေသကဲ့သို့ မိုးများသည့် အောက်ပြည်အောက်ရပ်အတွက် မိုးပြတ်သည့် ဆောင်းနှင့် နွေကာလပတ်လုံးတွင် သီးထပ်သီးညှပ်များ တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရအောင် ငမိုးရိပ်ရေလှောင်တမံကြီးကို ၁၉၉၅ ခုနှစ်က သီးနှံစိုက်ပျိုးရေး၊ မြို့သောက်သုံးရေပေးဝေရေး ဘက်စုံစီမံကိန်းအဖြစ်ဖြင့် အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ကြောင်း။

ဒေသနေပြည်သူများသိရှိကြသည့်အတိုင်း ငမိုးရိပ်ချောင်း၏ ရေစီးအားသည် လက်ရှိအနေအထားတွင် ရေဧကပေ လေးသိန်းကို ရေလှောင်တမံ၏ ရေပိုလွှဲက ထုတ်လွှတ်ပေးနေရသည့်အလျောက် ဤရေစီးရေလာကို အကျိုးအရှိဆုံး အသုံးချနိုင်ရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့် ယခုကဲ့သို့ ပေါင်းလင်းရေလှောင်တမံကို ငမိုးရိပ်တမံရေကူရန်အတွက် မဟူရာတမံနှင့် ယှဉ်တွဲတည်ဆောက်လုပ်ကိုင်ခဲ့ခြင်းဖြစ်ကြောင်း။

ထို့ကြောင့် ၂၀၀၃ ခုနှစ် ဇွန်လက စတင်အကောင်အထည်ဖော်ခဲ့သည့် ပေါင်းလင်းရေလှောင်တမံသည် မဟူရာရေလှောင်တမံနှင့် ယှဉ်တွဲပြီး ရန်ကုန်တိုင်းအတွင်း သီးနှံစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်အောင် ငမိုးရိပ်နှင့်အတူ ရေကူစီမံပေး နိုင်တော့မည့်အပြင် နိုင်ငံတော်က အကောင်အထည်ဖော်နေသည့် မြို့တော်ဝန်းကျင် မိုင် ၃၀ ပတ်လည် စိမ်းလန်းစိုပြည်ရေး စီမံကိန်းကြီး အောင်မြင်ရေးအတွက်ကိုပါ အားပြုရမည့် လက်နက်ကောင်းတစ်ခုအဖြစ် အသုံးချသွားနိုင်တော့မှာဖြစ်ကြောင်း။

ဦးဆောင်လမ်းပြ

နိုင်ငံတော်အနေဖြင့် တောင်သူလယ်သမားကြီးများ မိရိုးဖလာ အသက်မွေးစိုက်ပျိုးထုတ်လုပ်မှုဘဝကနေ အောင်မြင်ကြီးပွားသည့် စီးပွားဖြစ်လုပ်ငန်းပိုင်ရှင်ကြီးများဖြစ်လာအောင် ရေရရှိရေး၊ ရေဘေးကာကွယ်ရေးလုပ်ငန်းများဖြင့် အကောင်အထည်ဖော်ပေးနေသကဲ့သို့ မိမိတို့လက်ဝယ်မှာရှိသည့် မြေသယံဇာတများ တိုးချဲ့စိုက်ပျိုးပြီး သီးထပ်သီးညှပ်စိုက်ခင်းကြီးများဖြစ်လာအောင်၊ သမားရိုးကျလက်မှုလယ်ယာဘဝကနေ အချိန်နှင့် လုပ်အားကို အကျိုးရှိဆုံးအသုံးချနိုင်မည့် စက်မှုလယ်ယာကုန်ထုတ်လုပ်ငန်းများဖြစ်လာအောင်၊ ခေတ်မီသည့် နည်းပညာအတတ်ပညာများ အသုံးချပြီး အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်းသီးနှံများ တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်အောင် ဦးဆောင်လမ်းပြဖြည့်ဆည်းဆောင်ရွက်နေသည်ကိုလည်း သိမြင်ကြပြီးဖြစ်ကြောင်း။

ထို့ကြောင့် ဒေသခံတောင်သူလယ်သမားကြီးများအနေဖြင့် မိမိတို့စီးပွားရေးဘဝသာမက နိုင်ငံ၏တိုးတက်ဖြစ်ထွန်းမှုအတွက်ကိုပါ မျှော်ကိုးပြီး မိမိတို့နှင့် လက်ပွန်းတတီးရှိနေသည့် လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် နိုင်ငံတော်က အားထားဆောင်ရွက်နေသည့် ဆန်စပါး၊ အစေ့ထုတ်ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ဝါ၊ ကြံသီးနှံများ အရည်အသွေးနှင့် အထွက်နှုန်းကောင်း ထွက်ကုန်များ ထုတ်လုပ်နိုင်ရေး၊ သမားရိုးကျ တစ်မည်ကောင်း၊ နှစ်မည်ကောင်း လယ်ယာပို့ကုန်များ ထုတ်လုပ်တင်ပို့နိုင်မှုက ပို့ကုန်အမည်သစ် (အမည်သစ်)များဖြစ်သည့် နှစ်ရှည်နှင့် ဥယျာဉ်ခြံသီးနှံ ထွက်ကုန်များ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် ဖန်တီးလုပ်ကိုင်ကြပြီး ဆန်စပါး ပိုလျှံရေး၊ ပြည်တွင်းစားသုံးဆီဖူလုံရေး၊ ပြည်ပပို့ကုန် ပဲမျိုးစုံနှင့် စက်မှုကုန်ကြမ်း သီးနှံများ တိုးတက်ထုတ်လုပ်ရေး ရည်မှန်းချက်များကို မျက်ခြည်ပြတ်မခံဘဲ ကြိုးပမ်းအားထည့်ဆောင်ရွက်ကြရန် အခါအခွင့်သင့်၍ တိုက်တွန်းမှာကြားလိုကြောင်း။

တစ်ဖက်ကလည်း မြန်မာ့လယ်ယာစီးပွားရေးလုပ်ငန်းကြီးမှာ အမာခံဒေသတစ်ခုအဖြစ်နဲ့ ရပ်တည်နေတဲ့ ရန်ကုန်တိုင်းအနေနဲ့ ဒေသရဲ့ ရေခံမြေခံကောင်းတွေကို အသုံးချပြီး စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းမှာ သီးနှံစိုက်စွမ်းအား ၁၃၃ ရာခိုင်နှုန်းအထိ ဆောင်ရွက်နိုင်တဲ့ အစဉ်အလာကောင်းတွေကို ထိန်းသိမ်းမြှင့်တင်ရင်း မိမိတို့ရဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက်သာမက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကိုပါ ပိုမိုဖြည့်စွမ်းပေးနိုင်လိမ့်မည်လို့လည်း အားထားမိပါတယ်။

ယခု ပေါင်းလင်းရေလှောင်တမံကို ရေဧက ပေ တစ်သိန်းနှစ်သောင်းခန့် သိုလှောင်နိုင်အောင် တည်ဆောက်ထားခြင်းဖြစ်ကြောင်း၊ ရေလှောင်တမံသည် တမံအမြင့်ပေ ၁၀၀နှင့် ပင်မတမံနှင့် ကုန်းကြောတမံအပါအဝင် တမံအလျား ၂၂၃၅ ပေရှိကြောင်း။

မှတ်တမ်းတင်ဂုဏ်ပြု

နိုင်ငံတော်က ငွေကျပ် ၄၆၇ သန်း ရင်းနှီးမြှုပ်နှံကျခံပြီး တစ်နှစ်တာကာလအတွင်းပြီးစီးအောင် အကောင်အထည်ဖော်ခဲ့ရာတွင် လုပ်ငန်းများ အချိန်မီပြီးစီးအောင် ကြိုးပမ်းစီမံကြီးကြပ်ပေးသည့် ဒေသအာဏာပိုင်အဖွဲ့အစည်းက တာဝန်ရှိသူများနှင့် တည်ဆောက်လုပ်ကိုင်ခဲ့ကြသည့် ဆည်မြောင်းဦးစီးဌာနက ဝန်ထမ်းများအား အထူးကျေးဇူးတင်ရှိပြီး မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း ပြောကြားလိုကြောင်း။

တစ်ဆက်တည်းမှာပင် ရေလှောင်တမံကြီးကို ရေရှည်တည်တံ့ သုံးစွဲနိုင်ရေးအတွက် ရေလှောင်တမံတွင် ရေစီးဝင်မှုကောင်းအောင် ရေဝင်ရေလဲများကောင်းအောင် ထိန်းသိမ်းစောင့်ရှောက်သွားကြရန်လည်း မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေကပြောကြားရာတွင် ယခုအခါ ရန်ကုန်မြို့တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၏မိုင် ၃၀ ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးအတွက် မိုးစပါး၊ နွေစပါး၊ ပဲမျိုးစုံ၊ ဆောင်းသီးနှံ၊ ဟင်းသီးဟင်းရွက်နှင့် စီးပွားဖြစ်အပင်များကို ကွက်လပ်မကျန် စိုက်ပျိုးလျက်ရှိရာ အဓိကလိုအပ်ချက်ဖြစ်သည့် ရေရရှိရေးကို ငမိုးရိပ်ရေလှောင်တမံက အထောက်အကူပြုနေခြင်းဖြစ်ကြောင်း၊ လက်ရှိအားဖြင့် ငမိုးရိပ်ရေလှောင်တမံ၏ရေလှောင်ပမာဏ ဧကပေ ၁၈၀၀၀၀ ဖြင့် ရေပေးဝေခဲ့ရာမှ ပေါင်းလင်းရေလှောင်တမံ၏ သိုလှောင်ရေဧကပေ ၁၁၉၂၀၀နှင့် မဟူရာရေလှောင်တမံ၏ သိုလှောင်ရေဧကပေ ၅၄၀၀၀ နောက်ထပ်တိုးလာမှာဖြစ်သည့်အတွက် ဆည်သုံးဆည်၏ သိုလှောင်ရေဧကပေ ၃၅၃၂၀၀ ကို မိုင် ၃၀ပတ်လည် စိမ်းလန်းစိုပြည်ရေးနှင့် မြို့တော်သောက်သုံးရေရရှိရေးတို့တွင် ပိုမိုတိုးမြှင့် အထောက်အကူပြုနိုင်တော့မှာဖြစ်ကြောင်း။

ထို့အပြင် ငမိုးရိပ်ရေလှောင်တမံမှ တစ်နိုင်တစ်ပိုင် ရေအားလျှပ်စစ် ထုတ်လွှတ်ပြီး ဖောင်ကြီးကျေးရွာ ပတ်ဝန်းကျင်ကိုပါ လျှပ်စစ်မီးအား ဖြည့်ပေးမှာဖြစ်သည့်အတွက် ကျေးဇူးတင်ဝမ်းမြောက်ရပါကြောင်း။

ငမိုးရိပ်တမံ၏ ရေဆင်းဧရိယာများအတွင်းက စီးဝင်ရေပမာဏ စုစုပေါင်းမှာ ဧကပေ ၆၄၀၀၀၀ခန့် ရှိခြင်းကြောင့် မိုးရာသီတွင် ငမိုးရိပ်တမံ၏ သိုလှောင်နိုင်သည့် ပမာဏထက် ပိုလျှံရေများကို ရေပိုလွှဲကတစ်ဆင့် ထုတ်လွှတ်ထားခဲ့ရကြောင်း၊ ထိုသို့ထုတ်လွှတ်လိုက်ရသည့် ရေများနှင့် ဒေသအတွင်း ရွာသွန်းသည့် မိုးရေများကြောင့် လှည်းကူးမြို့နယ် အနိမ့်ပိုင်းများဖြစ်သည့် ဘားလားဒေသ၊ ရေတလဘောင်၊ ကုန်းတလဘောင်စသည့်ဒေသများသည် ရေကြီးကွင်း၊ ရေနက်ကွင်းဒေသများ ဖြစ်နေကြောင်း။

ဘားလားဒေသတွင် ရေနုတ်မြောင်းများနှင့် ဆင်ဖုံရေတံခါးက ရေထုတ်နုတ်သော်လည်း ဒေသအတွင်း မိုးသည်းထန်စွာ ရွာသည့်အချိန်နှင့် ဒီရေထသည့်ရက်များတွင် ရေကြီးမှုများ ဖြစ်ပေါ်လေ့ရှိကြောင်း။

ရေတော်မိုးတော်စပါး

ယခုကဲ့သို့ ပေါင်းလင်း ရေလှောင်တမံနှင့် မဟူရာရေလှောင်တမံများ တည်ဆောက်လိုက်သည့်အတွက် မိုးတွင်းကာလ၊ ငမိုးရိပ်တမံရေပိုလွှဲက ထုတ်လွှတ်ရမည့် ရေများကို ထိန်းထားနိုင်ပြီဖြစ်၍ ရေကြီးကွင်း၊ ရေနက်ကွင်းဖြစ်နေသည့် ဘားလားဒေသ၊ ရေတလဘောင်၊ ကုန်းတလဘောင် စသည့် ဒေသများက ဧရိယာ ၉၈၇၆ ဧကမှာ ရေတော်မိုးတော်စပါးခင်းများ ဖြစ်လာတော့မှာဖြစ်ကြောင်း။

မိုးတွင်းကာလတွင် ယခုကဲ့သို့ ရေဘေးကာကွယ်သည့် အကျိုးကျေးဇူးများခံစားရရှိနိုင်သလို၊ မိုးနှောင်းသီးနှံများ အောင်ရေလိုလျှင်လည်း ပြည့်ပြည့်ဝဝပေးနိုင်မည့်အပြင် ယခုရန်ကုန်တိုင်းက အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေသည့် မိုင် ၃၀ ပတ်လည် တစ်နှစ်ပတ်လုံးစိမ်းလန်းစိုပြည်ရေးအနေဖြင့် မိုးစပါး၊ နွေစပါး၊ ပဲမျိုးစုံ၊ ဆောင်းသီးနှံ၊ ဟင်းသီးဟင်းရွက်၊ စီးပွားဖြစ်အပင်များကိုလည်း တိုးချဲ့ စိုက်ပျိုးနိုင်ခြင်း၊ အပြည့်အဝ ရေပေးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများလည်း ရရှိတော့မှာဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍအခြေခံသော စီးပွားရေးဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးရေး၏ အခြေခံလိုအပ်ချက်ဖြစ်သည့် စိုက်ပျိုးရေဖူလုံစွာရရှိအောင် ဆည်မြောင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် တည်ဆောက်ပေးနေသည်မှာ တစ်နိုင်ငံလုံးအနှံ့အပြားဖြစ်ကြောင်း။

ရန်ကုန်တိုင်းတွင် ဘန့်ဘွေးကုန်း၊ ဇာမဏီ၊ သီလဝါ၊ ကိုကိုးကျွန်း၊ တောင်လုံးမြှောင်၊ လဂွမ်းပြင်၊ အလိုင်နီ၊ ကလီထော်၊ တဘူးလှ၊ ငမိုးရိပ်၊ မဟူရာ၊ ပေါင်းလင်းအစရှိသည့်တမံများ တည်ဆောက်ပြီးဖြစ်သကဲ့သို့ ရေတံခါးများအနေဖြင့်လည်း ငှက်ပျောတော၊ ရှမ်းတဲကြီး၊ ဆင်ဖုံ၊ မလစ်၊ မြောက်ဥက္ကလာပ၊ ချောင်းညီအစ်ကို၊ ခုနစ်အိမ်တန်း၊ ကွမ်းခြံကုန်း၊ ရခိုင်ချောင်း၊ ပန်းတိုင်၊ စန္ဒယော်၊ မင်္ဂလာ၊ ထိုးဝါးရေတံခါးကြီးများကိုလည်း တည်ဆောက်ပေးပြီးဖြစ်ကြောင်း။

စတင်ဆောင်ရွက်

ထို့ပြင် ငမိုးရိပ်ရေလှောင်တမံ ပိုလျှံ ရေများကို အကျိုးရှိစွာအသုံးပြုနိုင်ရေးအတွက်လည်း ငမိုးရိပ်ရေထိန်းတံခါးကြီးကို တည်ဆောက်နေပြီဖြစ်ကြောင်း၊ ထူးခြားချက်မှာ ငမိုးရိပ် ပိုလျှံရေများကို သန်လျင်၊ သုံးခွ၊ ကျောက်တန်းမြို့နယ်များသို့ စိုက်ပျိုးရေ ရရှိရေးအတွက်လည်း အမှတ်(၂) သန်လျင်တံတားပေါ်မှတစ်ဆင့်ရေသွယ် ပိုက်လိုင်းများဖြင့် ရေပေးဝေရန်စတင် အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း။

ထို့အပြင် ရန်ကုန်တိုင်းအတွင်းတွင် ရေမြေသယံဇာတရရှိနိုင်မှု အခြေအနေကောင်းမွန်သည့်အတွက် ရေလှောင်တမံ၊ ရေထိန်းတံခါးများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ကြောင်းကိုလည်းတင်ပြလိုကြောင်း။

ယခုကဲ့သို့ မိုးသီးနှံအောင်ရေ သေချာမှုရှိရေး၊ နွေရာသီ သီးနှံစိုက်ပျိုးရေးအတွက် ရေလှောင်တမံ၊ ရေထိန်းတံခါးများ တည်ဆောက်ပေးခြင်းမှာ ဒေသအတွက်များစွာ အကျိုးရှိရာ ဒေသခံပြည်သူလူထုနှင့် တောင်သူများကိုယ်စား တည်ဆောက်အကောင်အထည်ဖော်ပေးသည့် နိုင်ငံတော်အကြီးအကဲနှင့် ခေါင်းဆောင်များနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့ကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသွားသည်။

ထို့နောက် ဒေသခံပြည်သူများ၏ကိုယ်စား လှည်းကူးမြို့နယ်မှ ဒေသခံပြည်သူတစ်ဦးက ငမိုးရိပ်ရေကူဆည်များဖြစ်သည့် မဟူရာဆည်နှင့် ပေါင်းလင်းဆည်နှစ်ခု၏ ရေလှောင်ပမာဏမှာ ဧကပေ ၁၈၀၀၀၀ နီးပါးရှိပြီး ငမိုးရိပ်ဆည်ကြီး၏ ရေလှောင်ပမာဏနီးပါးရှိသဖြင့် လှည်းကူးမြို့နယ်အတွင်း ငမိုးရိပ်ကဲ့သို့သော ဆည်ကြီးတစ်ခု ထပ်မံပေါ်ထွန်းလာသည့် သဘောဖြစ်၍ နိုင်ငံတော်အစိုးရကို ကျေးဇူးတင်ရှိပါကြောင်း ရှင်းလင်းတင်ပြသည်။

ဂုဏ်ပြုဆုချီးမြှင့်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပေါင်းလင်း (ငမိုးရိပ်ရေကူ)ရေလှောင်တမံတည်ဆောက်ရေးတွင် ပါဝင်ခဲ့သော ဆည်မြောင်းဦးစီးဌာနမှ မြို့ပြဝန်ထမ်းများကိုယ်စား ရန်ကုန်တိုင်း ဆည်မြောင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်သိန်းအားလည်းကောင်း၊ စက်မှုဝန်ထမ်းများကိုယ်စား လက်ထောက်ညွှန်ကြားရေးမှူး(စက်မှု)ဦးသန်းဝင်းအားလည်းကောင်း ဂုဏ်ပြုဆုများကို ချီးမြှင့်သည်။

ဆက်လက်၍ ပေါင်းလင်း(ငမိုးရိပ်ရေကူ)ရေလှောင်တမံဖွင့်ပွဲအစီအစဉ်ကို ရေလှောင်တမံထိပ် မင်္ဂလာမုခ်ဦး၌ ကျင်းပရာ ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က စက်ခလုတ်နှိပ်၍ ပေါင်းလင်း (ငမိုးရိပ်ရေကူ)ရေလှောင်တမံ ကမ္ပည်းကျောက်စာတိုင်ကို ဖွင့်လှစ်ပေးသည်။

ပေါင်းလင်းတမံဖွင့်လှစ်

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌွန့်တင်တို့က ဖဲကြိုးဖြတ်၍ ပေါင်းလင်း (ငမိုးရိပ်ရေကူ)ရေလှောင်တမံကို ဖွင့်လှစ်ပေးကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်အပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဝန်ထမ်းများ၊ ကျောင်းသူကျောင်းသားများနှင့်အတူ ဖွင့်ပွဲမုခ်ဦးရှေ့တွင် စုပေါင်းဓာတ်ပုံရိုက်ကြသည်။ *စာမျက်နှာ ၁၄ ကော်လံ ၁*

စုပေါင်းဓာတ်ပုံရိုက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ပေါင်းလင်း (ငမိုးရိပ်ရေကူ) ရေလှောင်တမံ ဖွင့်ပွဲအပြီးတွင် ဖွင့်ပွဲ မုခ်ဦးရှေ့၌ ဒေသခံပြည်သူများနှင့် အတူ စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

အတွင်းရေးမှူး(၁) ရွှေစာရေးရေလှောင်တမံနှင့်ရေအားလျှပ်စစ်စီမံကိန်းနေရာ ကြည့်ရှုစစ်ဆေး
ပြည်သူများလက်တွေ့အကျိုးကျေးဇူးခံစားခွင့်ရရှိရေး ပူးပေါင်းအကောင်အထည်ဖော်ရန်မှာကြား
စီမံကိန်းပြီးစီးပါက ရေအားလျှပ်စစ်မဂ္ဂါဝပ် ၆၆၀ ခန့်ရရှိ၍ ဧက ၁၅၀၀၀၀ ခန့် ရေပေးဝေနိုင်မည်

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း စစ်ကိုင်းတိုင်း ဘုတလင်မြို့နယ်၌ အကောင်အထည်ဖော်မည့် ရွှေစာရေးရေလှောင်တမံနှင့်ရေအားလျှပ်စစ်စီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရန်ကုန် မတ် ၂၂

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ မတ် ၂၀ ရက် မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်း ဘုတလင်မြို့နယ်၌ အကောင်အထည်ဖော်မည့် ရွှေစာရေးရေလှောင်တမံနှင့် ရေအားလျှပ်စစ်စီမံကိန်းသို့ ရဟတ်ယာဉ်ဖြင့်ရောက်ရှိသည်။

အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် စီမံကိန်းဆောင်ရွက်မည့် ရွှေစာရေးကျေးရွာ၏ ချင်းတွင်းမြစ်အနောက်ဘက်ကမ်း ကနီမြို့နယ်ဘက်ခြမ်းသို့ ရောက်ရှိကြရာ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

စီမံကိန်းလုပ်ငန်းကြည့်ရှု

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ချင်းတွင်းမြစ်၏ ရေစီးရေလာအခြေအနေ၊ ရွှေစာရေးကျေးရွာအနီးရှိ မြစ်ကျဉ်းအနေအထား၊ ရွှေစာရေးကျေးရွာနှင့် စီမံကိန်းလုပ်ငန်းဆောင်ရွက်မည့်နေရာများကို ကနီမြို့နယ်ဘက်ခြမ်းရှိ ရှုရပ်မှကြည့်ရှုကြသည်။

ယင်းနောက် ဘုတလင်မြို့နယ် ရွှေစာရေးကျေးရွာဘက်ခြမ်းသို့ ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်က နိုင်ငံအတွင်းရှိ ရေအားလျှပ်စစ်အရင်းအမြစ်များတည်ရှိမှုအခြေအနေ၊ စစ်ကိုင်းတိုင်းအတွင်း တည်ဆောက်ပြီးနှင့် တည်ဆောက်မည့် ရေအားလျှပ်စစ်စီမံကိန်းများ၊ လျှပ်စစ်ဓာတ်အား ပိုမိုထုတ်ယူရရှိရေးအတွက် ကွင်းဆင်းလေ့လာ ဆောင်ရွက်လျက်ရှိသည့် ချင်းတွင်း-ဧရာဝတီဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဆိုင်ရာများ၊ ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် ဆောင်ရွက်လျက်ရှိသည့် ဇလဗေဒနှင့် ဘူမိဗေဒလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်က ချင်းတွင်းမြစ်ကျဉ်းကိုပိတ်၍ တည်ဆောက်သွားမည့် ရွှေစာရေး ရေလှောင်တမံ စီမံကိန်း၏ တည်ဆောက်မှုဆိုင်ရာနည်းလမ်းများ၊ စီမံကိန်း၏ လုပ်ငန်းထုထည်ပမာဏကြီးမားမှုများ၊ စိုက်ပျိုးရေ ပေးဝေနိုင်မည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် အတွင်းရေးမှူး(၁)က ပြည်သူများ လက်တွေ့အကျိုးကျေးဇူးမြန်မြန် ခံစားခွင့်ရရှိအောင် ဆည်မြောင်းဦးစီးဌာနနှင့် ရေအားလျှပ်စစ်ဦးစီးဌာနတို့က ပူးပေါင်း၍ ကြိုးကြိုးစားစား အကောင်အထည်ဖော်ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် ဂျပန်နိုင်ငံ Kansai ကုမ္ပဏီမှ ဒုတိယအထွေထွေမန်နေဂျာ Mr. Yoshizu နှင့် တာဝန်ရှိသူအား သစ်သီးခြင်း လက်ဆောင်ပေးအပ်သည်။

ကြည့်ရှု

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် နေရာကို ကြည့်ရှုကြသည်။

ရွှေစာရေးရေလှောင်တမံ

ချင်းတွင်းမြစ်၏ ရွှေစာရေးမြစ်ကျဉ်းနေရာတွင်ရွှေစာရေးရေလှောင်တမံနှင့် ရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

စီမံကိန်း တည်နေရာမှာ မုံရွာမြို့ မြောက်ဘက် မိုင် ၂၀ ခန့် အကွာ ဘုတလင်မြို့နယ် ရွှေစာရေးကျေးရွာအနီးဖြစ်သည်။

မဂ္ဂါဝပ် ၆၆၀ ရရှိမည်

စီမံကိန်းအရ ချင်းတွင်းမြစ်၏ ရွှေစာရေးမြစ်ကျဉ်းတွင် တမံအမြင့် ပေ ၁၃၀၊ တမံအလျား ပေ ၃၂၈၀ရှိ ကျောက်ဖြည့်တမံ တည်ဆောက်သွားရမည်ဖြစ်သည်။ စီမံကိန်းပြီးစီးပါက ရေအားလျှပ်စစ် မဂ္ဂါဝပ် ၆၆၀ ရရှိမည်ဖြစ်ပြီး စိုက်ပျိုးမြေဧရိယာဧက ၁၅၀၀၀၀ခန့်ကိုအမြင့်မှအနိမ့်သဘာဝရေစီးဆင်းမှုစနစ်ဖြင့် စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်သည်။

စစ်ကိုင်းတိုင်းအတွင်း ကလေးမြို့နယ်ရှိ ဇီးချောင်းရေအားလျှပ်စစ်စီမံကိန်း၊ လဟယ်မြို့နယ်ရှိ လဟယ် ရေအားလျှပ်စစ်စီမံကိန်း၊ ကျွန်းလှမြို့နယ်၌ သဖန်းဆိပ် ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပြီးဖြစ်သည်။ ရရှိပြီးသည့် လျှပ်စစ်ဓာတ်အားမှာ ၃၁ဒသမ၃၁ မဂ္ဂါဝပ်ဖြစ်သည်။

ဆက်လက်တည်ဆောက်မည်

ရွှေစာရေးရေအားလျှပ်စစ်စီမံကိန်း အပါအဝင် ချင်းတွင်းမြစ်ဝှမ်းတစ်လျှောက်၌ ဟုမ္မလင်း ရေအားလျှပ်စစ်စီမံကိန်း၊ ဥရုချောင်း ရေအားလျှပ်စစ်စီမံကိန်း၊ ဘတ်ဗားရေအားလျှပ်စစ်စီမံကိန်း၊ ထမံသီ ရေအားလျှပ်စစ်စီမံကိန်း၊ မော်လိုက်ရေအားလျှပ်စစ်စီမံကိန်း၊ နေရဥ္စရာချောင်း ရေအားလျှပ်စစ်စီမံကိန်း စသည့် ရေအားလျှပ်စစ်စီမံကိန်းများရှိရာ ယင်းစီမံကိန်းများကို စီမံကိန်းအလိုက် အသေးစိတ် လေ့လာတိုင်းတာမှုများပြုလုပ်၍ဖြစ် မြောက်စွမ်းရှိသည်များကို ဆက်လက်တည်ဆောက်သွားမည်ဖြစ်ကြောင်းသိရှိရသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

(အင်္ဂါနေ့)
နံနက်ပိုင်း
၂၃-၃-၂၀၀၄

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနှောဝင်
၇:၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅	၄။	လက်စွမ်းပြဟန်ဂီတသံ
၄:၂၅	၅။	အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၀	၇။	မျိုးချစ်တပ်မတော်
၅:၀၀	၈။	အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Measure of Dispersion (စီးပွားရေး၊ အိမ်တွင်းစီးပွား)
၅:၃၀	၉။	စက်မှုနိုင်ငံဖြစ်ထွန်းဖို့ နိုင်ငံသားတိုင်းကြိုးပမ်းစို့
၅:၄၅	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၁။	မြဝတီရုပ်မြင်သံကြား သတင်း
၆:၁၀	၁၂။	နိုင်ငံတကာသတင်း
၆:၂၀	၁၃။	မိုးလေဝသသတင်း
၆:၂၅	၁၄။	မြန်မာ့ရှုခင်း
၆:၄၀	၁၅။	လျှပ်တစ်ပြက်
၇:၀၀	၁၆။	ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **"အချစ်လေပြည်"** (အပိုင်း-၂၇) ဇာတ်သိမ်းပိုင်း
၈:၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။	လျှပ်တစ်ပြက်
	၂၀။	တိုင်းကျိုးပြည်ပြု တည်ထောင်မှု
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သစ္စာမဏ္ဍိုင်"** (အပိုင်း-၂၆)

အီရတ်ကို မတရားကျူးကျော်သည့် စစ်ပွဲဆင်နွှဲခဲ့သည့် တစ်နှစ်ပြည့်နေ့
နယူးယောက်၊ အေသင်၊ ဆစ်ဒနီနှင့် ပါရီမြို့များ၌ စစ်ဆန့်ကျင်ရေးဆန္ဒပြ

လန်ဒန် မတ် ၂၁

အီရတ်ကို အမေရိကန်နှင့်အပေါင်းပါတို့ မတရားကျူးကျော်သည့် စစ်ပွဲဆင်နွှဲခဲ့သည်မှာစနေနေ့က တစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ အဆိုပါ တစ်နှစ်ပြည့်မြောက်သည့်နေ့တွင် အမေရိကန်နှင့်အပေါင်းပါတို့၏ အီရတ်ကိုတိုက်ခိုက်ခဲ့သော မတရားသောစစ်ကို စစ်ဆန့်ကျင်ရေး ကမ္ဘာ့ပြည်သူများက ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၏ လမ်းမကြီးများတွင် စနေနေ့က စစ်ဆန့်ကျင်ရေးဆန္ဒပြသူ ထောင်ပေါင်းများစွာက အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတို့က ကျူးကျော်ထားမှုအဆုံးသတ်ကြရန် တိုက်တွန်းတောင်းဆို ဆန္ဒပြခဲ့ကြသည်။

ဘုရှ်အစိုးရ၏ အီရတ်မူဝါဒကို ကန့်ကွက်ရန်ဆန္ဒပြသူများသည် စစ်ဆန့်ကျင် ရေး လူထုအစည်းအဝေးကို မြို့လယ်ကောင်ရှိ မင်ဟက်တန်အရပ်၌ စုရုံးကျင်းပကြ ပြီးနောက် မြို့လယ်ကောင်ကိုဖြတ်၍ နှစ်နာရီကြာ ချီတက်ဆန္ဒပြကြသည်။

ဆန္ဒပြသူများသည် 'ကမ္ဘာကြီးက စစ်မဖြစ်ရန်ပြောနေဆဲဖြစ်သည်'ဟု ရေးသားထားသော နဖူးစည်းစာတန်းကိုကိုင်ဆောင်ကာ စစ်မြေပြင်သို့ အမေရိကန် တပ်ဖွဲ့ဝင်များကို အလျင်စလိုစေလွှတ်ခဲ့သည့် သမ္မတဘုရှ်၏ ဆုံးဖြတ်ချက်အား ပြစ်တင်ဝေဖန်ခဲ့ကြပြီး တပ်ဖွဲ့ဝင်များကို ပြန်ခေါ်ရန် တောင်းဆိုခဲ့ကြသည်။

အီရတ်၌သားဖြစ်သူ အသက်ဆုံးရှုံးခဲ့ရသော စစ်ဆန့်ကျင်ရေး အုပ်စုဝင် ဆန္ဒပြသူတစ်ဦးက "ဘုရှ်ကတော့ လိမ်ညာခဲ့သည်။ သေဆုံးရတာကတော့ ကျွန်တော့်သားပဲဖြစ်သည်။ တို့ကလေးတွေကို အခုအိမ်ပြန်ခေါ်ပါ"ဟူ၍ ပြောဆိုသည်။ ဗာဂျီနီးယားပြည်နယ်မှ အထက်တန်းကျောင်းသူတစ်ဦးကလည်း ဘုရှ်အစိုးရသည် စာသင်ကျောင်းများနှင့်ပညာရေးအပေါ် ငွေကြေးပိုသုံးစွဲရန် တောင်းဆိုခဲ့သည်။ ဆရာအများအပြားမှာ ၎င်းတို့၏ ကျောင်းသားများအတွက်ဖတ်စာအုပ်များ လုံလောက်စွာမရှိကြကြောင်း၊ စစ်ပွဲအတွက် ငွေကြေးကို မသုံးစွဲဘဲ ကျောင်းများ၊စာအုပ်များအတွက် အသုံးချရန် သူမက ဟစ်ကြွေးခဲ့သည်။

အလားတူ ဂရိနိုင်ငံအေသင်မြို့တွင် လည်းကောင်း၊ ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့တွင်လည်းကောင်း၊ ပြင်သစ်နိုင်ငံ ပါရီမြို့တွင်လည်းကောင်း၊ အမေရိကန်နှင့် အပေါင်းပါတို့အီရတ်နိုင်ငံကို မတရားတိုက်ခိုက်ခဲ့သည့် ကျူးကျော်စစ်ပွဲကို စနေနေ့က ဆန့်ကျင်ဆန္ဒပြပွဲများ ကျင်းပခဲ့ကြသည်။

အမ်အင်အေ၊ရိုက်တာ

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များ ကျူးကျော်ခဲ့သည့် အီရတ်နိုင်ငံ

အမေရိကန်နှင့်အပေါင်းပါများ ပြောက်ကျားတို့၏ဗုံးခွဲတိုက်ခိုက်မှုကြောင့် သေဆုံးကြရမှုများ

၂၀၀၃ ခုနှစ် မတ်လ ၂၀ ရက်မှစတင်ကာ အမေရိကန်နှင့်အပေါင်းပါတပ်များက အီရတ်နိုင်ငံကို ကျူးကျော်တိုက်ခိုက်ခဲ့သည်။ ထိုသို့ ကျူးကျော်တိုက်ခိုက်ခဲ့ပြီးနောက် အီရတ်နိုင်ငံကို အမေရိကန်တို့ စိတ်တိုင်းကျ ခြယ်လှယ်ကြီးစိုးခဲ့ရာ အီရတ်ပြည်သူတို့က မခံမရပ်နိုင်ဖြစ်ပြီး နည်းလမ်းမျိုးစုံဖြင့် ခုခံတိုက်ခိုက်ခဲ့သဖြင့် အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့များ သေဆုံးမှုအဆက်မပြတ်ဖြစ်ပေါ်လျက်ရှိသည်။ ထိုတိုက်ခိုက်မှုများ၌ ပြောက်ကျားတို့၏ ကားဗုံးခွဲတိုက်ခိုက်မှုများကြောင့် အမေရိကန်နှင့်အပေါင်းပါများ သေဆုံးကြရသည်။

ကြည့်ရှုစစ်ဆေး

မတ် ၂ရက်က ဘဂ္ဂဒက်မြို့တွင် ကားဗုံးခွဲ တိုက်ခိုက်မှုဖြစ်ပွားရာ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ပြီး ပျက်စီးသွားသော မော်တော်ယာဉ်တစ်စီးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်၌အမေရိကန်နှင့်အပေါင်းပါများ ပြောက်ကျားတို့၏ကားဗုံးကြောင့်သေဆုံးကြရ

ရက်စွဲ	နေရာ	သေဆုံးသည့် တပ်ဖွဲ့ဝင်ဦးရေ
၂- ၉-၂၀၀၃	ဘဂ္ဂဒက်	၁
၉-၁၀-၂၀၀၃	ဘဂ္ဂဒက်	၈
၁၂-၁၀-၂၀၀၃	ဘဂ္ဂဒက်	၇
၂၀-၁၁-၂၀၀၃	ကယ်ကွတ်	၄
၂၂-၁၁-၂၀၀၃	ဘာကူဘာ	၉
၂၂-၁၁-၂၀၀၃	လာတစ်ဖီယာ	၁
၂၂-၁၁-၂၀၀၃	ခန်ဘာနီ	၉
၂၇-၁၁-၂၀၀၃	ဘဂ္ဂဒက်	၅
၂၇-၁၁-၂၀၀၃	ဘဂ္ဂဒက်	၈
၂၇-၁၁-၂၀၀၃	ဘဂ္ဂဒက်	၁၂
၂၇-၁၁-၂၀၀၃	ဘဂ္ဂဒက်	၁၅
၈-၁၂-၂၀၀၃	ဘဂ္ဂဒက်	၁
၁၂-၁၂-၂၀၀၃	ဘဂ္ဂဒက်	၁
၂၈-၁၂-၂၀၀၃	ကာဘာလာ	၆
၂၈-၁၂-၂၀၀၃	ဘဂ္ဂဒက်	၂
၂၄- ၁-၂၀၀၄	ဖော်လူဂျာ	၂
၂၅- ၁-၂၀၀၄	ခါဒီယာ	၃
၂၇- ၁-၂၀၀၄	ဘဂ္ဂဒက်	၆
၂- ၂-၂၀၀၄	မိုဆူးလ်	၃
၁၂- ၂-၂၀၀၄	ဘဂ္ဂဒက်	၁
၁၆- ၂-၂၀၀၄	ဘာကူဘာ	၂
၂၀- ၂-၂၀၀၄	ခါလ်ဒီယာ	၂
၂၁- ၂-၂၀၀၄	ဟာဆွာ	၁
၂- ၃-၂၀၀၄	ဘဂ္ဂဒက်	၁
၉- ၃-၂၀၀၄	ဘာကူဘာ	၁
	စုစုပေါင်း	၁၁၁

ဖေဖော်ဝါရီ ၂၆ ရက်က ဘာကူဘာမြို့တွင် ကားဗုံးခွဲ တိုက်ခိုက်မှုဖြစ်ရာ ပျက်စီးသွားသော ကားတစ်စီးကိုတွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဖေဖော်ဝါရီ ၂၃ရက်က ကယ်ကွတ်မြို့ ရဲစခန်းတစ်ခုအား ကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားပြီး ပျက်စီးသွားသော မော်တော်ယာဉ်တစ်စီးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဖေဖော်ဝါရီ ၁၉ရက်က အီရတ်နိုင်ငံ ဟီလာမြို့ရှိ ပိုလန်အခြေစိုက်စခန်းကို ကားဗုံးခွဲ တိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် ပျက်စီးသွားသော အဆောက်အအုံကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မတ် ၃ ရက်က ဘာဆာရာမြို့တွင် ကားဗုံးခွဲ တိုက်ခိုက်မှုဖြစ်ပွားရာ ပျက်စီးသွားသော ကားတစ်စီးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများလက်တွဲ၍ ဆောင်ရွက်ခဲ့သည့် နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများ

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို



နိုင်ငံတစ်ဝန်း တည်ဆောက်ပြီးလမ်းများ

အကြောင်းအရာ	၁၉၈၈	၂၀၀၄
ကတ္တရာလမ်း (မိုင်)	၅၅၄၃	၈၃၉၈
ကျောက်ချောလမ်း (မိုင်)	၁၅၆၉	၃၁၉၄
တံတား(ပေ၁၈၀အထက်)	၁၆	၁၆၈
ရထားသံလမ်း(မိုင်)	၂၇၉၃	၃၉၀၆
ဖောက်လုပ်ဆဲရထားလမ်းမိုင်	–	၁၄၅
ဆောင်ရွက်ဆဲရထားလမ်းမိုင်	–	၅၁၅

ရထားလမ်းဖောက်လုပ်ရေးလုပ်ငန်းခွင်မှ တပ်မတော်သားများကို ရုပ်ရှင်/ဂီတ အနုပညာရှင်များက ဤသို့ လာရောက်အားပေးဖျော်ဖြေခဲ့ကြသည်။

အမှတ် (၃၃) ခြေမြန်တပ်မဌာနချုပ်မှ တပ်မတော်သားများ ဖောက်လုပ်ခဲ့သည့် အောင်လံ–ကေရာဇ် ရထားလမ်း

ပါဝင်ဖောက်လုပ်သည့် တပ်မတော်သားအင်အား	–	၃၆၈၉
စက်ယန္တရားအင်အား	–	၃၄
မြေသားလုပ်ငန်းပြီးစီးမှုကျင်းပေါင်း	–	၈၇၃၀၆၂
ဖောက်လုပ်ပြီးစီးခဲ့သည့် ရထားလမ်းမိုင်	–	၁၇၃ဒသမ၂ မိုင်
ဖောက်လုပ်ခဲ့သည့်အချိန်ကာလ	–	၆ လ
ဖောက်လုပ်ခဲ့သည့်ခုနှစ်	–	၁၉၉၆ ခုနှစ်

လမ်းအပိုင်းများ– အောင်လံ–မိုးကောင်း၊ မိုးကောင်း–သာယာကုန်း၊ သာယာကုန်း–ကေရာဇ်

အောင်လံ–ကေရာဇ်ရထားလမ်းဖောက်လုပ်ရေးလုပ်ငန်းခွင်မှ တပ်မတော်သားများ ကျောက်ထုတ်ထုခွဲခြင်းလုပ်ငန်းများ ဆောင်ရွက်နေကြစဉ်။

အောင်လံ–ကေရာဇ်ရထားလမ်းဖောက်လုပ်ရေးလုပ်ငန်းခွင်မှ တပ်မတော်သားများ သံလမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေကြစဉ်။

ခေတ်အဆက်ဆက် ပြည်သူ့အတွက် တပ်မတော်

၁၉၈၈ခုနှစ် စက်တင်ဘာလ ၁၈ရက်နေ့မှစ၍ နိုင်ငံတော်အာဏာကို ကာကွယ်စောင့်ရှောက်ပြီး တာဝန်ယူဦးဆောင်ခဲ့သော တပ်မတော်သည် ယနေ့ကာလတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများကို အချိန်နှင့် တစ်ပြေးညီ အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို လည်းကောင်း၊ ပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးကိုလည်းကောင်း၊ နိုင်ငံတော်၏ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှု အဆင့်အတန်းများ မြင့်မားရေးကိုလည်းကောင်း ကြိုးပမ်း ဆောင်ရွက်ခဲ့ ဆောင်ရွက်ဆဲဖြစ်သည်။

မျက်မှောက်ကာလ မြန်မာနိုင်ငံတော်၏ သမိုင်းခေတ်တွင် မည်သည့် ခေတ်ကာလကမျှ မရရှိခဲ့သော ငြိမ်းချမ်းမှုကို ရရှိခဲ့သည်။ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း (၁၇)ဖွဲ့နှင့် ငြိမ်းချမ်းရေးရယူနိုင်ခဲ့သဖြင့် နိုင်ငံနှင့်အဝန်း တည်ငြိမ်အေးချမ်းမှု ရရှိလာခဲ့သည်။ နိုင်ငံတော်တည်ငြိမ် အေးချမ်းမှုနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုတို့သည် ဒီမိုကရေစီ ဖြစ်ထွန်းလာရေးအတွက် ရေခံမြေခံကောင်း၊ ပတ်ဝန်းကျင်ကောင်းများ ဖြစ်သည်။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သော စည်းကမ်း ပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကို တည်ဆောက်ရန် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ခဲ့ရာ နိုင်ငံတော်နှင့် အဝန်း ပြည်သူတစ်ရပ်လုံးက ကြိုဆိုထောက်ခံခဲ့ကြသည်။

သို့သော်လည်း မြန်မာနိုင်ငံနှင့် မြန်မာပြည်သူတို့၏ပကတိအခြေ အနေမှန်ကို မျက်ကွယ်ပြုပြီး အဆိုးမြင်ဝါဒများ လွှမ်းမိုးနေကြသည့် နိုင်ငံတကာ နယ်ချဲ့ကိုလိုနီ လက်သစ်များနှင့် ယင်းတို့၏ သြဇာခံ ပြည်တွင်း ပြည်ပအဖျက်သမားများက လုပ်ကြံဖန်တီးသော သတင်းများ၊ ပုတ်ခတ်စွပ်စွဲမှုများကို ပြည်ပအသံလွှင့်ဌာနများဖြစ်သည့် ဘီဘီစီ၊ ဗွီအိုအေ၊ အာရ်အက်ဖ်အေ၊ ဒီဗွီဘီတို့က နေ့စဉ်နှင့်အမျှ ထုတ်လွှင့် လျက်ရှိသည်။

ယင်းတို့ ထုတ်လွှင့်နေသော အကြောင်းအရာများ၊ ပုတ်ခတ်စွပ်စွဲမှု များအား အနှစ်ချုပ်လိုက်ပါက တပ်မတော်သည် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို ဖျက်ဆီးနေသည်ဟူ၍လည်းကောင်း၊ မြန်မာနိုင်ငံတွင် နိုင်ငံရေး အကျပ်အတည်းဖြစ်နေသည်ဟူ၍ လည်းကောင်း၊ အဓမ္မလုပ်အား ပေးမှုများကို ကျူးလွန်နေပြီး အမျိုးသမီးငယ်များကလည်း စီးပွားရေး ကျပ်တည်းသဖြင့် မကောင်းသောအသက်မွေးမှုဖြင့် အသက်မွေး နေကြရ သည်ဟူ၍ လည်းကောင်း၊ မူးယစ်ဆေးဝါးများကို မြန်မာနိုင်ငံက အများအပြား ထုတ်လုပ်ရောင်းချခြင်းကို အားပေးနေသည်ဟူ၍လည်း ကောင်း အခြေအမြစ်မဲ့စွာ စွပ်စွဲပုတ်ခတ် ထုတ်လွှင့်ခဲ့ကြသည်။

တပ်မတော်သည် နိုင်ငံတော်နှင့် ပြည်သူအကျိုး သယ်ပိုးခဲ့ရာ အောင်မြင်မှုရလာသည်နှင့်အမျှ မနာလိုမရှုဆိတ်သော နယ်ချဲ့ဝါဒီများနှင့် ပြည်ပအသံလွှင့်ဌာနအချို့က တပ်မတော်အစိုးရကို 'စစ်အစိုးရ၊ စစ် အစိုးရ'ဟူ၍ လေသံမာမာဖြင့် ပြောဆိုလာပြီး မဟုတ်မဟတ် လုပ်ဇာတ် သတင်းများကို ထုတ်လွှင့်လာကြသည်။

တပ်မတော်သည် ၁၉၈၈ခုနှစ်က နိုင်ငံတော်လွတ်လပ်ရေးဆုံးရှုံးရ တော့မည့်အန္တရာယ်မှ ကာကွယ်ခဲ့ပြီး နိုင်ငံတော်ကို ဆက်လက်တာဝန် ယူခဲ့သော်လည်း နိုင်ငံတော်ကို စီမံအုပ်ချုပ်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများဖြင့်သာ စီမံအုပ်ချုပ်ခဲ့သည်။ "စစ်အစိုးရ" ဟု ဆိုရလေအောင် တပ်မတော်အစိုးရသည် မာရှယ်လော ခေါ် စစ်ဥပဒေကို တစ်ကြိမ်တစ်ခါမျှ မသုံးခဲ့ချေ။ နယ်ချဲ့ဝါဒီများ၏ လုပ်ဇာတ်ကြောင့် မြန်မာနိုင်ငံသို့ ပြည်ပဧည့်သည်အချို့ လာရောက် ရန် စိုးရွံ့ခဲ့ကြပြီး တကယ်တမ်း လာရောက်သောအခါ ၎င်းတို့အား နိုင်ငံ့ခေါင်းဆောင်များနှင့် ပြည်သူများက လှိုက်လှဲ ပျူငှာစွာ ကြိုဆို ဧည့်ခံပြီး ညင်သာ ပျော့ပျောင်းစွာ လက်ခံတွေ့ဆုံ ပြောဆိုဆက်ဆံ ခဲ့သဖြင့် ၎င်းတို့၏ အကြားနှင့် အမြင်သည် တက်တက်စင်အောင် လွဲခဲ့ရသည်ချည်းဖြစ်သည်။

နိုင်ငံတော်၏ ပကတိဖြစ်ပေါ်တိုးတက်မှုများအနက် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး မြင်ကွင်းအလှ တစ်ခုဖြစ်သည့် လောက်ကိုင်မြို့ ရှုခင်းပသာဒကို ဤသို့ တွေ့ရသည်။



စင်စစ်ယင်းသို့လုပ်ကြံပုတ်ခတ် စွပ်စွဲထုတ်လွှင့်နေခြင်း၏အကြောင်း ရင်းခံမှာ တပ်မတော်အစိုးရအား ဖယ်ရှားပြီး ယင်းတို့၏ သြဇာခံ များ နိုင်ငံတော်အာဏာရယူနိုင်ရေး နှင့် မြန်မာနိုင်ငံအား သြဇာခံ အခြွေအရံ နိုင်ငံအဖြစ် သိမ်းသွင်း နိုင်ရေးကို နိုင်ငံတကာ နယ်ချဲ့ ကိုလိုနီ လက်သစ်များနှင့် သြဇာခံ ပြည်တွင်းပြည်ပ အဖျက်သမား များတို့က ပူးပေါင်းကြိုးပမ်းလုပ်ကြံ နေခြင်းဖြစ်သည်။ နိုင်ငံတကာ နယ်ချဲ့ ကိုလိုနီလက်သစ်များက ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို အကြောင်းပြပြီး နိုင်ငံတကာ နယ်ပယ်တွင် ဝင်ရောက်စွက်ဖက် ကျူးကျော်မှုများကို ကျူးလွန်လျက် ရှိသည်မှာလည်း အထင်အရှား လေ့လာသိမြင်နေရသည်။ ယင်းတို့၏ စွက်ဖက်ကျူးကျော်မှုများကြောင့် သက်ဆိုင်ရာနိုင်ငံနှင့် နိုင်ငံသား ပြည်သူတို့၏ ဘဝများသည် အမှန်တကယ်အေးချမ်းတည်ငြိမ်လာ သလား၊ ဒီမိုကရေစီနှင့်လူ့အခွင့်အရေးများ ခံစားရရှိလာသလား၊ လူမှု စီးပွားဘဝဖွံ့ဖြိုးတိုးတက်လာသလားဟူသော မေးခွန်းများအား နိုင်ငံတကာ သတင်းစာမျက်နှာများက ဖြေကြားလျက်ရှိပြီးဖြစ်သည်။

ဆိုရလျှင် ၁၉၈၈ခုနှစ် မင်းမဲ့စရိုက်သောင်းကျန်းမှုများကို တပ်မတော် က အရေးယူရှင်းလင်းပြီး နိုင်ငံတော်ကို တာဝန်ယူဦးဆောင်လိုက်ခြင်းသည် အမျိုးသားရေးတာဝန်အရ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမပြိုကွဲရေး၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်လိုက်ခြင်းဖြစ်သည်။

တပ်မတော်သည် နိုင်ငံ့လွတ်လပ်ရေးကို အသက်သွေးချွေးများစွာ ပေးဆက်၍ ရယူခဲ့ရသည်။ လွတ်လပ်ရေးကို လွယ်လွယ်ကူကူနှင့် ရခဲ့ ခြင်းမဟုတ်ပေ။ ထို့ကြောင့် လွတ်လပ်ရေးကိုလည်း မည်သည့်အကြောင်း ကိစ္စနှင့်မျှ ပြန်လည်အဆုံးအရှုံးမခံနိုင်ချေ။ တပ်မတော်သည် ပြည်သူ နှင့် လက်တွဲ၍ လွတ်လပ်ရေးကို အသက်ပေးပြီး ဆက်လက်ကာကွယ် ထိန်းသိမ်းစောင့်ရှောက်သွားမည်ဖြစ်သည်။ တပ်မတော်သားများသည် ပြည်သူမှဖွားသော ပြည်သူတို့၏ ရင်နှစ်သည်းချာ သားကောင်းရတနာ များ ဖြစ်ကြသည်။ တပ်မတော်ကို ပြည်သူတို့၏ သားသမီးများဖြင့်သာ ဖွဲ့စည်းထားခြင်းဖြစ်သည်။ တပ်မတော်သည် မိဘပြည်သူတို့၏ အကျိုး ကိုသာ ထာဝစဉ်သယ်ပိုးသွားမည်ဖြစ်သည်။ မြန်မာ့တပ်မတော်သည်

ပြည်သူချစ်သောတပ်မေ

ကြေးစားတပ်မတော်မဟုတ်ချေ။ မည်သည့်နိုင်ငံ၊ မည်သည့်အဖွဲ့အစည်း၏ သြဇာခံလည်းမဟုတ်ချေ။ တပ်မတော်သည် အစဉ်အလာ (၁၂)ရပ်၊ တပ်မတော် အား(၁၀)ပါးတို့နှင့်အညီ တပ်မတော်၏ အဓိကလုပ်ငန်း တာဝန်ကြီး(၃)ရပ်ကို ကျေပွန်စွာ ထမ်းဆောင်သွားမည် ဖြစ်သည်။

ယခုအခါ နိုင်ငံတကာနယ်ချဲ့ကိုလိုနီလက်သစ်များနှင့် သြဇာခံများက တပ်မတော်နှင့် ပြည်သူအကြား သပ်လျှိုသည့် လုပ်ရပ်များ ကြိုးပမ်း လုပ်ဆောင်လာကြသည်။ အသံလွှင့်ဌာနအချို့ကို သိမ်းသွင်းကာ တပ်မတော်အပေါ် မဟုတ်မမှန်သတင်းများ ထုတ်လွှင့်စေခဲ့သည်။ တပ်မတော်အပေါ် လုပ်ကြံပုတ်ခတ်ပြီး နိုင်ငံတကာက ဝိုင်းပယ်ရန်၊ ကုလသမဂ္ဂက အသိအမှတ်မပြုရန် ကြိုးပမ်းခဲ့ကြသည်။

နိုင်ငံတကာအစိုးရများ၊ အဖွဲ့အစည်းများ၊ ပြည်သူများက တပ်မတော် ကို အထင်လွဲမှားစေရန် ဖန်တီးခဲ့ကြသည်။ မြန်မာနိုင်ငံအား အာဆီယံ အဖွဲ့က အဖွဲ့ဝင်အဖြစ်လက်မခံရန် နိုင်ငံတကာ နယ်ချဲ့ ကိုလိုနီလက်သစ် နှင့် ပြည်ပသြဇာခံ ပြည်တွင်းပြည်ပ အဖျက်သမားများက အပြင်းအထန် ပိတ်ပင် တားဆီးခဲ့ကြသည်။ နိုင်ငံတကာ စီးပွားရေး ရင်းနှီးမြှုပ်နှံမှုများ မလုပ်ရန်နှင့် ရင်းနှီးမြှုပ်နှံပြီး စီးပွားရေး လုပ်ငန်းများ ရုပ်သိမ်းရန်တို့ကို အစဉ်တစိုက်ကြိုးပမ်း လှုပ်ရှားခဲ့ကြသည်။ နိုင်ငံတကာခရီးသွားဧည့်သည် များ မြန်မာနိုင်ငံသို့မသွားရောက်ရန်အတွက် မဟုတ်မမှန်လုပ်ကြံဖန်တီး ၍ ခြိမ်းခြောက် ဟန့်တား ပိတ်ပင်ခဲ့သည်။ နိုင်ငံတကာအဖွဲ့အစည်းများ က မြန်မာနိုင်ငံတွင် ဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ ညီလာခံများ လာရောက်ကျင်းပပါကလည်း ယင်းဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ ညီလာခံများ ပျက်ပြားစေရန် လုပ်ကြံဖန်တီး ပုတ်ခတ်ခဲ့ကြသည်။ သိက္ခာချရန် ကြိုးပမ်းခဲ့ကြသည်။ နောက်ဆုံးတွင် နိုင်ငံကြီးအချို့က မြန်မာနိုင်ငံအား စီးပွားရေးပိတ်ပင်ပြီး စီးပွားရေးအကျပ်အတည်းဖြစ်လာ စေရန် သိက္ခာမဲ့စွာ စွက်ဖက်နှောင့်ယှက် ဖိအားပေးခဲ့ကြသည်။

ဤတွင် မြန်မာနိုင်ငံနှင့် မြန်မာပြည်သူတို့၏ အကျိုးစီးပွားကို လိုလားသော အိမ်နီးချင်းမိတ်ဆွေနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် နိုင်ငံကြီးအချို့မှအစိုးရများ၊နိုင်ငံ့ခေါင်းဆောင်များ၊ စီးပွားရေးလုပ်ငန်းရှင် များနှင့် သတင်းစာဆရာများက မြန်မာနိုင်ငံအား စီးပွားရေးပိတ်ပင်ပြီး ဖိအားပေးနေခြင်းဖြင့် ဒီမိုကရေစီထွန်းကားရေးကို ပို၍နှောင့်နှေးစေမည် ဟူ၍ လည်းကောင်း၊ မြန်မာပြည်သူတို့အား ပို၍ဆင်းရဲတွင်းနက်အောင် ပြုလုပ်ရာကျမည်ဟူ၍လည်းကောင်း၊ စီးပွားရေးအရ ဒဏ်ခတ် အရေးယူ မှုသည် မြန်မာနိုင်ငံအား ဒီမိုကရေစီဖြစ်ထွန်းရေးလား၊ သြဇာခံနိုင်ငံရေး သမားများ အာဏာရရေးလားဟူ၍ လည်းကောင်း၊ မြန်မာနိုင်ငံတွင် ဒီမိုကရေစီ ဖြစ်ထွန်းရေးကို လိုလားပါက ဒီမိုကရေစီဖြစ်ထွန်းစေမည့် ပံ့ပိုးကူညီမှု၊ လက်တွဲခေါ်ဆောင်မှုတို့ကို စိတ်ရင်းစေတနာကောင်းများ

စစ်သည်

ဖြင့် ဆောင်ရွက်သင့်သည်ဟူ၍လည်းဖေ
ပြောကြားခဲ့ကြသည်။ ရေးသားခဲ့ကြ

ယင်းအပြင်အမှန်တကယ်မြန်မာ
ဖွံ့ဖြိုးတိုးတက်မှုများကိုလည်း မြန်မာနိုင်ငံ
ခဲ့ကြသော နိုင်ငံတကာဧည့်သည်များနှင့်
နှင့် ယဉ်ကျေးမှု ဆိုင်ရာပုဂ္ဂိုလ်ပညာ
စာအုပ်များ၊ ဆောင်းပါးများ ရေး
မြန်မာနိုင်ငံ၏ကောင်းသတင်းများကို နို
ကျယ်ပြန့်စွာရောက်ရှိရန် ပြည်ပအသံ
ဗွီအိုအေ၊ အာရ်အက်ဖ်အေ၊ ဒီဗွီဘီတို့က
ပေးခြင်းမရှိခဲ့ပေ။ အဆိုပါ အသံလွှ
ပြည်တွင်းရေး ဝင်ရောက်စွက်ဖက်ပြီး
ထုတ်လွှင့်ခဲ့သည်ချည်းဖြစ်သည်။

မြန်မာနိုင်ငံနှင့်မြန်မာပြည်သူတို့၏
နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းမ
သိရှိထားကြသော ပြည်ပနိုင်ငံခေါင်းဆေ
ရိုးသားပွင့်လင်းမှုရှိသကဲ့သို့ အပြုသဘော
သိရှိရပေသည်။ ယင်းတို့အနက် ၁၉၉
က အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌
နိုင်ငံအကြီးအကဲများ၏ ပထမအကြိ
ထိုစဉ်က မလေးရှားနိုင်ငံခေါင်းဆောင်
ဘင်မိုဟာမက်က မြန်မာနိုင်ငံအား အာ
နှင့် ပတ်သက်ပြီး ဆွေးနွေးရာမှာ "
သဘောဆောင်သည့် ဆက်ဆံရေးထား
ပြည်ပနိုင်ငံများနှင့် ဆက်ဆံမှု ကျယ်
ပြုကြောင်း၊ အပြုသဘောဆောင်သည့်
အကျိုးသက်ရောက်မှုမရှိဟု ပြောကြားမ
ဖြစ်ရပ်အမှန်ကို မမြင်ကြသူများသာဖြ
"ယနေ့မြန်မာနိုင်ငံသည် လွန်ခဲ့သော
ကြောင်း၊ မြန်မာနိုင်ငံသည် နိုင်ငံခြာ
မြှုပ်နှံရေးတို့ကို နိုင်ငံခြားတိုင်းပြည်
ဖြစ်ကြောင်း၊ အခြားသောကဏ္ဍများတွ
တိုးချဲ့ ပြုလုပ်လျက်ရှိကြောင်း၊ မြန်မာနိုင်
ဆောင်သည့် ဆက်ဆံရေးမူဝါဒကို ဆက
ကောင်းမွန်သော ဖြစ်ပေါ်ပြောင်းလဲမှုများ

(၅၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုဆောင်းပါးနှင့် သမိုင်းပုံရိပ်လွှာ

တပ်မတော်နှင့် ပြည်သူတို့ ပူးပေါင်း၍ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို ဤသို့ တက်တက်ကြွကြွ ဆောင်ရွက်လျက်ရှိကြသည်။

သာတပ်မတော်

စစ်သည်နန္ဒ

ဖြင့် ဆောင်ရွက်သင့်သည်ဟူ၍လည်းကောင်း ၎င်းတို့၏ သဘောထားများ ပြောကြားခဲ့ကြသည်။ ရေးသားခဲ့ကြသည်။

ယင်းအပြင်အမှန်တကယ်မြန်မာနိုင်ငံ၏ အေးချမ်းတည်ငြိမ်မှု ဖွံ့ဖြိုးတိုးတက်မှုများကိုလည်း မြန်မာနိုင်ငံသို့လာရောက်လေ့လာလည်ပတ်ခဲ့ကြသော နိုင်ငံတကာဧည့်သည်များနှင့် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှု ဆိုင်ရာပုဂ္ဂိုလ်ပညာရှင်များနှင့် အဖွဲ့အစည်းများက စာအုပ်များ၊ ဆောင်းပါးများ ရေးသားထုတ်ဝေဖြန့်ချိခဲ့သော်လည်း မြန်မာနိုင်ငံ၏ကောင်းသတင်းများကို နိုင်ငံတကာ ပြည်သူများအတွင်းသို့ ကျယ်ပြန့်စွာရောက်ရှိရန် ပြည်ပအသံလွှင့်ဌာနများ ဖြစ်သော ဘီဘီစီ၊ ဗွီအိုအေ၊ အာရ်အက်ဖ်အေ၊ ဒီဗွီဘီတို့က မည်သည့်ကာလကမျှ ထုတ်လွှင့်ပေးခြင်းမရှိခဲ့ပေ။ အဆိုပါ အသံလွှင့်ဌာနများသည် သူတစ်ပါး၏ ပြည်တွင်းရေး ဝင်ရောက်စွက်ဖက်ပြီး မဟုတ်မမှန် လုပ်ကြံသတင်းများ ထုတ်လွှင့်ခဲ့သည်ချည်းဖြစ်သည်။

မြန်မာနိုင်ငံနှင့်မြန်မာပြည်သူတို့၏ ဒီမိုကရေစီ ကြိုးပမ်းမှုများ၊ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများအား ပကတိအတိုင်းနားလည်သိရှိထားကြသော ပြည်ပနိုင်ငံခေါင်းဆောင်များ၏ သဘောထားများကရိုးသားပွင့်လင်းမှုရှိသကဲ့သို့ အပြုသဘောဆောင်သည်ကိုလည်း လေ့လာသိရှိရပေသည်။ ယင်းတို့အနက် ၁၉၉၉ခုနှစ် နိုဝင်ဘာလ ၃၀ရက်နေ့က အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ကျင်းပသော အာဆီယံအဖွဲ့ဝင်နိုင်ငံအကြီးအကဲများ၏ ပထမအကြိမ်အလွတ်သဘောဆွေးနွေးပွဲတွင် ထိုစဉ်က မလေးရှားနိုင်ငံခေါင်းဆောင် ဝန်ကြီးချုပ် ဒေါက်တာမဟာသီဘင်မိုဟာမက်က မြန်မာနိုင်ငံအား အာဆီယံအဖွဲ့ဝင်အဖြစ်ဝင်ရောက်ရေးနှင့် ပတ်သက်ပြီး ဆွေးနွေးရာမှာ **"အာဆီယံက မြန်မာနိုင်ငံနှင့်အပြုသဘောဆောင်သည့် ဆက်ဆံရေးထားရှိခြင်းကြောင့် မြန်မာနိုင်ငံအနေဖြင့် ပြည်ပနိုင်ငံများနှင့် ဆက်ဆံမှု ကျယ်ပြန့်လာစေရန် အထောက်အကူပြုကြောင်း၊ အပြုသဘောဆောင်သည့် ဆက်ဆံရေးသည် မြန်မာနိုင်ငံအဖို့ အကျိုးသက်ရောက်မှုမရှိဟု ပြောကြားမည်ဆိုလျှင် ပြောကြားသူတိုင်းသည် ဖြစ်ရပ်အမှန်ကို မမြင်ကြသူများသာဖြစ်ကြောင်း"** ဟူ၍ လည်းကောင်း၊ **"ယနေ့မြန်မာနိုင်ငံသည် လွန်ခဲ့သော နှစ်ပေါင်းများစွာနှင့် မတူတော့ကြောင်း၊ မြန်မာနိုင်ငံသည် နိုင်ငံခြားကုန်သွယ်ရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံရေးတို့ကို နိုင်ငံခြားတိုင်းပြည်များအား တံခါးဖွင့်ပေးထားပြီးဖြစ်ကြောင်း၊ အခြားသောကဏ္ဍများတွင်လည်း နိုင်ငံတကာနှင့်ဆက်ဆံမှုတိုးချဲ့ ပြုလုပ်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအပေါ်ထားရှိသော အပြုသဘောဆောင်သည့် ဆက်ဆံရေးမူဝါဒကို ဆက်လက်ကျင့်သုံးခြင်းဖြင့် တိုးတက်ကောင်းမွန်သော ဖြစ်ပေါ်ပြောင်းလဲမှုများ ပိုမိုဖြစ်ထွန်းလာမည်ဟု အာဆီယံခေါင်းဆောင်များက ခံယူထားကြောင်း"** ဟူ၍လည်းကောင်း ပြောကြားခဲ့သည်။

ယင်းအပြင်မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံဖြစ်သော ထိုင်းနိုင်ငံဝန်ကြီးချုပ် သက်ဆင်က မြန်မာနိုင်ငံကချမှတ်ထားသော နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အား ကြိုဆိုထောက်ခံသည့်အပြင် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အာရှ၊ ဥရောပရှိနိုင်ငံအချို့မှ အစိုးရကိုယ်စားလှယ်များအားဖိတ်ကြားပြီး မူဝါဒလမ်းစဉ် (၇)ရပ်နှင့် ပတ်သက်၍ မြန်မာနိုင်ငံ ကိုယ်စားလှယ်နှင့် တွေ့ဆုံဆွေးနွေးလေ့လာနိုင်ရန် ဆောင်ရွက်ခဲ့သည်။ ယင်းသို့ဆောင်ရွက်သည်ကိုပင် အနောက်အုပ်စုမှ နိုင်ငံရေးသမား လွှတ်တော်အမတ်ဆိုသူက ထိုင်းနိုင်ငံဝန်ကြီးချုပ်အား မြန်မာနိုင်ငံစစ်အစိုးရ၏ ပွဲစားဟူ၍လည်းကောင်း၊ ပွဲစားခအဖြစ် မြန်မာနိုင်ငံတွင်သက်ဆင်၏ ပုဂ္ဂလိက စီးပွားရေးကို ပိုမိုတိုးချဲ့ခွင့် ရရှိခဲ့သည်ဟူ၍လည်းကောင်း စွပ်စွဲပုတ်ခတ်ခဲ့ရာ ထိုင်းနိုင်ငံအစိုးရက **"ထိုင်းနိုင်ငံက မြန်မာနိုင်ငံအား ဒီမိုကရေစီ ဖြစ်ထွန်းရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ခြင်းမှာ မည်သည့်ကိုယ်ကျိုးစီးပွားအတွက်မျှမဟုတ်ဘဲ အိမ်နီးချင်းနိုင်ငံ တစ်နိုင်ငံအနေဖြင့်လည်းကောင်း၊ ဒေသတွင်း နိုင်ငံတစ်နိုင်ငံအနေဖြင့်လည်းကောင်း၊ ကူညီရမည့်ဝတ္တရားအရ ကူညီပံ့ပိုးခြင်းဖြစ်ကြောင်း"** ရှင်းလင်းတုံ့ပြန်ခဲ့သည်။

အလားတူပင် မြန်မာနိုင်ငံတွင် ဒီမိုကရေစီဖြစ်ထွန်းရေးအတွက် ကူညီဆောင်ရွက်ရန် ကုလသမဂ္ဂမှ အထူးကိုယ်စားလှယ် ရာဇာလီ အစ္စမေးလ်သည် မြန်မာနိုင်ငံ၏ ပကတိအရှိအတိုင်း လေ့လာတွေ့ရှိမှုများ၊ ဆောင်ရွက်မှုများကို သတင်းစာရှင်းလင်းပွဲ၌ ရှင်းလင်းခြင်း၊ အစီရင်ခံစာတင်သွင်းခြင်းတို့နှင့် ပတ်သက်ပြီး မကျေနပ်ကြသော အနောက်အုပ်စုမှ နိုင်ငံရေးသမားအချို့က ဝေဖန်ပြစ်တင်စွပ်စွဲမှုများကို ပြုလုပ်ကြသည့်အပြင် ရာဇာလီအစ္စမေးလ်အား ကုလသမဂ္ဂကိုယ်စားလှယ်အဖြစ်မှ နုတ်ပယ်ပေးရန်အထိ တိုက်တွန်းလာခဲ့ကြသည်။ ဤသည်တို့မှာ မြန်မာနိုင်ငံ၏ ပကတိဖြစ်တည်နေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး တိုးတက်ဖြစ်ထွန်းလာမှုများကို နိုင်ငံတကာ ပြည်သူများက အမှန်အတိုင်း နားလည်မည်ကို စိုးရိမ်ပူပန်နေကြသည့် နိုင်ငံတကာ နယ်ချဲ့ကိုလိုနီလက်သစ်ဝါဒီများ၏ သဘောထားပင်ဖြစ်သည်။

မည်သို့ဆိုစေ မြန်မာနိုင်ငံတွင် ဒီမိုကရေစီဖြစ်ထွန်းရေးကို ကြိုးပမ်းတည် ဆောက်နေသော တပ်မတော်၏ ဂုဏ်သိက္ခာနှင့် အစဉ်အလာသည် မြန်မာနိုင်ငံနှင့် မြန်မာတိုင်းရင်းသားပြည်သူတို့၏ အကျိုးစီးပွားကို ကာကွယ် စောင့်ရှောက်ဖော်ဆောင်လျက်ရှိသည်မှာ မြန်မာနိုင်ငံ၏အမျိုးသားနိုင်ငံရေး သမိုင်းတွင် အထင်အရှား တည်ရှိနေပြီးဖြစ်သည်။

ထို့ကြောင့် တပ်မတော်အပေါ် မည်သည့်နယ်ချဲ့ လက်သစ်ဝါဒီ၊ မည်သည့်နယ်ချဲ့သြဇာခံ၊ မည်သည့် ပြည်ပအသံလွှင့်ဌာနများက မည်သို့ပင် အမှန်တရားကို မျက်ကွယ်ပြုပြီး မဟုတ်မမှန် ဇာတ်လမ်းများကို လုပ်ကြံဖန်တီးနေစေကာမူ တပ်မတော်၏လုပ်ရပ်အမှန် တို့ကား မည်သို့မျှ ဖုံးကွယ်၍ မရနိုင်ပါချေ။ ကြည့်သောသူသည် မြင်နိုင်ပါသည်။ ခေတ်အဆက်ဆက် ပြည်သူဘက်က အမြဲရပ်တည်ခဲ့သော တပ်မတော်၏ သမိုင်းမော်ကွန်းသည် အစဉ်ထွန်းပြောင်လင်းလက်လျက်ရှိပါသည်။ ထို့ပြင် တပ်မတော်သည် "ပြည်သူချစ်သော တပ်မတော်" အဖြစ် ဆက်လက်၍ သမိုင်းတွင် ရစ်လျက်ရှိနေမည်ကား အမှန်တရား အစစ်ပင် ဖြစ်ပါပေတော့သည်။ ။

ပြည်ပ အသံလွှင့်ဌာနများ၏ ကောလာဟလ ထုတ်လွှင့်ချက်များကို နားယောင်ပြီး သောင်းကျန်းသူများ စခန်းသို့ ရောက်ရှိခဲ့သူများ အဖြစ်မှန်ကို သိမြင်သဖြင့် အမိနိုင်ငံသို့ ပြန်လည်ဝင်ရောက်ခဲ့ရာ တာဝန်ရှိသူများက နွေးထွေးစွာကြိုဆိုခဲ့ကြသည်။

မြန်မာနိုင်ငံ၏ အေးချမ်းတည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှု ပကတိအမှန်တရားများကို သိမြင်ကြသည့် ပြည်ပဧည့်သည်များကလည်း မြန်မာနိုင်ငံသို့ အကြိမ်ကြိမ်လာရောက်လည်ပတ်လျက်ရှိကြသည်။

* နယ်စပ်ဒေသများမှ

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် နံနက် ၇ နာရီခွဲတွင် လားရှိုးမြို့ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်က ၂ ဒသမ ၇၅ ဧကပေါ်တွင် ဆင်းရွှေလီ ပျားလိမ္မော်အပင် ၄၁၅ ပင် စိုက်ပျိုးထားမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မက်ကဒေးမီးယား အပင် ၄၀၀၀ နှင့် ကော်ဖီပင် ခုနစ်သိန်းပျိုးထောင်ထားသည့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ပျိုးဥယျာဉ်ကို ကြည့်ရှုစစ်ဆေးသည်။

မျိုးစေ့သုတေသနစစ်ဆေး

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဆင်းရွှေလီ အထူးအထွက်တိုးစပ်မျိုးစပါးသုတေသန စိုက်ခင်းသို့ ရောက်ရှိကြပြီး ဆင်းရွှေလီစပ်မျိုးစပါးအတွက် မျိုးစေ့ထုတ်လုပ်နိုင်မည့် သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်က ဆင်းရွှေလီစပ်မျိုးစပါး ဧကနှစ်သိန်းစိုက်ပျိုးရန်အတွက် မျိုးစေ့ထုတ်လုပ်မည့် စီမံချက်နှင့် ပတ်သက်၍ ပုံစံကားချပ်ဖြင့် ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ဖြည့်စွက်တင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို မှာကြားပြီး တိုက်ရိုက်အစေ့ချသုတေသနစိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရှမ်းပြည်နယ်(မြောက်ပိုင်း) ရဲတပ်ဖွဲ့၏ ဟူးမွန်ဆည်ရေသောက် ဧက ၄၀ ဆင်းရွှေလီ အထူးအထွက်တိုး စပါးမျိုးစေ့ထုတ်စိုက်ကွင်းသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက စိုက်ကွင်းအတွင်း လိုက်လံပြသရှင်းလင်းကြသည်။

မျိုးစေ့ထုတ်စိုက်ကွင်းကြည့်ရှု

ဆက်လက်၍ အမှတ် ၉၀၂ စစ်မြေပြင် အင်ဂျင်နီယာတပ်ရင်း၏ ဟူးမွန်ဆည်ရေသောက် ဧက၄၀ အထူးအထွက်တိုး ဆင်းရွှေလီစပ်မျိုးစပါး မျိုးစေ့ထုတ်စိုက်ကွင်းကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့ ဟူးမွန်ကျေးရွာအုပ်စု မန်ဆူကွင်းသို့ ရောက်ရှိကြသည်။

ယင်းနောက် အထူးအထွက်တိုး ဆင်းရွှေလီစပ်မျိုးစပါးထုတ်လုပ်ရေးအတွက် အာမိုဓာတ်မြေသြဇာ ပေးအပ်လှူဒါန်းပွဲနှင့် ကုန်းမြင့်လယ်ယာမြေဖော်ထုတ်ခဲ့သော တောင်သူများအား နိုင်ငံတော်မှ ထောက်ပံ့ချီးမြှင့်ပွဲအခမ်းအနားကို ဆင်းရွှေလီ တောင်သူလယ်သမားခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်သည်။

အထွက်တိုးစပ်မျိုးစပါးစိုက်ပျိုး

ရှေးဦးစွာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်က ရှင်းလင်းတင်ပြရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သည့် ဒေသဝမ်းစာ ဖူလုံရေးနှင့် ပတ်သက်ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)အနေဖြင့် တိုးတက်လာသောလူဦးရေနှင့်အညီ စိုက်ပျိုးမြေများတိုးချဲ့ခြင်း၊ ကုန်းမြင့်ယာမြေများ ဖော်ထုတ်ခြင်းအပြင် ဒေသအတွင်း အထူးအထွက်တိုးစပ်မျိုးစပါးများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလျက်ရှိကြောင်း။

ယခု စိုက်ပျိုးလျက်ရှိသည့် နေရာမှာ ဟူးမွန်ဆည်ရေသောက် ဧရိယာ ဧက ၈၄၃ ဧကရှိကြောင်း၊ ဟူးမွန်ဆည်သည် ရေလှောင်နိုင်မှုပမာဏ ဧကပေ ၁၈၅၀ သာရှိပြီး နွေစပါးအနေဖြင့် ဧက ၁၂၀ သာ စိုက်ပျိုးနိုင်မှုရှိကြောင်း၊ ဧက ၈၄၃ ဧက စိုက်ပျိုးနိုင်ရန်အတွက် ဧက ပေ ၅၀၀၀ ခန့် သိုလှောင်နိုင်ရန် လိုအပ်ကြောင်း။

တောင်သူနှင့် ပူးပေါင်းစိုက်

စိုက်ပျိုးနိုင်သည့်ဧက ၁၂၀ကို ဧက ၄၀ စီ စုဖွဲ့ပြီး လားရှိုးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အနီးကပ်ကြီးကြပ်မှုဖြင့် ဧက ၄၀၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အနီးကပ်ကြီးကြပ်မှုဖြင့် ဧက ၄၀၊ လားရှိုးတပ်နယ် တပ်ရင်း၊ တပ်ဖွဲ့များ၏ ကြီးကြပ်မှုဖြင့် ဧက ၄၀ ခွဲဝေ ဆောင်ရွက်ပြီး တစ်ဖွဲ့ချင်းတွင် မြန်မာ့စိုက်ပျိုးရေးမှ ဝန်ထမ်းများ၊ ဒေသခံတောင်သူလယ်သမားများနှင့် ပူးပေါင်းစိုက်ပျိုးလျက်ရှိကြောင်း၊ အပင်ဖြစ်ထွန်းမှုကောင်းမွန်ပြီး အဖိုလိုင်းနှင့် အမလိုင်းများ ပန်းပွင့်ချိန် တူညီစေရန်အတွက် စစ်ဆေးကြပ်မတ် ပြုပြင်ပေးလျက်ရှိကြောင်း။

ယခု ဧက ၁၂၀ စိုက်ပျိုးလျက်ရှိသည့် ဟူးမွန်ဆည်ရေသောက် ဧရိယာအတွင်းရှိ ဧက ၈၄၃ ဧက၌ အနီးကပ်ကြီးကြပ်မှုကောင်းမွန်စွာဖြင့် ဒေသခံတောင်သူ လယ်သမားများအတွက် နည်းပညာပေးရာ ဗဟိုစံပြစိုက်ခင်းကြီးအဖြစ် ဆောင်ရွက်နေကြောင်း တင်ပြသည်။

ဆက်လက်ပြီး တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ရှင်းလင်းတင်ပြရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ လူဦးရေ စုစုပေါင်း ၂ ဒသမ ၃ သန်းအတွက် ဆန်စပါးလိုအပ်ချက် တင်းပေါင်း၃၃၆ သိန်းဖြစ်ပြီး ၂၀၀၂-၂၀၀၃ ခုနှစ်က စပါးတင်းပေါင်း ၂၇၆ သိန်းသာထွက်ရှိခဲ့ကြောင်း။

သို့ဖြစ်၍ ၂၀၀၃-၂၀၀၄ ခုနှစ်တွင် စပါးတင်း ၃၂၈ သိန်း ထွက်ရှိရန် ရည်မှန်း ဆောင်ရွက်လျက်ရှိရာ ဒေသဝမ်းစာ ဖူလုံမှု ၉၇ ရာခိုင်နှုန်း ရှိလာမှာဖြစ်ကြောင်း။

လမ်းညွှန်မိန့်ကြားထား

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ဆန်စပါး တိုးမြှင့်ထုတ်လုပ်ရေးအတွက် စိုက်ဧကတိုးချဲ့စိုက်ပျိုးသွားရန်၊ စပါးအထွက်နှုန်းတိုးရေးဆောင်ရွက်သွားရန်နှင့် စိုက်ပျိုးထုတ်လုပ်ရာ၌ အလေအလွင့်နည်းပါးစေရန်ဆိုသည့် နည်းလမ်းများ လမ်းညွှန်မိန့်ကြားထားခဲ့ကြောင်း။

ရှမ်းပြည်နယ်(မြောက်ပိုင်း)သည် တောတောင်ရေမြေသဘာဝကန့်သတ်ချက်များကြောင့် စိုက်ဧက တိုးချဲ့ရေး၌ အကန့်အသတ်ဖြစ်နေခဲ့ရာ တစ်ဧကအထွက်နှုန်းတိုးတက်ရေးနည်းလမ်းဖြင့် အထွက်နှုန်းကောင်း မျိုးကောင်းမျိုးသန့်ရရှိရေး၊ ခေတ်မီ စိုက်ပျိုးရေးနည်းစနစ်များအသုံးပြုပြီး ဒေသဝမ်းစာဖူလုံရေးအတွက် ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

လက်တွန်းထွန်စက်ပေးအပ်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း ကုန်းမြင့်လယ်ယာမြေဖော်ထုတ်ခဲ့သော တောင်သူဦးကြီးများအား လက်တွန်းလယ်ထွန်စက် ၁၂ စီး တန်ဖိုး အပါအဝင် ထောက်ပံ့ ငွေကျပ် ၁၃၁ သိန်းကို တောင်သူလယ်သမားများ ကိုယ်စား တိုင်းရင်းသားခေါင်းဆောင် ပန်ဆေး ဦးကျော်မြင့်နှင့် တိုင်းရင်းသားခေါင်းဆောင် ဦးဆိုင်းမွန်တို့အား ပေးအပ်သည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ရှမ်းပြည်နယ်(မြောက်ပိုင်း)သို့ ပေးအပ်သော ငွေကျပ်သိန်း ၂၀ တန်ဖိုးရှိ စပါးအခြောက်ခံစက်ကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးအား ပေးအပ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မတ်၂၀ရက်က အထူးအထွက်တိုး ဆင်းရွှေလီစပ်မျိုးစပါး ထုတ်လုပ်ရေးအတွက် အာမိုဓာတ်မြေသြဇာ ပေးအပ်လှူဒါန်းပွဲနှင့် ကုန်းမြင့်လယ်ယာမြေဖော်ထုတ်ခဲ့သော တောင်သူများအား နိုင်ငံတော်မှ ထောက်ပံ့ချီးမြှင့်ပွဲအခမ်းအနားတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း ကုန်းမြင့်လယ်ယာမြေဖော်ထုတ်ခဲ့သော တောင်သူဦးကြီးများအား လယ်တွန်းထွန်စက်၁၂စီး တန်ဖိုးအပါအဝင် ထောက်ပံ့ငွေကျပ် ၁၃၁ သိန်းကို တောင်သူလယ်သမားများကိုယ်စား တိုင်းရင်းသားခေါင်းဆောင် ပန်ဆေး ဦးကျော်မြင့်နှင့် ဦးဆိုင်းမွန်တို့အား ပေးအပ်စဉ်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

ဆက်လက်၍ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးအထွက်တိုး ဆင်းရွှေလီ စပ်မျိုးစပါးထုတ်လုပ်ရေးလုပ်ငန်းအတွက် Central Development Co.မှ လှူဒါန်းငွေကျပ် ၂၅ သိန်းနှင့် ဒိုင်းမွန်းစတားကုမ္ပဏီမှ လှူဒါန်းငွေကျပ် ၂၅ သိန်းတို့ကို Central Development Co. ဥက္ကဋ္ဌ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်ထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးအထွက်တိုး ဆင်းရွှေလီစပ် မျိုးစပါးထုတ်လုပ်ရေးလုပ်ငန်းအတွက် Five Ocean ကုမ္ပဏီမှလှူဒါန်းငွေ ကျပ် သိန်း ၂၀ ကို ကုမ္ပဏီဒါရိုက်တာ ဦးကြည်အောင်က တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်အား ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဒေသခံတောင်သူလယ်သမားများကိုယ်စား တိုင်းရင်းသားခေါင်းဆောင် ပန်ဆေး ဦးကျော်မြင့်က ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် လှူဒါန်းထားသော လက်တွန်းလယ်ထွန်များနှင့် လှူဒါန်းထားသော ဓာတ်မြေသြဇာများ ကြဲပက်နေခြင်းကို ကြည့်ရှုကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့နယ် ကောက်ကွေ့ချောင်း ရေလှောင်တမံတည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ မတ် ၂၀ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ ကုန်းမြင့်ယာမြေ စံပြစိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဖြည့်စွက်တင်ပြ

ရှေးဦးစွာ လုပ်ငန်းခွင်ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဝင်းက ကောက်ကွေ့ချောင်းရေလှောင်တမံတည်ဆောက်ရန် ပြင်ဆင်ဆောင်ရွက်နေမှုနှင့် ရည်ရွယ်ချက်၊ ဟူးမွန် ရေလှောင်တမံ ရေအကူပေးရန်စီစဉ်ထားမှု၊ စီမံကိန်းလုပ်ငန်းပြီးစီးပါက ရရှိမည့်အကျိုးကျေးဇူးများ၊ စီမံကိန်းဆိုင်ရာအချက်အလက်များ၊ တည်ဆောက်ရေး လုပ်ငန်းများစတင်ရန် ပြင်ဆင်နေမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်တို့က ဖြည့်စွက်တင်ပြကြသည်။

ထို့နောက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဟူးမွန်ဆည်အတွက် ရေကူဆည်တစ်ခု ထပ်မံတည်ဆောက်ရေးနှင့် ပတ်သက်၍ ကောက်ကွေ့ချောင်းအပြင် အခြားဖြစ်နိုင်သည့်နေရာကို ထပ်မံရှာဖွေပြီး အကောင်းဆုံး အခြေအနေပေးသည့်နေရာကိုသာ ရွေးချယ်ဆောင်ရွက်ရန်နှင့် ဌာနချုပ်မှ အမြန်ရှာဖွေတိုင်းတာမှုများပြုလုပ်ရန် မှာကြားသည်။

ယင်းနောက် ရေကူဆည်တည်ဆောက်ရေးအတွက် မြေပြင်အခြေအနေကို ရှုရပ်မှကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့အထွက် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ ကုန်းမြင့်ယာမြေ ဧက ၁၀၀၀ စံပြ စိုက်ခင်းစီမံကိန်း လုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး ရှေးဦးစွာ ဂါလန် နှစ်သိန်းဆံ့ ရေကန်နှင့် ရေတွန်းစက်ရုံတည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

မျိုးစေ့နမူနာကြည့်ရှု

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရှင်းလင်းဆောင်၌ ခင်းကျင်းပြသထားသော ပဲစင်းငုံ၊ ပဲပုပ်၊ နေကြာ၊ ပြောင်း၊ မြေပဲနှင့် စပါးမျိုးစေ့နမူနာများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိ (ပထမတန်း)စစ်ထောက် ဒုတိယဗိုလ်မှူးကြီး နေလင်းအောင်က ကုန်းမြင့်ယာမြေ ဧက ၁၀၀၀ စံပြစိုက်ခင်းစီမံကိန်းအရ ဆင်းရွှေလီမိုးစပါး၊ ဆင်းရတနာ ယာစပါး၊ မြေပဲ၊ ပဲပုပ်၊ ပဲစင်းငုံ၊ နေကြာစိုက်ပျိုးရေး၊ပျားလိမ္မော်၊မက်ကဒေးမီးယားနှင့် ကော်ဖီစိုက်ပျိုးရေး လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

23-3 (10).p65 1 3/27/05, 10:59 PM

စာမျက်နှာ ၁၀ မှ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အဓိက သီးနှံ ၁၀မျိုး ပန်းတိုင်ရည်မှန်းချက် ပြည့်မီအောင် ဒေသခံတောင်သူလယ်သမားများအား ပညာပေးစည်းရုံး ဆောင်ရွက်ကြရေး မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စိုစိုပြေပြေစက်အုတ်လုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး မြေသယ်စက်၊ ကြိတ်စက်၊ မွှေစက်၊ ညှစ်စက်၊ ပုံဖော်စက်၊ အုတ်ဖြတ်စက်၊ အုတ်ဖုတ်စက် စသည့် စက်အုတ်ထုတ်လုပ်မှုလုပ်ငန်း အဆင့်ဆင့်ကို လေ့လာ ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် လားရှိုးမြို့ မြို့တော်ခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသား ခေါင်းဆောင်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်က ပြည်နယ်ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ တည်နေရာ၊ အကျယ်အဝန်း၊ လူဦးရေဖွဲ့စည်းမှု၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးလုပ်ငန်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အခြေအနေ၊ နယ်စပ်ကုန်သွယ်မှု၊ မြေယာအသုံးချမှုနှင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်ချက်၊ ဒေသဝမ်းစာဖူလုံမှုအခြေအနေ၊ စပ်မျိုးစပါးမျိုးစေ့ထုတ်လုပ်မှု၊ သတ္တုကဏ္ဍဆောင်ရွက်ချက်၊ လမ်းပန်းဆက်သွယ်မှု ဆောင်ရွက်ချက်၊ ရွှေလီရေအားလျှပ်စစ်စီမံကိန်း၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍ ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ယနေ့ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ ဒေသဆိုင်ရာအာဏာပိုင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းရင်းသား ခေါင်းဆောင်များ၊ စေတနာရှင်လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ စုံစုံညီညီ ဆုံစည်းခိုက်တွင် မိမိတို့အဖွဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)သို့ လာရောက်ခဲ့သည့် အကြောင်းရင်းများ၊ ယနေ့ နိုင်ငံတော်၏ အခြေအနေများနှင့် စပ်လျဉ်း၍ သိသင့်သိအပ်သည်များကို ရှင်းလင်း ပြောကြားသွားမည်ဖြစ်ကြောင်း။

ဖွံ့ဖြိုးရေးဖြည့်ဆည်းပေး

မိမိဦးဆောင်ပြီး ဒေသဆိုင်ရာ တာဝန်ခံများ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ စုံစုံညီညီပါဝင်သည့် အဖွဲ့သည် ရှမ်းပြည်နယ် (မြောက်ပိုင်း)၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုလုပ်ငန်းများကို ကြည့်ရှုအားပေးရန်နှင့် လိုအပ်သည်များ ဖြည့်ဆည်းပေးနိုင်ရန် ယမန်နေ့ကပင် ရောက်ရှိခဲ့ကြကြောင်း။

ယမန်နေ့ နံနက်ပိုင်းက ရှမ်းပြည်နယ်(မြောက်ပိုင်း) နယ်စပ်ဒေသမြို့ တစ်မြို့ဖြစ်သည့် မူဆယ်မြို့တွင် ခေတ်မီအဆင့်မြင့် အားကစားကွင်းသစ်ကြီး တည်ဆောက်ပြီးပြီဖြစ်သဖြင့် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးခဲ့ကြောင်း။

ထို့နောက် ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသအတွင်း ဆောင်ရွက်နေသော ဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းခွင်များသို့ သွားရောက်ကြည့်ရှုစစ်ဆေးအားပေးရင်း ဒေသရှိတိုင်းရင်းသား ခေါင်းဆောင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပုဂ္ဂလိက တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ ဖြည့်ဆည်းပေးပြီး မှာကြားဖွယ်ရာများ မှာကြားခဲ့ကြောင်း။

လားရှိုး–ကွတ်ခိုင်တို့မှ ကိုးကန့်ဒေသသို့သွားရာ အနီးဆုံးလမ်းဖြစ်လာမည့် ကွတ်ခိုင်–တာမိုးညဲ–မိုးစီး–တာပါး–တာရွှေထန်–လောက်ကိုင်လမ်းမကြီးပေါ်ရှိ တာပါးရွာ၌ သံလွင်မြစ်ဖြတ် သံမဏိသံပေါင်ကြိုးတံတားကြီး တည်ဆောက်ရေးလုပ်ငန်းခွင်သို့လည်း ရောက်ရှိခဲ့ပြီး လုပ်ငန်းများ ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းပေးခဲ့ကြောင်း။

နိုင်ငံတစ်နိုင်ငံ ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေးတွင် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းမှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသဖွံ့ဖြိုးရေးအတွက် စွမ်းဆောင် ပေးနိုင်မည့် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်မှု တို့သည် အခြေခံအကျဆုံးသော အဓိကလိုအပ်ချက်သုံးရပ်ပင်ဖြစ်ကြောင်း။

ထို့ပြင် တိုင်းရင်းသားလူမျိုးပေါင်းတစ်ရာကျော်ဖြင့် ဖွဲ့စည်းဖြစ်တည်နေသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွက် အဆိုပါ အဓိကလိုအပ်ချက်သုံးရပ်အပြင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် တိုးတက်ခိုင်မြဲနေမှုကိုအခြေခံသည့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ခိုင်ခိုင်ခံ့ခံ့ တိုးပွားဖြစ်ထွန်းနေရန်လည်း လိုအပ်ကြောင်း။

ကြိုးပမ်းလျက်ရှိ

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်ကြီးအဖြစ် ပီပီပြင်ပြင်ဖြစ်ထွန်းလာရေးသည် အဆိုပါ အဓိက လိုအပ်ချက်လေးရပ်အပေါ်မူတည်လျက်ရှိရာ ယင်းအခြေခံများ ပြည့်ပြည့်ဝဝ ဖြစ်ထွန်းလာရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်လွတ်လပ်ရေးရရှိပြီးနောက် တိုင်းရင်းသားစည်းရုံးညီညွတ်ရေးပျက်ယွင်းပြီး တစ်ဦးပေါ်တစ်ဦး သံသယပွားကာ ပဋိပက္ခများဖြစ်လာခဲ့သဖြင့် နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းမှုမရှိဘဲ ဖွံ့ဖြိုးမှုနောက်ကျခဲ့ရသည်ကို အားလုံးကြုံတွေ့ခံစားခဲ့ကြရပြီးဖြစ်ကြောင်း။

သို့ဖြစ်၍ မိမိတို့တပ်မတော်အစိုးရ နိုင်ငံတော်၏တာဝန်ကို ရယူခဲ့ချိန်မှ စတင်၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ဖြစ်ထွန်းမှ တိုင်းပြည်စီးပွားရေး တောင့်တင်းခိုင်မာပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်မည်၊ သို့မှသာ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲမည်ဆိုသည့် သဘောထားခံယူချက်ဖြင့် ငြိမ်းချမ်းရေးရရှိ ဖြစ်ထွန်းအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

တစိုက်မတ်မတ်ဆောင်ရွက်

ငြိမ်းချမ်းသာယာလာသော နယ်စပ်အစွန်အဖျား ဒေသများကိုလည်း လျစ်လျူရှုမထားဘဲ ထုထည်ပမာဏကြီးမားလှသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကြီးကို ချမှတ်ပြီး တစိုက်မတ်မတ် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လာခဲ့ကြောင်း။

တိုင်းရင်းသား ခေါင်းဆောင်များနှင့်တကွ နယ်စပ်ဒေသနေ တိုင်းရင်းသား ပြည်သူများကလည်း နိုင်ငံတော်အစိုးရနှင့် လက်တွဲ ပူးပေါင်းကြိုးပမ်း ဆောင်ရွက်ခဲ့ကြသဖြင့် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းကြီး၏အကျိုးရလဒ်ကောင်းများ ဖြစ်ထွန်းလာပြီး နယ်စပ်ဒေသများမှာ မြို့ကြီးပြကြီးများနှင့်မခြား ဖွံ့ဖြိုးတိုးတက်ပြီး ဒေသခံပြည်သူများ၏ စီးပွားရေး၊ လူမှုရေးဘဝ တိုးတက်မြင့်မားလျက်ရှိနေပြီဖြစ်ကြောင်း။

ထို့အပြင် နယ်စပ်ဒေသများ၌ သမိုင်းနှင့်ချီပြီး ဖြစ်ပေါ်နေခဲ့သည့် မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများကို မိမိတို့ခေတ်ကာလတွင် မြန်မာ့မြေပေါ်မှ အပြီးတိုင် ပပျောက်သွားစေရေးအတွက် နယ်စပ်ဒေသနေ တိုင်းရင်းသားများ၏ ပူးပေါင်းဆောင်ရွက်မှုကို ရယူပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိသဖြင့် ယခုဆိုလျှင် မူးယစ်ဆေးဝါးပပျောက်ရေး ၁၅နှစ် စီမံကိန်းကြီးကို ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း။

ရည်မှန်းချက်အောင်မြင်

တိုင်းရင်းသားခေါင်းဆောင်များ၊ ဒေသအာဏာပိုင်များ၊ ဒေသခံ တိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် ဘိန်းအစားထိုးစိုက်ပျိုးရေး၊ မွေးမြူရေး၊ စီးပွားရေး၊ လုပ်ငန်းများမှာ နိုင်ငံတော်၏ အစီအမံများ၊ ရည်မှန်းချက်များနှင့် အညီ အောင်မြင်ဖြစ်ထွန်းလျက် ရှိနေပြီဖြစ်ကြောင်း။

လွန်ခဲ့သော နှစ်နှစ်ခန့်က စတင်၍ မူးယစ်ဆေးဝါးပပျောက်ရေး ပင်မ ၁၅ နှစ် စီမံကိန်းကြီးကို အားဖြည့် အရှိန်မြှင့်တင်ပေးသည့်အနေဖြင့် "ပန်းတိုင်သစ်စီမံကိန်း" ကို ချမှတ်ပြီး ဘိန်းစိုက်တောင်သူများနှင့် တိုက်ရိုက်ထိတွေ့ကာ ဘိန်းအစားထိုးစိုက်ပျိုးရေး သီးနှံမျိုးစေ့များ၊ ဝင်ငွေအစားထိုး စီးပွားရေးလုပ်ငန်းလိုအပ်ချက်များ၊ ဆန်၊ ဆားစသည့် ဝမ်းစာလိုအပ်ချက်များ ပံ့ပိုးပေးမှုများဆောင်ရွက်ခဲ့ရာ တောင်သူများကိုယ်တိုင်က ဘိန်းမျိုးစေ့များ ဘိန်းသီးများ ပြန်လည်အပ်နှံ၍ ဘိန်းစိုက်ပျိုးမှုလုပ်ငန်းများကို စွန့်လွှတ်လာသည်ကို တွေ့ရကြောင်း။

ဘိန်းစိုက်ပျိုးမှုကျဆင်း

သို့ဖြစ်၍ နှစ်စဉ်လာရောက်လေ့ရှိသည့် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု တိုင်းတာရေးပညာရှင်အဖွဲ့ မကြာသေးမီကာလက လာရောက်၍ တိုင်းတာစိစစ်ခဲ့ရာ၌ မြန်မာနိုင်ငံ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု နှစ်စဉ်သိသာစွာ ကျဆင်းလျော့နည်းလာခဲ့သည်ကို အသိအမှတ်ပြုခဲ့သည်ကို တွေ့ရကြောင်း။

ဤကဲ့သို့ ဘိန်းစိုက်တောင်သူများ ကိုယ်တိုင်က ဘိန်းစိုက်ပျိုးမှုကို စွန့်လွှတ်လာခဲ့ပြီး တိုင်းရင်းသား ခေါင်းဆောင်များ၊ ဒေသအာဏာပိုင်များကလည်း နိုင်ငံတော်အစိုးရ၏ အားပေးကူညီ ဖြည့်ဆည်းပေးမှုများကို ထိထိရောက်ရောက်မြှင့်တင်ပေးနိုင်ခဲ့သည့်အတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း) အပါအဝင် နယ်စပ်ဒေသများ အားလုံးမှာ အေးချမ်းတည်ငြိမ် ဖွံ့ဖြိုးတိုးတက်လျက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စီးပွားရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းကာ ပြည်သူများ၏ လူနေမှုဘဝ အဆင့်အတန်းလည်း ပိုမိုတိုးတက် မြင့်မားလာခဲ့သည်ကို တွေ့နိုင်ကြောင်း။

နိုင်ငံတော်အစိုးရတိုင်းသည် မိမိတိုင်းပြည် ဖွံ့ဖြိုးတိုးတက်အောင် ကောင်းရာကောင်းကြောင်း ကြိုးပမ်းဆောင်ရွက်ကြသည်သာဖြစ်ကြောင်း၊ ရှေးယခင် ပါလီမန်ခေတ်ကာလကလည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သည်ကို တွေ့ရကြောင်း၊ သို့ရာတွင် စည်းလုံးညီညွတ်မှုမရှိဘဲ အုပ်ကွဲသင်းကွဲမှုများနှင့် လက်နက်ကိုင်ဆန့်ကျင်မှုများကြောင့် နိုင်ငံတော် ဖွံ့ဖြိုးရေးကြိုးပမ်းဆောင်ရွက်မှုများ အောင်မြင်မှုမရှိသည်ကို တွေ့ရကြောင်း။

ဖွံ့ဖြိုးမှုနှောင့်နှေးခဲ့

အစိုးရ ခေတ်အဆက်ဆက် ပြောင်းလဲခဲ့သော်လည်း နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှု မရှိခြင်း၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ယိုယွင်းပျက်ပြားခြင်းတို့ကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၌ နှောင့်နှေးခဲ့ရသည်ကို တွေ့ရကြောင်း။

သို့ဖြစ်၍ မိမိတို့ အစိုးရခေတ်ကာလတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကလိုအပ်ချက် လေးချက်ပြည့်ပြည့်ဝဝ ဖြစ်ထွန်းရေးကို အခြေခံပြီး ကြိုးပမ်းဆောင်ရွက်ခဲ့ရာ တစ်နေ့တခြား တိုးတက်အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်မှာ မည်သူမျှ မငြင်းနိုင်သည့် အမှန်တရားပင်ဖြစ်ကြောင်း။

မျက်မြင်ကိုယ်တွေ့ဖြစ်

မိမိတို့အစိုးရသည် တိုင်းပြည်ကောင်းရာကောင်းကျိုး ကြိုးပမ်းဆောင်ရွက်မည်ဆိုသည့် သဘောထားအပြင် မိမိနိုင်ငံအပေါ်၊ မိမိပြည်သူများအပေါ် စေတနာကောင်းထားရှိမှု၊ မနေမနား ဝီရိယစိုက်ထုတ်ပြီး ကြိုးပမ်းမှုများ ထပ်လောင်းဖြည့်ဆည်းပြီး နိုင်ငံတော် တိုးတက်ရာ တိုးတက်ကြောင်း၊ ပြည်သူများ လူနေမှုဘဝ အဆင့်အတန်း မြင့်မားရာ မြင့်မားကြောင်း ဘက်စုံကဏ္ဍစုံ ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်မှာ အားလုံး မျက်မြင်ကိုယ်တွေ့ပင်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် မိမိပြည်သူများအပေါ် မိဘက သားသမီးအပေါ်ထားရှိသည့် မေတ္တာစေတနာဖြင့် ပြည်သူများကောင်းရာကောင်းကျိုးအတွက် အမြဲမပြတ် ဂရုပြု စောင့်ရှောက်ပေးလျက်ရှိသည့် အားလျော်စွာ နိုင်ငံတော်အတွင်း ထူးထူးခြားခြား တိုးတက် ပြောင်းလဲဖြစ်ထွန်းမှုများမှာ လက်ညှိုးထိုး၍မလွဲအောင်ပင် တွေ့မြင်နေရပြီဖြစ်ကြောင်း။

ပြည်နယ်/တိုင်းအားလုံးလွှမ်းခြုံ

ယနေ့ဆိုလျှင် စက်ရုံအလုပ်ရုံကြီးများ၊ လမ်းမကြီးများ၊ တံတားကြီးများ၊ ဆည်မြောင်းတာတမံကြီးများ၊ ခေတ်မီတိုက်တာအဆောက်အအုံများ၊ သစ်လွင်ခံ့ညားထည်ဝါသည့် တက္ကသိုလ်ကြီးများ၊ ကောလိပ်များ၊ အထူးကုဆေးရုံကြီးများ၊ ခုတင်(၃၀၀)ဆံ့ ခေတ်မီ အဆင့်မြင့်ဆေးရုံကြီးများမှာ တစ်နိုင်ငံလုံး၊ ပြည်နယ်နှင့်တိုင်းအားလုံးတွင် ပျံ့နှံ့လွှမ်းခြုံဖြစ်ထွန်းလျက်ရှိနေပြီ ဖြစ်ကြောင်း။

ပြည်သူများ သွားလာဆက်ဆံမှု၊ စီးပွားကုန်သွယ်မှု လုပ်ငန်းများ လွယ်ကူချောမွေ့စေရေးအတွက် လမ်းမကြီးများ၊ တံတားကြီးများကို ရှမ်းပြည်နယ်ကြီးတစ်ခွင်လုံး အပါအဝင် တစ်နိုင်ငံလုံးတွင် ဖြန့်ကြက် တည်ဆောက်ပေးထားပြီး၊ တည်ဆောက်ပေးနေဆဲဖြစ်ကြောင်း၊ လားရှိုး–မန္တလေး၊ လားရှိုး–မူဆယ်ခရီးများမှာ ယခုဆိုလျှင် နေ့ညအချိန်မရွေး နာရီပိုင်းမျှဖြင့် သွားလာနိုင်နေပြီကို တွေ့နိုင်ကြောင်း။

ထူးထူးခြားခြားတိုးတက်

ဤကဲ့သို့ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ကောင်းမွန်လာသည်နှင့်အမျှ ပြည်သူများ၏ ဆက်သွယ်ဆက်ဆံရေး၊ စီးပွားကုန်သွယ်ရေး အခွင့်အလမ်းများ တိုးပွားလာပြီး လူမှုစီးပွားရေးအခြေခံများ တိုးတက်မြင့်မားမှု၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး တိုးပွားခိုင်မာမှု၊ မြို့ပြတိုးတက်ဖြစ်ထွန်းမှုများမှာ ရှမ်းပြည်နယ် (မြောက်ပိုင်း)အပါအဝင် နယ်စပ်ဒေသအားလုံးတွင် ထူးထူးခြားခြား ဖြစ်ပေါ်ပြောင်းလဲ တိုးတက်နေခဲ့ပြီ ဖြစ်ကြောင်း။

ယင်းတိုးတက်ပြောင်းလဲမှုများ၏ အကျိုးရလဒ်ကောင်းများကို ပထမဆုံး ရရှိခံစားရသည်မှာ နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများ ဖြစ်ကြောင်း။

အားလုံးတွင်တာဝန်ရှိ

ဤကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှု၏ အကျိုးရလဒ်ကောင်းများ တိုးတက်ဖြစ်ထွန်းနေသည့်အခြေအနေ အချိန်အခါကောင်းတွင် နယ်မြေဒေသ တည်ငြိမ်အေးချမ်းသာယာမှု၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး တိုးပွားခိုင်မာမှု၊ အခြေခံကောင်းများ ပိုမိုတည်တံ့ခိုင်မြဲအောင်၊ ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲအောင် ကြိုးပမ်းဆောင်ရွက်ကြရန် တိုင်းရင်းသား ပြည်သူများအားလုံးတွင် တာဝန်ရှိကြောင်း။

တိုင်းရင်းသား လူမျိုးများစွာ ပေါင်းစည်းယှက်နွယ် နေထိုင်လျက်ရှိကြသည့် ပြည်ထောင်စုငယ်လေးများဖြစ်သော ပြည်နယ်နှင့်တိုင်းအားလုံး စုစည်းပါဝင်ဖြစ်တည်လျက်ရှိသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် တို့သည် အသက်ဝိညာဉ်သဖွယ်ပင်ဖြစ်ကြောင်း။

ပြည်သူအားလုံးနားလည်

သို့ဖြစ်၍ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု တိုးပွားခိုင်မာရေး၊ ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေး ဦးတည်ပြီး ပြည်ထောင်စုကြီး တစ်ရပ်လုံး ဆူကြဲနိမ့်မြင့် ကွာဟချက် ကျဉ်းမြောင်းပပျောက်ပြီး ဟန်ချက်

စာမျက်နှာ ၁၃ ကော်လံ ၁



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ မတ် ၂၀ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ လားရှိုးမြို့နယ် ကောက်ကွေ့ချောင်း ရေလှောင်တမံတည်ဆောက်ရေးအတွက် မြေပြင်အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တွဲဖက်အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တသြဿဓာဘိဝံသ ဂုဏာဝိသိဋ္ဌပူဇာသဘင် ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ကြည်ညို၊ သာသနာတော်ဆိုင်ရာများလျှောက်ထား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဧရာဝတီတိုင်း ညောင်တုန်းမြို့ ပုဏ္ဏမာရာမဈေးကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တသြဿဓာဘိဝံသအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်စဉ်။

(သတင်းစဉ်)

ရန်ကုန် မတ် ၂၂

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ လိုက်ပါလျက် မတ် ၂၁ ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် ရန်ကုန်မြို့မှ ထွက်ခွာကြရာ ဧရာဝတီတိုင်း ညောင်တုန်းမြို့ နယ်စပ်တွင် ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ကြည်ညိုပူဇော်

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ညောင်တုန်းမြို့ ပုဏ္ဏမာရာမ ဈေးကျောင်းတိုက် ရတနာဇော်တန်ဆောင်း၌ ကျင်းပသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသည့် ဧရာဝတီတိုင်း ညောင်တုန်းမြို့ ပုဏ္ဏမာရာမဈေးကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသြဿဓာဘိဝံသအား တပည့်ဒါယကာ ဒါယိကာမများက ဂုဏာဝိသိဋ္ဌ ပူဇာမင်္ဂလာသဘင် အခမ်းအနားသို့ တက်ရောက်ကြည်ညိုပူဇော်သည်။

အဆိုပါပူဇော်ပွဲ အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သရက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကေသရအမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ ဧရာဝတီတိုင်း သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ညောင်တုန်းမြို့ နိဂြောဓာရုံစာသင်တိုက် ဆရာတော်အမှူးပြုသော ပင့်သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များကြွရောက်တော်မူကြပြီး ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ပူဇော်ပွဲကျင်းပရေးကော်မတီဝင်များ၊ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့တို့မှ တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဆရာတော်ကြီး၏တပည့် ဒါယကာ ဒါယိကာမများ တက်ရောက်ကြည်ညိုကြသည်။

ငါးပါးသီလခံယူ

အစီအစဉ်အရ ပူဇော်ပွဲအခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ဖွင့်လှစ်ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သရက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကေသရထံမှ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သာသနာရေးဆိုင်ရာများကို လျှောက်ထားရာတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ညောင်တုန်းမြို့ ပုဏ္ဏမာရာမ ဈေးကျောင်းတိုက်ပဓာနနာယက ဆရာတော်ဘဒ္ဒန္တသြဿဓာဘိဝံသ မထေရ်မြတ်အား ချီးကျူးပူဇော်သည့် အခမ်းအနားသို့ ကြွရောက် ချီးမြှင့်တော်မူကြသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌသရက်ဆရာတော်ကြီး အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ ပင့်သံဃာတော်အရှင်မြတ်တို့အား စုံညီစွာဖူးမြော်ကြည်ညိုခွင့်ရရှိသဖြင့် ကုသိုလ်မင်္ဂလာတရား တိုးပွားရပါကြောင်း ကြည်နူးဝမ်းမြောက်စွာလျှောက်ထားအပ်ပါကြောင်း။

ဆရာတော် ဘဒ္ဒန္တသြဿဓာဘိဝံသသည် သက်တော် ၁၆နှစ်အရွယ်တွင် ရှင်သာမဏေပြုတော်မူခဲ့၍ သက်တော်၂၀ ရောက်သောအခါမြင့်မြတ်သော ရဟန်းဘောင်သို့ တက်လှမ်းပြီး မန္တလေးမြို့ရှိ စာသင်တိုက်ကြီးများ၌စာချအကျော်ဆရာတော်ကြီးများထံ၌နှစ်ပေါင်းများစွာကြာအောင် နိသျည်း ခံယူလျက်နိကာယ်ငါးရပ် ပိဋကသုံးပုံကို နှံ့စပ်စုံလင် ကုန်စင်အောင်သင်ယူခဲ့သဖြင့် ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်းများ အောင်မြင်ပြီးနောက် ဓမ္မာစရိယစာချတန်းစာမေးပွဲကို ဆက်လက်ဖြေဆို အောင်မြင်တော်မူသည့်အပြင် ညောင်တုန်းမြို့၌ကျင်းပသည့် အဘိဝံသ သုဓမ္မာပရိယတ္တိစာမေးပွဲကိုလည်း အောင်မြင်တော်မူခဲ့ကြောင်း လေ့လာသိရှိရပါကြောင်း။

ထိုကဲ့သို့ စာမေးပွဲများအဆင့်ဆင့် အောင်မြင်ပြီးနောက် ညောင်တုန်းမြို့ ပုဏ္ဏမာရာမဈေးကျောင်း စာသင်တိုက်၌ သီတင်းသုံးနေထိုင်တော်မူလျက် မိမိတတ်ကျွမ်းထားသည့်စာပေပရိယတ်ပိဋကတ်ကျမ်းဂန်များကိုတပည့်ရဟန်း၊ သာမဏေများအား သင်ကြားပို့ချပေးနေကြောင်း သိရှိကြည်ညိုရပါကြောင်း။

တစ်ဖန် ၁၃၄၂ ခုနှစ် (၁၉၈၀-ပြည့်နှစ်)တွင်သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးပထမအကြိမ်ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး၏ဆုံးဖြတ်ချက်နှင့် ပြဋ္ဌာန်းချက်များအရ သံဃာ့အဖွဲ့ အစည်းအဆင့်ဆင့်ကို ဖွဲ့စည်းရာ၌ ဆရာတော်ကြီးသည် သံဃသမ္မုတိရသံဃာ့ကိုယ်စားလှယ်ဆရာတော်အဖြစ် လည်းကောင်း၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်အဖြစ်လည်းကောင်းရွေးချယ်တင်မြှောက်ခြင်းခံရကြောင်းသိရှိရပါကြောင်း။

အားကြိုးမာန်တက်

ဆက်လက်၍၁၉၈၁ခုနှစ်မတ်လ၌ ပထမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်အဖြစ် လည်းကောင်း၊ ၁၉၈၅ခုနှစ် မတ်လတွင် ဒုတိယအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်အဖြစ် လည်းကောင်း ဆောင်ရွက်တော်မူခဲ့၍ ၁၉၉၀ပြည့်နှစ်တွင် တတိယအကြိမ်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ တွဲဖက်အကျိုးတော်ဆောင်အဖြစ် လည်းကောင်း၊ ၁၉၉၅ခုနှစ်နှင့် ၂၀၀၁ခုနှစ်များတွင်လည်း စတုတ္ထအကြိမ်နှင့် ပဉ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ တွဲဖက်အကျိုးတော်ဆောင်အဖြစ်လည်းကောင်း ရွေးချယ်တင်မြှောက်ခြင်းခံတော်မူရ၍ ယနေ့တိုင်အောင် တွဲဖက်အကျိုးတော်ဆောင်တာဝန်ကို ဆက်လက်ထမ်းဆောင်တော်မူလျက် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် သံဃာ့အဖွဲ့အစည်းဆိုင်ရာ လုပ်ငန်းများ၊ ဝိနိစ္ဆယရေးရာလုပ်ငန်းများ၊ ပရိယတ္တိပညာရေးဆိုင်ရာလုပ်ငန်းများကို အားကြိုးမာန်တက်ဆောင်ရွက်တော်မူခြင်းဖြင့် သာသနာ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်တော်မူနေကြောင်းသိရှိကြည်ညိုရပါကြောင်း။

ထို့ပြင် ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးနှစ်ခုတို့၏ဩဝါဒါစရိယအဖွဲ့ ဥက္ကဋ္ဌတာဝန်နှင့် ရန်ကုန်မြို့ရှိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ ဩဝါဒါစရိယအဖွဲ့ အကျိုးတော်ဆောင်တာဝန်များကို ထမ်းဆောင်တော်မူလျက်ရှိကြောင်း သိရှိကြည်ညိုရပါကြောင်း။

ထောက်ပံ့လှူဒါန်း

ဆရာတော်သံဃာတော် အရှင်သူမြတ်တို့က သာသနာရေးလုပ်ငန်းတာဝန်များကိုရှေ့တန်းမှ ဆောင်ရွက်နေတော်မူကြသကဲ့သို့ တပည့်တော်တို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရအဖွဲ့သည်လည်း ဒါယကာ ဒါယိကာမများ၊ ပြည်သူ ပြည်သားများကို ဦးဆောင်လျက် ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာတော်တည်းဟူသော သာသနာတော် သုံးရပ်အစွန့်ရှည်ကြာတည်တံ့ပြန့်ပွား ထွန်းကားစေရန် ပစ္စယာနုဂ္ဂဟ၊ ဓမ္မာနုဂ္ဂဟဖြင့် အင်တိုက်အားတိုက် ထောက်ပံ့လှူဒါန်းလျက်ရှိကြပါကြောင်း။

ဤသို့ကောင်းမှုအစုစုတို့ကြောင့် ကျေးဇူးရှင်ဆရာတော်ကြီးသည်လည်း ကျန်းမာစွာဖြင့် သက်တော်ရာကျော်ရှည်၍ တပည့်သံဃာတော်များနှင့် ဒါယကာ ဒါယိကာမ အပေါင်းစုံစုံညီညီဝိုင်းရံလျက် သာသနာရေးဆိုင်ရာလုပ်ငန်းများကို ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်တော်မူနိုင်ပါစေကြောင်း ဆန္ဒမွန်ပြုအပ်ပါကြောင်း။

တပည့်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည်လည်း မိုးသုံးပါးညီညာမျှတ၍ ပဲ၊ပြောင်း၊ နှမ်း၊ ဝါ၊ ဆန်ရေစပါး၊ ဓာတ်သတ္တုကျောက်မျက်ရတနာများအလျှံပယ်ထွက်ရှိပြီး နိုင်ငံသူ နိုင်ငံတော်သားတိုင်းကုံလုံကြွယ်ဝလျက် ချမ်းသာသုခခံစားနိုင်ကြပါစေသော်ဟု ဆုမွန်ကောင်းတောင်းလျက်တပည့်တော်၏ လျှောက်ထားလွှာကို နိဂုံးချုပ်အပ်ပါကြောင်း ရိုသေလေးမြတ်စွာ လျှောက်ထားအပ်ပါကြောင်းဖြင့် လျှောက်ထားသွားသည်။

လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်း

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်ဆရာတော် ညောင်တုန်းမြို့ ပုဏ္ဏမာရာမဈေးကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသြဿဓာဘိဝံသနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သရက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကေသရဆရာတော်ကြီးတို့အားလှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အလှူရှင်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပူဇော်ပွဲ ကျင်းပရေးကော်မတီအဖွဲ့ဝင်ဦးညဏ်ထွန်းက အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသြဿဓာဘိဝံသ၏ ထေရုပ္ပတ္တိကို ဖတ်ကြားပူဇော်သည်။

ဆက်လက်၍ ရန်ကုန်တိုင်း ကျောင်းထိုင်ဘုန်းတော်ကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဝိဒက ချီးကျူးထောမနာစကား လျှောက်ထားသည်။

ဖတ်ကြားပူဇော်

ထို့နောက် ဧရာဝတီတိုင်း ပုသိမ်မြို့မှ ဆရာဦးထိန်လင်းက အဘိဓဇဂုဏာဝိသိဋ္ဌမင်္ဂလာသြဘာစာကိုလည်းကောင်း၊ သာသနာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးဦးစံသင်းလှိုင်က ဂုဏဝန္ဒနာဂါထာတော်ဖြင့်လည်းကောင်း ဖတ်ကြားပူဇော်ကြသည်။

ဆက်လက်၍ နိုင်ငံတော် အဆိုတော်များက တေးထပ်၊ ရတုတို့ဖြင့် သီဆိုပူဇော်ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော်ဒွိပိဋကဓရ၊ ဒွိပိဋကကောဝိဒ အဂ္ဂမဟာပဏ္ဍိတ ကလေးဝတောရ ပဓာနနာယက ဘဒ္ဒန္တဇာဂရာဘိဝံသထံမှ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ပရိသတ်တို့က အနုမောဒနာတရားနာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

နေ့ဆွမ်းဆက်ကပ်လှူဒါန်း

အခမ်းအနားအပြီးတွင်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဆရာတော် သံဃာတော်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ညောင်တုန်းမြို့ မြစ်ရေတိုက်စားမှု ကာကွယ်ထိန်းသိမ်းရေးအတွက် ၁၁ လမ်းနှင့် ၁၂ လမ်းကြားရှိ ပန်းလှိုင်မြစ် ကျောက်စီကမ်းပါး တည်ဆောက်ရေး လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် မြစ်ကမ်းပါးသာယာလှပရေး အခြေအနေတို့ကို သွားရောက် ကြည့်ရှုစစ်ဆေးရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းနှင့် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်တို့က လုပ်ငန်းခွင်အတွင်း လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြသကြသည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားဖြည့်ဆည်း စီမံပေးသည်။

ထို့နောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ညောင်တုန်းမြို့မှ ထွက်ခွာခဲ့ကြရာ နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

စာမျက်နှာ ၁၁ မှ

ညီညီ ဖွံ့ဖြိုးတိုးတက်အောင်၊ တစ်မျိုးသားလုံးအတွက် စီးပွားရေး အခြေခံကောင်းများ တိုးတက်ဖြစ်ထွန်းအောင်၊ ပြည်သူအများ၏ လူနေမှုဘဝ အဆင့်အတန်း တိုးတက်မြင့်မားအောင်ဘက်စုံ ကဏ္ဍစုံကကြိုးပမ်း ဆောင်ရွက်ပေးနေသည့် နိုင်ငံတော်အစိုးရ၏ မေတ္တာစေတနာကို တိုင်းရင်းသား ပြည်သူများအားလုံးက နားလည်သဘောပေါက်ကြရန်လိုကြောင်း။

တာဝန်ကျေပွန်

ထို့ကြောင့် တိုင်းရင်းသားပြည်သူများအားလုံးက နိုင်ငံတော်အစိုးရ၏ မေတ္တာစေတနာနှင့် မိမိတို့ကောင်းရာကောင်းကျိုးအတွက် ဖန်တီးဖော်ဆောင်ပေးနေသည့် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ၏ အကျိုးရလဒ်ကောင်းများကို ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် မိမိတို့ပြည်သူများဘက်မှ ဆောင်ရွက်ဖွယ်ရာတာဝန်များဖြစ်သော မိမိတို့၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စီးပွား ကုန်ထုတ်လုပ်ငန်းများ တိုးတက်ဖြစ်ထွန်းပြီး စက်မှုဖွံ့ဖြိုးသော နိုင်ငံတော်ကြီးပေါ်ထွန်းလာရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ ထွန်းကားပြန့်ပွားခိုင်မာပြီး ပြည်ထောင်စုကြီးအဓွန့်ရှည် တည်တံ့ခိုင်မြဲရေးတို့အတွက် ပြည်သူများ၏ တာဝန်ဝတ္တရားများကို ကျေပွန်စွာထမ်းရွက်သွားကြရန်မှာကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်လိုက်ပါလျက် လားရှိုးမြို့မှတစ်ဆင့် သိန်းနီမြို့သို့ မွန်းလွဲ ၁၂ နာရီခွဲတွင် ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား သိန်းနီတပ်နယ်မှ ဗိုလ်မှူးချုပ်စိုးဦးနှင့် တပ်မတော်အရာရှိကြီးများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ ဒေသခံ တိုင်းရင်းသားတိုင်းရင်းသူများက ကြိုဆိုကြသည်။

ရပ်မိရပ်ဖများတွေ့ဆုံ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် သိန်းနီမြို့ ခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ သိန်းနီမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရဲကျော်ခိုင်က သိန်းနီမြို့နယ်၏ တည်နေရာနှင့် အကျယ်အဝန်း၊ ပထဝီဝင်အနေအထား၊ မိုးစပါး၊ လယ်စပါး၊ တောင်ယာစပါး၊ နွေစပါးစိုက်ပျိုးမှု၊ စပါးအထွက်တိုးရန် ဆောင်ရွက်နေမှု၊ ဒေသဝမ်းစာဖူလုံမှု၊ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေးလုပ်ငန်းများအပါအဝင် ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေမှုနှင့် လုပ်ငန်းလိုအပ်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် သိန်းနီမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အပိုင်းမှ ဖြည့်ဆည်းစီမံ ဆောင်ရွက်ပေးဖွယ်များ ဆောင်ရွက်ပေးနိုင်ရန်နှင့် ဒေသဆိုင်ရာ တာဝန်ရှိသူများနှင့်တကွ ရပ်မိရပ်ဖများအား မှာကြားဖွယ်ရာများ မှာကြားနိုင်ရန် မိမိတို့လာရောက်ခဲ့ခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရ အနေဖြင့် လူငယ်လူရွယ်များအပါအဝင် ကျေးလက်ဒေသနေပြည်သူများ ပညာတတ်မြောက်စေရေးအတွက် အခြေခံပညာကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးမှု၊ အဆင့်မြှင့်တင်ပေးမှုများ ဆောင်ရွက်နေသကဲ့သို့ သက်ကြီးစာမတတ်မြောက်သူများ စာတတ်မြောက်စေမည့် 'အ' သုံးလုံးကြေ သင်တန်းများလည်း ဖွင့်လှစ်ပေးလျက်ရှိကြောင်း။

သက်မွေးသင်တန်းကျောင်းဖွင့်

ထို့အပြင် နယ်စပ်ဒေသနေ တိုင်းရင်းသူအမျိုးသမီးငယ်များ အသက်မွေးဝမ်းကျောင်း ပညာတတ်မြောက်စေရေးအတွက် အမျိုးသမီးသက်မွေးသင်တန်းကျောင်းများကို နယ်စပ်ဒေသမြို့ကြီးများ၌ ဖွင့်လှစ်ပေးထားပြီးဖြစ်ကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းစသည့် လူမှုရေးအဖွဲ့အစည်းများကလည်း အမျိုးသမီးငယ်များ၏ ပညာရေး၊ ကျန်းမာရေး အခြေခံများ တိုးတက်ဖွံ့ဖြိုးစေရေး၊ အသက်မွေးဝမ်းကျောင်းပညာ တတ်မြောက်၍ မိသားစုဝင်ငွေ တိုးစေရေး၊ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက် အစဉ်အလာများ ထိန်းသိမ်း မြှင့်တင်ပေးရေးတို့အတွက် စည်းရုံးဆောင်ရွက်လျက်ရှိနေကြောင်း။

စည်းရုံးဆောင်ရွက်

ယင်းသို့သော အခြေအနေအချိန်အခါကောင်းတွင် မိမိတို့ ဒေသတွင်းရှိ အမျိုးသမီးငယ်များ၏ လူမှုရေး၊ ဘဝလုံခြုံ၊ စာပေပညာ တတ်မြောက်မှု၊ အသိဉာဏ်ဗဟုသုတတိုးပွားမှု၊ ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်မှုများအပါအဝင် စိတ်ဓာတ်ရေးရာ မြင့်မားခိုင်ကျည်စေရအောင် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖ၊ ရပ်မိရပ်ဖများက တက်တက်ကြွကြွ ပညာပေး စည်းရုံးဆောင်ရွက်ကြဖို့ မှာကြားလိုကြောင်း။

ထို့အပြင် မိမိရပ်ရွာ၊ မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးဘဝ တိုးတက်ဖြစ်ထွန်းရေးတို့အတွက် နိုင်ငံတော်အစိုးရ၏ ပံ့ပိုးဖြည့်ဆည်းပေးမှုများ ထိထိရောက်ရောက် အကောင်အထည်ဖော် ဖြစ်ထွန်းလာစေရအောင် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြဖို့လည်း လိုအပ်ကြောင်း။

စီမံခန့်ခွဲမှုအဓိကကျ

သိန်းနီမြို့နယ်သည် ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများ အလားအလာကောင်းများ ရှိထားပြီးဖြစ်ရာ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေး ခိုင်မာတောင့်တင်းရေး၊ ပြည်သူများ၏ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားရေးသည် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ခံများ၏ ဦးဆောင်ဦးရွက်ပြုမှု၊ စီမံခန့်ခွဲမှုများသည် အဓိကကျကြောင်း။

သိန်းနီမြို့နယ်သည် နယ်စပ်ဒေသနှင့် နီးစပ်သောနယ်မြေဒေသဖြစ်ရာ မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်မှုများ ဖြစ်ထွန်းလာအောင်စည်းရုံးဆောင်ရွက်ရမှာဖြစ်ကြောင်း။

ဌာနဆိုင်ရာများက ဦးဆောင်ပြီး လူမှုရေး အသင်းအဖွဲ့များ၏ ကူညီပံ့ပိုးမှုအား၊ ပြည်သူများ၏ပူးပေါင်းပါဝင်မှုအားများ ပေါင်းစပ်ကာ မိမိရပ်ရွာ မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သိန်းနီမြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်၊ ကွန်ပျူတာတစ်စုံတို့ကို လက်ထောက်မြို့နယ်ပညာရေးမှူးထံ ပေးအပ်ပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် သိန်းနီမြို့ မဟာကမ္ဘောဇကျောင်းဆိုင်ကျောင်းတိုက်သို့ သွားရောက်၍နမ့်ဆလပ်ကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒိသေနအမှူးပြုသော ဆရာတော်သံဃာတော်များအား ပူဇော်ကန်တော့ကြပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဘုမိဖသာမုဒြာ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့မှတစ်ဆင့် နောင်ချိုမြို့သို့ရောက်ရှိကြရာ ကျောက်မဲခရိုင်နှင့် နောင်ချိုမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နောင်ချိုမြို့ မြို့နယ်ခန်းမ၌ ကျောက်မဲခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ကျောက်မဲခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးဝင်းက ခရိုင်၏တည်နေရာနှင့်အကျယ်အဝန်း၊ လူဦးရေ၊ မြေယာအသုံးချမှုအခြေအနေ၊ ၂၀၀၃-၂၀၀၄ ခုနှစ် တစ်နှစ်ပတ်လုံး သီးနှံများစိုက်ပျိုးမှု အခြေအနေ၊ အထူးအထွက်တိုးစပါးဆင်းရွှေလီနှင့် ဆင်းရတနာစပါးစိုက်ပျိုးမှု၊ ခရိုင်အတွင်း ဝမ်းစာဖူလုံမှု၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နောင်ချိုမြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုလွင်က မြို့နယ်၏ တည်နေရာနှင့်အကျယ်အဝန်း၊ ရာသီဥတု၊ မြေယာအသုံးချမှု၊ တစ်နှစ်ပတ်လုံးသီးနှံ စိုက်ပျိုးမှု၊ မိုးသီးနှံစိုက်ပျိုးမှု၊ ဆောင်းသီးနှံစိုက်ပျိုးမှု၊ ဒေသဝမ်းစာ ဖူလုံမှုအခြေအနေ၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဆက်သွယ်ရေးလုပ်ငန်းများ အခြေအနေနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပံ့ပိုးဆောင်ရွက်

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်နှင့် စီမံကိန်းဒါရိုက်တာဦးသောင်းညွန့်တို့က ပြင်ဦးလွင်မြို့နယ်နှင့် နောင်ချိုမြို့နယ်များတွင် ကော်ဖီဧက တစ်သိန်းစိုက်ပျိုးရန် လျာထားဆောင်ရွက်နေမှု၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို စိုက်ပျိုးမြေအဖြစ် ဖော်ထုတ်မှု၊ ဖော်ထုတ်ပြီး စိုက်ပျိုးမြေများကို အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအား ချထားပေးပြီး၊ ချထားပြီး စိုက်ပျိုးမြေများတွင် ကော်ဖီပင်များ စိုက်ပျိုးထားမှု၊ ကော်ဖီပျိုးပင်များ ဖြန့်ဝေမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရည်မှန်းချက်လုပ်ငန်းများ အောင်မြင်ရေး၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ဌာနဆိုင်ရာ တာဝန်ရှိသူများက ညှိနှိုင်းပံ့ပိုးဆောင်ရွက်ကြရေး မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် နောင်ချိုမြို့နယ်အပါအဝင် ကျောက်မဲခရိုင်၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်နှင့် နောင်ချိုမြို့နယ်နှင့် ပြင်ဦးလွင်မြို့နယ်အကြား ကော်ဖီဧက တစ်သိန်းဖော်ထုတ်စိုက်ပျိုးရေးစီမံကိန်း၏ တိုးတက်မှုအခြေအနေများ၊ စိစစ်ပြီးလိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးနိုင်ရန် မိမိနှင့်အဖွဲ့ လာရောက်ခဲ့ခြင်းဖြစ်ကြောင်း။

အလားအလာကောင်း

နောင်ချိုမြို့နယ် အပါအဝင် ကျောက်မဲခရိုင်သည် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လျက်ရှိပြီး ဒေသဖွံ့ဖြိုးရေးအလားအလာကောင်းများ ဖြစ်ထွန်းနေသည်ကို တွေ့ရကြောင်း။

နောင်ချိုမြို့နယ်အတွင်း ကျေးရွာများအထိ လမ်းပေါက်နေပြီးဖြစ်ရာ လမ်းများ အဆင့်မြှင့်တင်ရေး၊ အခြေခံပညာကျောင်းများ တိုးချဲ့ဖွင့်လှစ်ရေး၊ ကျေးလက် ကျန်းမာရေးဌာနများ တိုးချဲ့ဖွင့်လှစ်ရေးအပါအဝင် ဒေသ၏ တင်ပြချက်အားလုံးကို ယခုပင် ဖြည့်ဆည်းစီမံပေးခဲ့ပြီးဖြစ်ကြောင်း။

စေတနာပေါင်းစပ်

သို့ဖြစ်၍ ကျောက်မဲခရိုင်နှင့်တကွ နောင်ချိုမြို့နယ်၏ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ တိုးတက်ဖြစ်ထွန်းရေးအတွက် ခရိုင်နှင့် မြို့နယ်တာဝန်ရှိပုဂ္ဂိုလ်များအားလုံးက ဝီရိယနှင့် စေတနာများ ပေါင်းစပ်ပြီး အားထုတ်ကြိုးပမ်းဆောင်ရွက်ပေးကြဖို့ မှာကြားလိုကြောင်း။

ယနေ့အချိန်အခါတွင် ဗဟိုအဆင့်မှ နိုင်ငံတော်တာဝန်ရှိသူများကိုယ်တိုင် မြို့နယ်အဆင့်၊ ကျေးလက်အဆင့်များအထိလာရောက်ပြီး ဒေသဖွံ့ဖြိုးရေး အစီအမံများ စီမံဆောင်ရွက်ပေးလျက်ရှိရာ ဗဟိုအဆင့်မှ ပံ့ပိုးပေးမှုများ လက်တွေ့အကောင်အထည်ပေါ်ဖြစ်ထွန်းလာစေရအောင် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက မိမိတို့၏လုပ်ငန်းတာဝန်များကို ဖိဖိစီးစီး ဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

တစ်စိတ်တစ်ဝမ်းတည်း

နောင်ချိုမြို့နယ်သည် အခြားသောဒေသများနည်းတူ တိုင်းရင်းသားလူမျိုးစုများ ပေါင်းစည်းနေထိုင်ကြသည့် ဒေသဖြစ်ရာ ပြည်ထောင်စုကြီးအတွင်း တစ်မိသားစုတည်းမှ ပေါက်ဖွားလာသော သွေးချင်းများ အချင်းချင်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ တိုးပွားခိုင်မာအောင်၊ ပြည်ထောင်စုစိတ်ဓာတ် အခြေခံဖြင့် မိမိရပ်ရွာ၊ မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူများအားလုံးတက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်လာစေရအောင်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများ အားလုံးက တစ်စိတ်တစ်ဝမ်းတည်း ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နောင်ချိုမြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကို ကျောင်းအုပ်ကြီးအား ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိကြပြီး ဆက်လက်ထွက်ခွာကြရာ ရန်ကုန်မြို့သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

(၆၀)နှစ်မြောက်တပ်မတော်နေ့ပြပွဲ
တပ်မတော်စစ်သမိုင်းပြတိုက်

(ရွှေတိဂုံဘုရားလမ်း)

(၂၆-၃-၂၀၀၅ မှ ၄-၄-၂၀၀၅)

(မည်သူမဆိုအခမဲ့ဝင်ရောက်ကြည့်ရှု လေ့လာနိုင်ပါသည်)

(၆၀)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို



နှလုံးလှတပ်မတော်

★ အမျိုးသားရေး
လွတ်လပ်ရေးတည့်...
ဦးဆွေးဆံမြည့် သေတစ်နေ့မို့
ထိုနေ့ကြိုက လွတ်လပ်မှ...
အမျှဝေပါ သူကြေညာခဲ့
ရိက္ခာမရ လစာမရှိ
မသိကိုယ်ကျိုး မစိုးမရွံ့
နောက်မတွန့်ဘဲ သက်စွန့်ကြိုးပမ်း
ဥဒါန်းတွင်ရစ်
မျိုးချစ်တပ်မတော်။
★ နိုင်ငံ့အရေး
ကာကွယ်ရေးသည်
သွေးခွဲဝင်နှောက် စစ်မီးတောက်၍
ချောက်ထဲကျလု ပြည်ထောင်စုကို
ထမ်းခတူပြိုင် လေးကြိမ်တိုင်၏
မယိုင်မလဲ ခိုင်မြဲသစွာ
မေတ္တာသွန်းဖြိုး မစိုးမရွံ့
မတွန့်မဆုတ် အားထုတ်ဖော်ညွှန်း
မော်ကွန်းရေးထိုး
အမျိုးသား တပ်မတော်။
★ မျိုးချစ်တပ်မတော်
ပြည်သူ့တပ်မတော်
တို့တပ်မတော်သည်...
ကမ္ဘာပေါ်ရှိ တပ်မတော်များ
အစားစားမှ
ကြေးစားမဟုတ် ရုပ်သေးမလုပ်
အလုပ်အကျွေး ပြည့်အရေးသာ
ကျေးဇူးသိတတ် ကျေးဇူးဆပ်၏
မြင့်မြတ်ကျင့်ထုံး ပီတိဖုံးလျက်
အပြုံးမြမြ
နှလုံးလှတပ်မတော်ဖြစ်သတည်း။ ။

သီဟအောင်

ပါကစ္စတန်နိုင်ငံ နှစ်ပတ်လည်အမျိုးသားနေ့ ဝန်ကြီးဦးဝင်းအောင် သဝဏ်လွှာပေးပို့

ရန်ကုန် မတ် ၂၃

၂၀၀၅ခုနှစ် မတ် ၂၃ရက်၌ ကျရောက်သော ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်ထံမှ ပါကစ္စတန် အစ္စလာမ်မစ် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မီရန် ကူရှစ် မာမွတ်ကာစူရီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

စာမျက်နှာ ၄ မှ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ ထို့နောက် ပေါင်းလင်း(ငမိုးရိပ်ရေကူ) ရေလှောင်တမံ၏ ပင်မတမံ ရေထိန်းမျှော်စင်နှင့် ရေထုတ်ပြွန် တည်ဆောက်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် စီမံကိန်းရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ညွန့်တင်က ငမိုးရိပ်ရေလှောင်တမံ၌ ဧကပေ ၁၈၀၀၀၀၊ ပေါင်းလင်းရေလှောင်တမံ၌ ဧကပေ ၁၂၀၀၀၀နှင့် မဟူရာ ရေလှောင်တမံ၌ ဧကပေ ၅၆၀၀၀ ရေသိုလှောင်နိုင်မည့် အခြေအနေ၊ ပဲခူးရိုးမမှ စီးဆင်းလာသောရေထု ပမာဏဧကပေ ခြောက်သိန်းကျော် ရှိနိုင်ကြောင်းကို တွက်ချက်၍ရပါကြောင်း၊ အဆိုပါ ရေများကို ငမိုးရိပ်ဆည်မှ ဖမ်းယူစုဆောင်းနိုင်မှုပမာဏမှာ ဧကပေ နှစ်သိန်းခန့်သာရှိပြီး ကျန် ဧကပေ လေးသိန်းကျော်မှာ ရေလွှဲပေါက်မှ ထုတ်ပစ်ခဲ့ရကြောင်း။

ရေဖြည့်ဆည်းပေး

အဆိုပါ ငမိုးရိပ်ဆည်မှ ထုတ်လွှတ်ပေးရသည့် ရေများကိုယခင်က တည်ဆောက်ပြီးဖွင့်လှစ်ပြီးဖြစ်သည့် မဟူရာဆည်နှင့်ယခုဖွင့်လှစ်လိုက် သည့် ပေါင်းလင်းဆည်တို့ဖြင့် ဖမ်းယူစုဆောင်းခြင်းဖြင့်ယခင်ထုတ်လွှတ် ခဲ့ရသည့် ရေဧကပေ လေးသိန်းအနက်မှ ဧကပေ နှစ်သိန်းနီးပါကို စုဆောင်း ရရှိနိုင်မှာဖြစ်ပြီး ငမိုးရိပ်ဆည်အတွင်းသို့ ရေဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း။

ထို့ပြင် ငမိုးရိပ်ဆည်၊ မဟူရာ ဆည်နှင့် ပေါင်းလင်းဆည်တို့၏ ရေပိုလွှဲများတွင် လေးပေအမြင့်ရှိသည့် ရေတံခါးရွက် (Shulters)များ ထပ်မံတပ်ဆင်ပေးခြင်းဖြင့်နောက် ထပ်ရေဧကပေ ခုနစ်သောင်းနီးပါး ထပ်မံစုဆောင်း ရရှိနိုင်မည့်တွက်ချက် လေ့လာမှုများကိုလည်းပြုလုပ်လျက်ရှိပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော် စန်ဝင်းက ပေါင်းလင်း(ငမိုးရိပ်ရေကူ) ရေလှောင်တမံစီမံကိန်းဆိုင်ရာ အချက်အလက်များနှင့်တည်ဆောက်ရေးလုပ် ငန်းများဆောင်ရွက်ခဲ့မှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ် ကြီးခင်ညွန့်က ငမိုးရိပ်ရေလှောင်တမံနှင့် ဆက်စပ်ဆောင်ရွက်နေသော လုပ်ငန်းများမှ စိုက်ပျိုးရေပေးဝေရေး အတွက်သာမက ရန်ကုန်မြို့တော်၏ သောက်သုံးရေ ဖြန့်ဝေရေးကိုပါ အကျိုးပြုမှာဖြစ်သဖြင့် စီမံကိန်းလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် လှည်းကူးမြို့နယ်ရှိ ငမိုးရိပ်ရေလှောင်တမံသို့ သွားရောက်၍ ရဟတ်ယာဉ်ပေါ်မှ ရေသိုလှောင်ထားမှု အခြေအနေကို ကြည့်ရှုကြသည်။

ရေသိုလှောင်နိုင်မှုကြည့်ရှု

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ပင်မတမံတာပေါင်ပေါ်မှ မော်တော်ယာဉ်များဖြင့် ငမိုးရိပ်ရေလှောင်တမံ၏ ရေသိုလှောင်နိုင်မှု အခြေအနေကို ထပ်မံကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် လှည်းကူးမြို့နယ် ငမိုးရိပ်ရေ လှောင်တမံဒေသ၊ ပရဆေးဥယျာဉ် တည်ဆောက်ရေးစီမံကိန်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပရဆေးဥယျာဉ်သို့ ရောက်ရှိကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ပရဆေးပင်အမျိုးပေါင်း ၂၅၈ မျိုး စိုက်ပျိုးထားသော မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပရဆေးဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုကြရာ ဦးဆောင်ညွှန်ကြားရေးမှူးဦးထွန်းသန်းက ပရဆေးဥယျာဉ်အတွင်းလိုက်လံပြသ ရှင်းလင်းသည်။

ပရဆေးစိုက်ခင်းကြည့်ရှု

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ အဓိကရောဂါကြီး ခြောက်မျိုး ကုသပျောက်ကင်းနိုင်သည့် ပရဆေးများ စိုက်ခင်းကိုကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီး ချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည်ပရဆေးပင်အမျိုးပေါင်း ၇၉ မျိုးစိုက်ပျိုးထားသော မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ပရဆေးဥယျာဉ် ကိုသွားရောက်ကြည့်ရှုကြသည်။ ထိုမှတစ်ဆင့်ငမိုးရိပ်ရေလှောင်တမံရှင်းလင်း ဆောင်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းကရန်ကုန်မြို့တော်သို့ သောက်သုံးရေဖြန့်ဝေပေးမှုနောက်ခံသမိုင်း၊ ရန်ကုန်မြို့တော်သို့ လှော်ကား ရေလှောင်ကန်၊ ဂျိုးဖြူရေလှောင်ကန်၊ ဖူးကြီးရေလှောင်ကန်နှင့် ကော်မတီပိုင်အဝီစိတွင်းများမှ နေ့စဉ်ရေဂါလန် ၉၅ သန်းဖြန့်ဝေပေးနေမှု၊ ရန်ကုန်မြို့တော်နေလူဦးရေတိုး တက်လာသည်နှင့်အမျှ ပြည်သူများကို သောက်သုံးရေ ပိုမိုဖြန့်ဝေနိုင်ရန် ငမိုးရိပ်ရေလှောင်ကန်တွင် မြို့တော်ရေပေးဝေရေးစီမံကိန်း ဆောင်ရွက်လျက်ရှိရာ ပထမဆင့်တွင် ရေခေါ်တူးမြောင်းနှင့် ရေယူအဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်း၊ ဒုတိယဆင့်တွင် ငမိုးရေတွန်းစက်ရုံတည်ဆောက်ခြင်းနှင့် လျှပ်စစ်ဓာတ်အားလိုင်း ဆက်သွယ်တည်ဆောက်ခြင်းလုပ်ငန်း၊ တတိယဆင့်တွင် ငမိုးရိပ်ရေတွန်းစက်ရုံမှ ရန်ကုန်မြို့အတွင်း ရေပို့ပိုက်မကြီးသို့ ဆက်သွယ်တည် ဆောက်ခြင်းလုပ်ငန်းများနှင့် ရေပိုက်ဆက်သွယ်မှု ငမိုးရိပ်ရေလှောင်တမံ ပင်မမြောင်းမှ ဆက်သွယ်ပါက ပိုက်လိုင်းနှင့် မီးလိုင်းသွယ်တန်းမှု ၁၅ မိုင်ခန့်လျော့နည်းပြီး ကုန်ကျစရိတ် ထက်ဝက်ခန့်သက်သာမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၂ မှ

ယခု ပြောင်းလဲကျင့်သုံးမည့် တံတားအသုံးပြုခ ကောက်ခံခြင်းကို လေလံစနစ်ဖြင့် ပြောင်းလဲကောက်ခံရေးနှင့် ပတ်သက်ပြီးချမှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့် အညီ ဆောင်ရွက်သွားကြရန်ဖြစ်ပြီး လေလံစနစ်ဖြင့် ဆောင်ရွက်မည့် ကိစ္စရပ်များကို ၂၀၀၄ ခုနှစ် မတ်လကုန်အတွင်း ပြီးစီးအောင် ဆောင်ရွက်သွားရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ကြိုတင်ဆောင်ရွက်မှုတင်ပြ

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေက ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက နိုင်ငံတော်ပိုင်လမ်း၊ တံတားအသုံးပြုခ ကောက်ခံမှုများအခြေအနေ၊ လမ်းအသုံးပြုခ စမ်းသပ်ကောက်ခံလျက်ရှိသည့် ရွှေဘို–မြစ်ကြီးနားလမ်း၊ တမူး–ကလေးလမ်း၊ ကော့ကရိတ်–မြဝတီလမ်း၊ ကျိုင်းတုံ–တာချီလိတ် လမ်းနှင့် နောင်ချို–လားရှိုး–ကွတ်ခိုင် –မူဆယ်လမ်းစသည့် လမ်းမကြီးငါးလမ်းနှင့် တံတားအသုံးပြုခ ကောက်ခံလျက်ရှိသည့် အထူးစီမံကိန်းဝင် ဧရာဝတီမြစ်ကူးတံတားကြီး ခြောက်စင်း၊ စီမံကိန်းဝင်တံတားကြီး ၂၁ စင်း၊ သာမန်တံတား ၄၁ စင်း၊ သီးခြားနှုန်းထားဖြင့် ကောက်ခံသောတံတား လေးစင်း စုစုပေါင်းတံတား ၇၂ စင်းတို့မှ ကောက်ခံရရှိသည့် ဘဏ္ဍာရေးအခြေအနေ၊ သတ်မှတ်နှုန်းထားထက် ပိုမိုကောက်ခံသော လေလံတံတားသုံးစင်းမှ သက်ဆိုင်ရာ လေလံရရှိသူအား လေလံစည်းမျဉ်းနှင့်အညီ အရေးယူဆောင်ရွက်ခဲ့မှု၊ လာမည့် ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ်မှစ၍ ဆောင်ရွက်သွားမည့် လမ်းတံတား အသုံးပြုခကောက်ခံမှုဆိုင်ရာ သတ်မှတ်ချက်များအား ကြိုတင်ဆောင်ရွက်ထားမှု အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်အောင်မင်းက ရထားပို့ဆောင်ရေး ဝန်ကြီးဌာန မြန်မာ့မီးရထားက အသုံးပြုခကောက်ခံလျက်ရှိသည့် တံတားကြီးဆယ်စင်းမှ ကောက်ခံရရှိသည့် ဝင်ငွေ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေး နှစ်မှစ၍ တံတားအသုံးပြုခ ကောက်ခံရန်စီစဉ်ထားရှိမှုဆိုင်ရာတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်များမှ ကိုယ်စားလှယ်များက မိမိတို့၏ တိုင်းစစ်ဌာနချုပ်များအလိုက် တံတားအသုံးပြုခ ကောက်ခံလျက်ရှိသော တံတားများ၊ ကောက်ခံရရှိမှု ဝင်ငွေနှင့် ကောက်ခံလျက်ရှိသည့်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

အကြံပြုဆွေးနွေး

ဆက်လက်၍ ညှိနှိုင်းအစည်းအဝေး တက်ရောက်လာကြသည့် ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ ဝန်ကြီး ဗိုလ်ချုပ် လှမြင့်ဆွေ၊ ဝန်ကြီးဗိုလ်ချုပ် လှထွန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် မြင့်သိန်းနှင့် တာဝန်ရှိသူများက လမ်း၊ တံတားခွန်များ ကောက်ခံရေးနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေး တင်ပြကြသည်။

ယင်းနောက် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်မှုဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ ညှိနှိုင်းအစည်းအဝေးကိုရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က ငမိုးရိပ် ရေလှောင်ကန်မှ ရန်ကုန်မြို့တော် ရေပေးရေး အတွက် ကူညီပံ့ပိုးပေးနိုင်မည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ငမိုးရိပ်ရေလှောင်တမံ ရေသောက်ဒေသ၌ နွေစပါးစိုက်ပျိုးထားမှုနှင့် ဆည်ရေရရှိမှုအခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်

ပြည်နယ်၊တိုင်း အမျိုးသမီးရေးရာအဖွဲ့ကိုယ်စားလှယ်များ

စုံညီအစည်းအဝေး

ရန်ကုန်မြို့ ၂၈၊ ၂၉-၃-၂၀၀၄

မြန်မာ့ရုပ်မြင်သံကြား

၂၃-၃-၂၀၀၄
(အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော် ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ (၅၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၀၀ ၆။ ကဗျာပန်းဥယျာဉ်
- ၈:၁၅ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈:၂၅ ၈။ ဆပ်သွားတံတား
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Grammar Made Easy.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး – (၅၂)နှစ်မြောက် တပ်မတော်နေ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မိန့်ကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English For Everyday Use.
- ၁၆:၄၅ ၄။ တပ်မတော်နေ့ ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ(၂၀၀၄ ခုနှစ်)
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒအထူးပြုများ) (သင်္ချာ)
- ၁၇:၁၅ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၁၇:၂၅ ၇။ ခံစားနားဆင်တေးဂီတဝင်
- ၁၇:၃၅ ၈။ တေးဂီတအစီအစဉ်
- ၁၇:၄၅ ၉။ ဆိုကြမယ်၊ပျော်ကြမယ်
- ၁၈:၃၀ ၁၀။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၁။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၂။ ကြေးမုံရိပ်သွင်တေးနှယ်ဥ
- ၁၉:၁၅ ၁၃။ သားငါးဖွံ့ဖြိုးပြည့်အကျိုး
- ၁၉:၂၅ ၁၄။ (၅၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၁၉:၃၅ ၁၅။ (၅၂)နှစ်မြောက်တပ်မတော်နေ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ မိန့်ကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက် "ပြည်သူ့အတွက်တပ်မတော်" –ပြည့်အကျိုးလုပ်ငန်း သယ်ပိုးရန်မှာတို့ဝန်တာ (လမ်း၊ တံတား၊ ယဉ်ကျေးမှု) –ပြည်ထောင်စုဖွံ့ဖြိုးတိုးတက် တပ်မတော်အစိုးရလက်ထက် –ဇာတိမာန် (ရဲဘော်ခင်မောင်လှ၊ ဖိုးဆိုချင် ခင်မောင်ညွန့်)
- ၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်ဆိုသည်မှာ"** (အပိုင်း–၁၄)
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။



မီးဘေးရှောင်
မလောင်ခင်တား

ကာတွန်းနှင့် အငြိမ့်အပါအဝင် ဗီဒီယို ၁၃ကားဖြန့်ချိ

မောင်ဆွေထွန်း

ရန်ကုန် မတ် ၂၂

ယခုအပတ်တနင်္လာနေ့မတ် ၂၂ ရက်မှ တစ်ပတ်အတွင်း မြန်မာဗီဒီယိုဇာတ်ကား ၁၃ ကားဖြန့်ချိပြသခွင့်ရရှိသည်။ ယင်းအနက် **'ဦးစိတ်တိုမျောက်ညို'**၊ **'အချစ်စစ်ပွဲ'** ကာတွန်းကားနှင့် **'မြန်မာစာဌာန နှစ် ၆၀ ပြည့်အထိမ်းအမှတ်အငြိမ့်'** ဇာတ်ကားတို့လည်း ပါဝင်သည်။

စိုးမိုးဗီဒီယိုမှရဲမင်းပိုင်၊ထက်ရှား၊ ရွှန်းလဲ့ဦးတို့ပါဝင်သော **'မျက်စောင်းထိုးတဲ့နဂါး၊ ခုန်အုပ်တဲ့ကျား'** ဇာတ်ကား၊ စိန်ငွေးဗီဒီယိုမှ ငြိမ်းချမ်း၊ ထက်ထက်တို့ ပါဝင်သော **'အင်ကြင်းစံရဲ့ ရွှေသကြင်္ကန်'**၊ ကျော်သူ၊ ကျော်ရဲအောင်၊ ဇာဂနာတို့ပါဝင်သော **'ဗိုက်ပူသူတော်'** ပထမပိုင်းနှင့် ဇာတ်သိမ်းပိုင်း၊ ဇမ္ဗူတာလူမှ ရာဇာနေဝင်း၊ ပုလဲဝင်းတို့ပါဝင်သော**'နှုတ်ခမ်းနီမလေးများ'**၊ ရန်အောင်၊ နိုင်းနိုင်း၊ နန္ဒာလှိုင်တို့ပါဝင်သော **'မညီသောအနားများ'**၊ ခင်လှိုင်၊ မြို့တော်ချစ်ဖွယ်၊ သင်းသင်းယုလှိုင်တို့ပါဝင်သော **'သရီးဒီ'** ဇာတ်ကား၊ ကြောင်ကမ္ဘာမှ နေမျိုးအောင်၊ လှအဥ္စလီတင့်တို့ပါဝင်သော **'ဒီအမေ၊ ဒီသား'**၊ စိန်ငွေးဗီဒီယိုမှ ခန့်စည်သူ၊ ကြည်လဲ့လဲ့ဦးတို့ပါဝင်သော **'မိုးကောင်းကင်ထက်မြင့်သော'** ဇာတ်ကား။

'ဗိုက်ပူသူတော်' ဇာတ်ကားမှ ဇာဂနာ၊ မေသန်းနု။

မျက်ခြယ်ဗီဒီယိုမှ နေထက်လင်း၊ မြတ်ကေသီအောင်ပါဝင်သော **'ရာဇဝင်ကြွေး'** ဇာတ်ကား၊ ကြောင်ကမ္ဘာမှ မင်းကို၊ မြသင်းခြယ်ပါဝင်သော **'အာဠာဝက'** ဇာတ်ကား၊ ဘိုကလေးတင့်အောင်၊ ကိုကိုလေးစီစဉ်သည့် မေသန်းနုနှင့် လူရွှင်တော်များပါဝင်သော **'အငြိမ့်'** ဇာတ်ကားတို့ဖြန့်ချိမည်ဖြစ်သည်။

ရွှေပင်လယ်ဗီဒီယိုထုတ်လုပ်ရေးမှ ဝတ္ထုရွှေဥဒေါင်း၊ ဇာတ်ညွှန်း အေးမွန်အောင်၊ ဒါရိုက်တာ ဘစိုးတင်၏ **'မဟူရာညများ၏ ပတ္တမြားပွင့်'** အဆင့်မြင့် ဗီဒီယိုဇာတ်ကားများပြသခွင့်ရရှိပြီး၍ မကြာခင်ရုံတင်နိုင်မည်ဟု သိရသည်။

ထိုဇာတ်ကားတွင်နေထက်လင်း၊ ရဲမင်းပိုင်၊ အောင်ပိုင်၊ ကျော်ဇောဟိန်း၊ မြတ်ကေသီအောင်၊ ချောရတနာတို့ပါဝင် သရုပ်ဆောင်ကြသည်။ ။

(မြန်မာ့အလင်း)

ရွှေပင်လယ်ဗီဒီယိုထုတ်လုပ်ရေးမှ ဝတ္ထုရွှေဥဒေါင်း၊ ဇာတ်ညွှန်း အေးမွန်အောင်၊ ဒါရိုက်တာ ဘစိုးတင်၏ 'မဟူရာညများ၏ ပတ္တမြားပွင့်' ဗီဒီယိုဇာတ်ကားမှ ရဲမင်းပိုင်နှင့် မြတ်ကေသီအောင်။

မျက်ခြယ်ဗီဒီယိုမှ ဖြန့်ချိမည့် 'ရာဇဝင်ကြွေး' ဇာတ်ကားမှ နေထက်လင်းနှင့် မြတ်ကေသီအောင်။

မိုးကောင်းမြို့နယ်စည်ပင်အမှုဆောင်အရာရှိ သားငါးဆိုင်ခန်းများကြည့်ရှုစစ်ဆေး

မိုးကောင်း မတ် ၁၄

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမြင့်သည် မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးတင်မောင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဦးစိန်လင်း၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဦးအောင်ဝင်းတို့နှင့်အတူ ဖေဖော်ဝါရီ ၂၀ရက်က မြို့နယ်စည်ပင်သာယာဈေးအတွင်းရှိ သားငါး အရောင်းဆိုင်များအား သတ်မှတ် စည်းကမ်းချက်များ လိုက်နာမှု ရှိမရှိ လိုက်လံစစ်ဆေးပြီး ကျန်းမာရေးနှင့် ညီညွတ်ပြီး လတ်ဆတ်သော သားငါးများကိုသာ ထုတ်လုပ်ရောင်းချရန်နှင့် ဈေးဆိုင်ခန်းများ သန့်ရှင်းသပ်ရပ်ရေး စနစ်တကျ ဆောင်ရွက်ရန် မှာကြားကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

(၄၁၆)

သီပေါ ဘော်ကြိုကျေးရွာ အလက ပညာရည်ချွန်ဆုပေး

သီပေါ မတ် ၁၃

သီပေါမြို့နယ် ဘော်ကြိုကျေးရွာအုပ်စု အခြေခံပညာအလယ်တန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၇ ရက်က ကျောင်းခန်းမဆောင်၌ ကျင်းပရာ မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌ၊ သီပေါမြို့နယ်ဥက္ကဋ္ဌ ဦးမျိုးအောင်၊မြို့နယ်ပညာရေးမှူးဒေါ်သောင်းသောင်း၊ ဘော်ကြို အလယ်တန်းကျောင်းအုပ်ဆရာကြီး ဦးကျော်သိန်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးစိုင်းပြုံးချိုတို့က အမှာစကားပြောကြားသည်။

ထို့နောက် ထူးချွန်ကျောင်းသားကျောင်းသူများကို သီပေါမြို့နယ်ဥက္ကဋ္ဌ ဦးမျိုးအောင်၊ မြို့နယ်ပညာရေးမှူး ဒေါ်သောင်းသောင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ငွေးငွေးရှိန်၊ မြို့နယ်အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်ကြင်မီ၊ ဘော်ကြို အလက ကျောင်းအုပ်ဆရာကြီးဦးကျော်သိန်းနှင့်တာဝန်ရှိသူများက တစ်ဦးချင်းဆုများပေးအပ် ချီးမြှင့်ကြသည်။ **(အပေါ်ပုံ)** ဆက်လက်၍ ကျောင်းသားကျောင်းသူလေးများက ရိုးရာယဉ်ကျေးမှုအကပဒေသာများဖြင့် ဖျော်ဖြေကြကြောင်း သိရသည်။

(၃၀၆)

ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက လုပ်ငန်းဆိုင်ရာရှင်းလင်း၊ အဝတ်အထည်နှင့် မီးသတ်ယာဉ်လှူဒါန်း

ပူတာအို မတ် ၁၄

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ လုပ်ငန်းဆိုင်ရာ ရှင်းလင်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၅ ရက်က ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမတွင် ကျင်းပသည်။

ပထမဦးစွာ ကချင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ဇနီး ဒေါ်တင်တင်နွဲ့က မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ ရည်ရွယ်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကချင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ အဖွဲ့ဝင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးရဲမြင့်က အသင်း၏လုပ်ငန်းပိုင်း၊ တာဝန်ပိုင်းဆိုင်ရာများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

လှူဒါန်း

ထို့နောက် ကချင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်တင်တင်နွဲ့က ပူတာအိုခရိုင် အမျိုးသမီးရေးရာအဖွဲ့သို့ ငွေကျပ် ၅၅၀၀၀၀ တန်ဖိုးရှိ အဝတ်အထည်များကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

လက်ခံရယူ

အဆိုပါ အခမ်းအနား၌ ငွေကျပ် ၁၀၂၉၆၆၀၀ တန်ဖိုးရှိ မီးသတ်ယာဉ်တစ်စီးကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး(ကိုယ်စား)ပူတာအိုခရိုင်ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးမြင့်သိန်းက ပေးအပ်လှူဒါန်းရာ မြို့နယ် အရန်မီးသတ်တပ်ဖွဲ့မှ ဦးအင်ဖုန်တန်က လက်ခံရယူပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(ခရိုင် ပြန်/ဆက်)**

မော်ဘီမြို့ စူဠဘွဲ့နှင်းသဘင်ကျင်းပ

မော်ဘီ မတ် ၁၅

မော်ဘီမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသည့် (၁၈)ကြိမ်မြောက် စူဠဘွဲ့နှင်းသဘင်အခမ်းအနားကို မတ် ၁၄ ရက်က မော်ဘီမြို့နယ် အနောက်ကျောင်းကြီး ကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဘုရားကြီးကျောင်းတိုက် ဆရာတော် ဦးဇနိန္ဒထံမှ ငါးပါးသီလခံယူပြီး ဥက္ကဋ္ဌ အနောက်ကျောင်းကြီး ကျောင်းတိုက်ဆရာတော် ဦးတေဇနိယမှ ဩဝါဒကထာချီးမြှင့်ကာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးမြင့်အောင်က သာသနာ ရေးဆိုင်ရာများကို လျှောက်ထားသည်။

စာအောင်သံဃာများ၊ အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တသင်တန်းတွင် ရန်ကုန်တိုင်း၌ ပထမရရှိခဲ့သူနှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှု စာမေးပွဲအောင်မြင်သူများအား မြို့နယ်ဥက္ကဋ္ဌ ဦးစိုးမြင့်အောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးကံဦး၊ မြို့နယ်သာသနာရေးမှူး ဦးအုန်းလွင်၊ တာဝန်ရှိသူများနှင့် စေတနာရှင်ပြည်သူများက အောင်လက်မှတ်များနှင့် နဝကမ္မဝတ္ထုငွေ စုစုပေါင်း ငွေကျပ် ၃၁၆၁၄၀ ဆက်ကပ်လှူဒါန်းကြသည်။

(က-ပ)

စာရေးသင်တန်းဖွင့်

ဂန့်ဂေါ မတ် ၁၅

ဂန့်ဂေါခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက ကြီးမှူး၍ ဂန့်ဂေါခရိုင်ရုံးနှင့် မြို့နယ်များအတွင်းရှိ စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း အမှတ်စဉ် (၁/၂၀၀၄)ဖွင့်ပွဲကို ဇန်နဝါရီ ၂၆ ရက်က ဂန့်ဂေါမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ပြုလုပ်ရာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လှဆွေတက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

(၂၇၃)

ပျော်ဘွယ်မြို့နယ် ရွှေပြည်ရန်နိုင်ရပ်ကွက် ခတ္တာလမ်းသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ကြည်နှင့် သုဓမ္မမဏိဇောတရေ ဦးမြင့်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်ပြန်/ဆက်)

(၅၉)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုကြိုဆို ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တွင် ကိုယ့်အားကိုယ်ကိုးကတ္တရာလမ်းများဖွင့်

ရန်ကုန် မတ် ၂၁

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၄၀)ရပ်ကွက်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းချော ကိုးလမ်းဖွင့်ပွဲနှင့် အမှတ်(၄၂)ရပ်ကွက်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းချော ၁၀လမ်းဖွင့်ပွဲ အခမ်းအနားများကို မတ် ၁၉ရက် နံနက် ၉နာရီက အမှတ်(၄၀)ရပ်ကွက်ရှိ ဦးဘချိုလမ်းနှင့် အမှတ်(၄၂)ရပ်ကွက်ရှိ သခင်အုန်းဖေကြီးလမ်းများထိပ်ရှိ မုခ်ဦးများရှေ့၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ တက်ရောက်ချီးမြှင့်ပြီး လမ်းများကိုဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ရှေးဦးစွာ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၄၀)ရပ်ကွက်အတွင်းရှိ ကိုယ့်အားကိုယ်ကိုးကတ္တရာ လမ်းချော ၉ လမ်းဖွင့်ပွဲ အခမ်းအနားကို ဦးဘချိုလမ်းထိပ်ရှိ မုခ်ဦးရှေ့၌ကျင်းပရာ မင်္ဂလာအချိန်တွင် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၄၂)ရပ်ကွက်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး လမ်းချော ၁၀လမ်း ဖွင့်ပွဲအခမ်းအနားကို သခင်အုန်းဖေကြီးလမ်းထိပ်ရှိ မုခ်ဦးရှေ့၌ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ ရန်ကုန်အရှေ့ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်နှင့် လမ်းဖြစ်မြောက်ရေးမတည်အလှူရှင် သီရိသုဓမ္မ မဏိဇောတဓရ ဦးစိန်လှဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းမှူး၊ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များသည် လမ်းများကို ဖြတ်သန်းကြည့်ရှု စစ်ဆေးကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၄၀)ရပ်ကွက်နှင့် အမှတ်(၄၂)ရပ်ကွက်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းချော ၁၉လမ်း ဖွင့်ပွဲအခမ်းအနားကို အမှတ်(၄၂)ရပ်ကွက် သခင်အုန်းဖေကြီးလမ်းနှင့် ဦးဖိုးကျားလမ်းထောင့်ရှိ ထေရဝါဒမဏ္ဍပ်ရောင်ခြည် ရိပ်သာခန်းမ၌ ဆက်လက်ကျင်းပရာ အစီအစဉ်အရ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လှိုင်က ကိုယ့်အားကိုယ်ကိုး လမ်းချောများ ဆောင်ရွက်ခဲ့မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ အမှတ်(၄၀)ရပ်ကွက်နှင့် အမှတ်(၄၂)ရပ်ကွက်များရှိ စုစုပေါင်း လမ်း ၁၉ လမ်းကို ပြည်သူလူထုနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်း၍ ကိုယ့်အားကိုယ်ကိုးဆောင်ရွက်ခဲ့မှုကြောင့် ကတ္တရာလမ်းချောများအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ခဲ့မှု အခြေအနေ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများအနေဖြင့် မိမိတို့ တာဝန်ယူရသည့် မြို့နယ်အတွင်း ကတ္တရာလမ်းချောများအဖြစ် ဆောင်ရွက်ရာ၌ ကျန်သည့်လမ်းများကို ကတ္တရာလမ်းချောများအဖြစ် တိုးမြှင့်ဆောင်ရွက်ရေး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဒေသခံ ပြည်သူတို့ပူးပေါင်းဆောင်ရွက်ရေးနှင့် ကူညီဖြည့်ဆည်းပေးရေးတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိလမ်းများ နိုင်လွန်ကတ္တရာလမ်းများဖြစ်စေရေးအတွက် စီမံချက်များ ချမှတ်ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

လွှဲပြောင်းပေးအပ်

ယင်းနောက် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လှိုင်က ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား) ဒုတိယဌာနမှူး ဦးဝင်းအောင်ကျော်အား ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းချော(၁၉)လမ်းနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။

ယနေ့ဖွင့်လှစ်သည့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်အမှတ်(၄၀)ရပ်ကွက်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းချော ၉လမ်းသည် အရှည်ပေစုစုပေါင်း ၁၀၃၇၁ ပေရှိပြီး ရပ်ကွက်ပြည်သူများထည့်ဝင်ငွေ ၂၉၃၁၇၄၆၅ကျပ်နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ပံ့ပိုးငွေ ၂၉၅၂၉၈၁၃ ကျပ်ဖြင့်လည်းကောင်း၊ အမှတ်(၄၂)ရပ်ကွက်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး ကတ္တရာ လမ်းချော ၁၀ လမ်းသည် အရှည်စုစုပေါင်း ပေ ၁၁၈၃၀ ရှိပြီး ရပ်ကွက်ပြည်သူ ထည့်ဝင်ငွေကျပ် ၃၄၁၈၀၀၀၀ နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ပံ့ပိုးငွေကျပ် ၃၄၃၄၄၀၀၀ဖြင့်လည်းကောင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဧည့်သည်တော်များ ဒဂုံမြို့သစ် (မြောက်ပိုင်း) အမှတ် (၄၀)ရပ်ကွက် ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ် ဖွင့်လှစ်ပြီး ဖြတ်သန်းကြည့်ရှု စစ်ဆေးကြစဉ်။

(မြို့တော်စည်ပင်)

မတ် ၁၉ ရက်က ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် တည်ဆောက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (ပို့ဆောင်ရေး)

ဘွဲ့တံဆိပ်တော်ရ စဉ့်ကူဆရာတော် ချီးကျူးပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၂၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတဘွဲ့တံဆိပ် ဆက်ကပ်ခြင်းခံရသော ပုဂံ-ညောင်ဦးမြို့နယ် စဉ့်ကူမြို့ မဟာဝိသုတာရုံကျောင်းတိုက် ပဓာနနာယက သာသနဓဇ ဓမ္မာစရိယ၊ ဝိနယ ပါဠိပါရဂူ ဘဒ္ဒန္တ ဥတ္တမအား စဉ့်ကူမြို့ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ ဂုဏပူဇာ အခမ်းအနားကို မတ် ၂၇နှင့်၂၈ ရက်များတွင် ကျင်းပမည်ဖြစ်သည်။

မတ် ၂၇ ရက် နံနက်တွင် ဘွဲ့တံဆိပ်တော်ရ ဆရာတော်အား ညောင်ဦးလေဆိပ် မှ အခမ်းအနားဖြင့် ပင့်ဆောင်ကာ ညောင်ဦးမြို့တွင် လှည့်လည် အပူဇော်ခံပြီး ချောက်-ညောင်ဦး မော်တော်ကားလမ်းဘေး ဝဲယာရပ်ကွက်၊ ကျေးရွာများမှ ဒေသခံများက ဖူးမြော်ကန်တော့ကာ မွန်းလွဲပိုင်းတွင် စဉ့်ကူမြို့အတွင်း ရပ်ကွက်များသို့ လှည့်လည်အပူဇော်ခံပြီး မတ် ၂၈ ရက်တွင် ကျောက်ပန်းတောင်း၊ ညောင်ဦး၊ ချောက်၊ စလေ၊ စဉ့်ကူ၊ ဝါဇီမှ တပည့် ဒါယကာ ဒါယိကာမများက စုပေါင်း၍ သံဃာတော်များအား အရဏ်ဆွမ်း၊ နေ့ဆွမ်း ဆက်ကပ်၍ ဂုဏပူဇာ ချီးကျူးပူဇော်ပွဲကို စည်ကားစွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ချောက်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် မတ် ၂၁

ချောက်မြို့နယ်အသင်း(ရန်ကုန်)၏ (၁၈)ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို မတ် ၂၈ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရွှေတိဂုံဘုရား အရှေ့မုခ် ဗဟန်းကြားတောရလမ်းမကြီးပေါ်ရှိ တရားရုံးချုပ်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် ချောက်မြို့နယ်သူ မြို့နယ်သား အားလုံးဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

တရားမဝင်စိုက်ပျိုးထားသော ဘိန်းခင်းများဖျက်ဆီး

ရန်ကုန် မတ် ၂၁

နိုင်ငံတော်အစိုးရသည် မူးယစ်ဆေးဝါး တားဆီးတိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တစ်စိုက်မတ်မတ်ဆောင်ရွက်လျက်ရှိပြီး အဆိုပါမူးယစ်ဆေးဝါး တားဆီးတိုက်ဖျက်ရေးလုပ်ငန်း၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် တောတောင်လျှိုမြောင်များတွင် တရားမဝင်စိုက်ပျိုးထားသော ဘိန်းခင်းများကို ရှာဖွေဖော်ထုတ်ဖျက်ဆီးလျက်ရှိရာ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၂ရက်အထိ ရှမ်းပြည်နယ်(တောင်ပိုင်း)ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့သည် ဟိုပုံးမြို့နယ် ဟိုဝေးရွာအနီး၌ ဘိန်းခင်း ၂၉ ဒသမ ၇၆ ဧက၊ စံဖူးရွာအနီး၌ ဘိန်းခင်း ၂၉ ဒသမ ၃၅ ဧက၊ တန်းလိတ်ရွာနှင့် ပန်ကုလားရွာအနီး၌ ဘိန်းခင်း ၆၅ ဒသမ ၈ ဧက၊ ဒုံတိဟန်ရွာနှင့်နောင်ကျုံရွာအနီး၌ ဘိန်းခင်း ၄၆ ဒသမ ၄ ဧက၊ တလားဒိုးရွာ၊ ပန်ကွန်ရွာနှင့် လိုက်ကွန်ရွာအနီး တစ်ဝိုက်၌ ဘိန်းခင်း ၄၄ ဒသမ ၈ ဧက စုစုပေါင်းဘိန်းခင်း ၂၆၇ ဒသမ ၈၇ ဧက ဖျက်ဆီးခဲ့သည်။

၂၀၀၃-၂၀၀၄ ဘိန်းစိုက်ရာသီအတွင်း ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် တရားမဝင် စိုက်ပျိုးထားသော ဘိန်းခင်း ၅၃၃၂ ဒသမ ၄၂၆ ဧက၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ဘိန်းခင်း ၈၅၉ ဒသမ ၄၉ ဧက၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် ဘိန်းခင်း ၄၆၇ ဒသမ ၅၂ ဧက၊ ကချင်ပြည်နယ်တွင် ဘိန်းခင်း ၄၇ဒသမ ၃၆ ဧက၊ ကယားပြည်နယ်တွင် ဘိန်းခင်း ၂၀၅ဒသမ ၅ ဧက၊ စစ်ကိုင်းတိုင်းတွင် ဘိန်းခင်း ၉၁ ဒသမ ၃ ဧက စုစုပေါင်း တရားမဝင်စိုက်ပျိုးထားသော ဘိန်းခင်း ၇၀၀၃ ဒသမ ၅၉၆ ဧက (၂၈၃၄ ဒသမ ၃၂ ဟက်တာ) ဖျက်ဆီးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်းနှင့်မင်္ဂလာတောင်ညွန့်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က Fresh Up ၏ ပံ့ပိုးကူညီမှုဖြင့်ဆောင်ရွက်သော သွားနှင့်ခံတွင်းကျန်းမာရေးပညာပေးဟောပြောပွဲကို မတ် ၂၀ရက်က ဒေသန္တရကျန်းမာရေးဦးစီးရုံးခန်းတွင် ပြုလုပ်ရာ ကိုယ်ဝန်ဆောင်မိခင်များအား သွားဘက်ဆိုင်ရာဆရာဝန် ဒေါက်တာဦးစိန်မြက ရှင်းလင်းဟောပြောစဉ်။ (၂၅၉)

ညောင်ရွှေ အလက(၂) မိခင်နှင့်ကလေးပြိုင်ပွဲဆုပေး

ညောင်ရွှေ မတ် ၁၃

ရှမ်းပြည်နယ်(တောင်ပိုင်း)ညောင်ရွှေမြို့ အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်းတွင် ဖေဖော်ဝါရီ ၁၂ ရက်က မြို့နယ်မိခင်၏ ကလေးစောင့်ရှောက်ရေးအသင်းမှ ကြီးမှူး၍ စံပြမိခင်နှင့်ကလေးပြပွဲ၊ ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့်ဆုရမိခင်နှင့်ကလေးများတက်ရောက်ကြသည်။

ထို့နောက် မြို့နယ်ကျောင်းကျန်းမာရေးဆရာဝန် ဦးဘိဒေါင်ခေါင်(သွားဘက်ဆိုင်ရာ)နှင့်မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ညွှန့်တို့က အမှာစကားများ ပြောကြားကြပြီး **(အောက်ပုံ)** ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ **(၀၂၇)**

ပဲခူးတိုင်း(အနောက်ပိုင်း)ထွေ/အုပ် လေးလပတ်လုပ်ငန်းညှိနှိုင်း

ပြည် မတ် ၁၇

ပဲခူးတိုင်း(အနောက်ပိုင်းတိုင်းခွဲ) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မိသားစု စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ ဒုတိယနှင့်တတိယ လေးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၁၇ ရက်နံနက် ၉ နာရီက ပဲခူးတိုင်း(အနောက်ပိုင်းတိုင်းခွဲ) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင်ကျင်းပရာ ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်နုနုဆွေက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

အစီအစဉ်အရ အခမ်းအနားတွင် ပဲခူးတိုင်း(အနောက်ပိုင်း တိုင်းခွဲ) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တွဲဖက်တိုင်းအုပ်ချုပ်ရေးမှူး၏ ဇနီး တိုင်းမိသားစု စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းမာက အဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ရှင်းလင်းတင်ပြ

ထို့နောက်ပြည်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး၏ဇနီး ပြည်ခရိုင်မိသားစု စည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်ဆွေဆွေနှင့် သာယာဝတီခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး၏ဇနီး ဒေါ်ခင်ဝင်းမြင့်က လုပ်ငန်းဆောင်ရွက်ချက်များကိုလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

စာတမ်းဖတ်ကြား

ယင်းနောက် ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နုနုဆွေက နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး အလုပ်ရုံဆွေးနွေးပွဲစာတမ်းကို ဖတ်ကြားပြီး တိုင်းမိသားစု စည်းကမ်းထိန်းသိမ်းရေး ကော်မတီ ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းမာက နိဂုံးချုပ်အမှာစကား ပြောကြားကြသည်။ **(၄၀၃)**

ပွင့်ဖြူရေချမ်းစင်ကျေးရွာ မူလတန်းကျောင်း ပညာရည်ချွန်ဆုချီးမြှင့်ပွဲကျင်းပ

ပွင့်ဖြူ မတ် ၁၈

မကွေးတိုင်း မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကျောင်းတော်ရာဘုရားအရှေ့ခြမ်း ရေချမ်းစင်ရွာ အခြေခံပညာမူလတန်းကျောင်း၏ ပညာရည်ချွန် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၃ရက် နံနက် ၉နာရီက ပြည်ထောင်စုခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီးဦးကျော်ဇေယျနှင့် ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ မိဘဆရာအသင်းအမှုဆောင်များ၊ ကျောင်းအကျိုးဆောင်များ၊ မိဘများ တက်ရောက်ကြသည်။ ထူးချွန်ဆုရသူများအား ကျောင်းအုပ် ကြီးနှင့် မိဘဆရာအသင်းအမှုဆောင်များ၊ ကျောင်းအကျိုးတော်ဆောင်များက အသီးသီးဆုများချီးမြှင့်ကြသည်။ ဆရာမဒေါ်ယဉ်ယဉ်နုနှင့် အနုပညာကျောင်း သားကျောင်းသူများက ယိမ်းအကများ၊ အိုးစည်ဒိုးပတ်များဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ **(က-ပ)**

ငပုတောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဌေးနှင့် အငယ်တန်းအင်ဂျင်နီယာ-၂(မြို့ပြ) ဦးအောင်ကိုကိုတို့ ဖေဖော်ဝါရီ ၂၈ရက်က ငပုတောမြို့နယ် ချယ်ရီလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းအား အနီးကပ် ကြီးကြပ်ဆောင်ရွက်နေစဉ်။ (မြို့နယ် ပြန်/ဆက်)

ရေလယ်ကျွန်းရွှေဘုန်းပွင့်စေတီ ဘက်စုံလှူဒါန်းနိုင်

ညောင်လေးပင် မတ် ၁၆

ညောင်လေးပင်မြို့နယ် မဒေါက်၊ သောင်ကြီးဒိုင်နယ် ပြည်ကိုတော်ကျေးရွာအနီးရှိ ရေလယ်ကျွန်း ရွှေဘုန်းပွင့် ပြည်တော်အေးစေတီတော်တွင် ရန်ကုန်မြို့ သုဝဏ္ဏနေ ဘုရားဂေါပက ဥက္ကဋ္ဌဦးကျော်ဝ ဦးဆောင်၍ ဂေါပကအဖွဲ့ဝင်များ၊ ရန်ကုန်မြို့ အလှူရှင်များစုပေါင်းလှူဒါန်းမှုဖြင့် ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်မှုများ ဆောင်ရွက်ခဲ့ရာ ခုနစ်နှစ်အတွင်း အလှူတော်ငွေ ၁၀၈ သိန်းကျော်ရရှိပြီး အလှူပွဲများတွင်အသုံးပြုရန် သံဃာတည်းခိုဆောင်ကျောင်း၊ ရတနာ့ဗိမာန် ဓမ္မာရုံကြီးနှင့် ဘုရားပတ်ပတ်လည် အာရုံခံတန်ဆောင်းများ တည်ဆောက်ပြီးဖြစ်သည်။

ကျန်ရှိသော ပြုပြင်မွမ်းမံရေး သာသနာပြုလုပ်ငန်းများဆောင်ရွက်ရန်အတွက်လှူဒါန်းလိုသူများ ဖုန်း-၅၇၀၉၆၅နှင့် ၅၇၈၀၂၅ သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

အမြို့မြို့ အနယ်နယ် သတင်းများ

မတ် ၁၆ရက်က ပဲခူးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးသာထွန်းဦးနှင့် ဒိုက်ဦးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြင့်စိန်တို့က နိုင်ငံတော်မှ ခွင့်ပြုငွေ၊ ပြည်သူလူထုထည့်ဝင်ငွေကျပ် ၃၅သိန်း အကုန်အကျခံကာ အသစ်တည်ဆောက်လျက်ရှိသည့် ရေငံချောင်း ဘူးတရာကွန်ကရစ်တံတား တည်ဆောက်နေမှုလုပ်ငန်းကို ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မော်တိတ်ကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ရည်ရွယ်ချက်နှင့် ရှေ့လုပ်ငန်းစဉ်ရှင်းလင်း

အင်းတော် မတ် ၁၄

အင်းတော်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အမှုဆောင်အဖွဲ့ဝင်များနှင့် အင်းတော်မြို့နယ် မော်တိတ်ကျေးရွာ မိခင်နှင့်ကလေးစောင့် ရှောက်ရေး(အသင်းခွဲ) အမှုဆောင်အဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၉ရက်နံနက်က ကျေးရွာ ကျန်းမာရေးဆေးပေးခန်း ခန်းမတွင် ကျင်းပသည်။

ရှင်းလင်းပြောကြား

အစည်းအဝေးတွင် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်လှမိနှင့်အတွင်းရေးမှူး ဒေါ်သိန်းရင်တို့က အသင်း၏ ရည်ရွယ်ချက်နှင့်ရှေ့လုပ်ငန်းစဉ်များကို အသင်းခွဲအမှုဆောင်များအား ရှင်းလင်းပြောကြားသည်။ **(၁၃၃)**

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် အင်္ဂပူမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ မတ်၉ရက်က အင်္ဂပူမြို့နယ် မဲဇလီကုန်း စံပြကျေးရွာ ရုံးကျော်လမ်းအား မြေဖို့ပြုပြင်ခြင်း၊ ကျောက်ခင်းခြင်းလုပ်ငန်းများ စုပေါင်းဆောင်ရွက် ကြစဉ်။ (၁၃၁)

ဂေါ်ရခါးသီးပင်များ ချောင်းဆုံ၌ ဖြစ်ထွန်း

ချောင်းဆုံ မတ် ၁၂

ချောင်းဆုံမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးဝင်းတွင် ဂေါ်ရခါးသီးပင်များ စိုက်ပျိုးဖြစ်ထွန်း အောင်မြင်လျက်ရှိရာ မြို့နယ်စိုက်ပျိုးရေးလုပ်ငန်းကို အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်းများက စိုက်ပျိုးကြရာ ဂေါ်ရခါးသီးပင် နှင့်အခြား ဟင်းသီးဟင်းရွက်ပင်များ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။ **(မြို့နယ် ပြန်/ဆက်)**

ဖေဖော်ဝါရီ ၂၃ ရက်က အောင်ပန်းမြို့၊ မြို့မဈေးကြီး မီးဘေးကြိုတင် ကာကွယ်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ အမှုဆောင်အရာရှိ ဦးသန်းလှ၊ မြို့နယ်မီးသတ် ဦးစီးမှူး ဦးစိုးဝင်းတို့ ဦးဆောင်ပြီး အောင်ပန်းရုံးခွဲ တာဝန်ခံ ဦးသန်းထွန်း၊ ဈေးတာဝန်ခံ ဦးဝင်းထိုက်နှင့် ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ဈေးအတွင်း စစ်ဆေးကြစဉ်။ (၀၉၆)

မြန်မာ့အသံ

၂၄-၃-၂၀၀၄(ဗုဒ္ဓဟူးနေ့) နံနက်ပိုင်း

၀၇:၀၀ ဦးဥတ္တမသာရဆရာတော်ကြီး၏ ဓဇဂ္ဂသုတ်နှင့် ဂုဏ်တော်ကွန်ချာတရားတော်

နေ့လယ်ပိုင်း

၁၁:၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (ပြည်တွင်းဖြစ်မော်တော်ယာဉ် ထုတ်လုပ်ရေး၏ အလားအလာကောင်းများအကြောင်း) (အပိုင်း-၂)

၁၁:၃၀ သောတရှင်အတွက်ပြန်ကြားချက်

၁၂:၀၀ မြန်မာ့အနုသဘင် (ဆရာကြီးဦးဂုဏ်ဘဏ်)

၁၂:၂၅ သူ့အတွေးနှင့်သူ့အရေး (ကဲ့ရဲ့ခြင်း၊ အပြစ်တင်ခြင်းနှင့် ကိုယ်ကျင့်တရား တည်ဆောက်ခြင်း- အောင်သစ်)

၁၂:၃၅ (၅၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုတေးရေးပညာရှင်များနှင့် ဆွေးနွေးခန်း

၁၃:၁၀ ယဉ်ကျေးမှုအနုပညာ (မြန်မာယိမ်းအကများ- ဒေါ်စောမုံညင်း)

ညနေပိုင်း

၁၇:၃၀ အစာနှင့် အာဟာရ(ငါးမြစ်ချင်း)

၁၇:၄၅ ဆို၊က၊ရေး၊တီး ဆုရအစီအစဉ် မောင်သူရကြည်မိုး(ခ)ဖိုးသကြန်၏ ပတ္တလားလက်သံ

၁၈:၁၅ ဆွေးနွေးခန်း (သံလွင်တံတား-မော်လမြိုင် တည်ဆောက်ရေးစီမံကိန်း) (အပိုင်း-၁)

၁၈:၄၀ စာအုပ်စာပေလူ့မိတ်ဆွေ (၁)တပ်မတော်သမိုင်း(အဋ္ဌမတွဲ) (စစ်သမိုင်းပြတိုက်နှင့် တပ်မတော် မော်ကွန်းတိုက်မှူးရုံး) (၂)ကမ္ဘာပတ်လည်ရက်ရှစ်ဆယ် (မောင်သိန်းလွင် ပြန်ဆိုသည်)

၁၉:၁၅ (၅၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် (ထွန်းလင်းဂုဏ်ဖြာ သူရိယပမာ)

[illegible]
Ph: 378547, 254250

TRAVEL SERVICE
HOTEL **
HOTEL MAX
off

Ruby
[illegible]

အများသိစေရန်

မကွေးတိုင်း ချောက်မြို့နယ် စလေတိုက်နယ် စလေကျေးရွာ ဈေးမြောက်ဘက် မြို့မရပ်ရှိ နှစ်ထပ်တိုက်တစ်လုံး၊ တစ်ထပ်တိုက်တစ်လုံးနှင့် ယင်းတိုက်များ တည်ရှိရာ ဝိုင်းမြေကွက်များသည် ဒေါ်သောင်းရင် ၈/ခမန(နိုင်)၀၀၇၆၉၄ပိုင် မြေနှင့်အဆောက်အအုံများ ဖြစ်ပါသည်။ ဒေါ်သောင်းရင်သည် ယခုထက်တိုင် သက်ရှိထင်ရှားဖြင့် ရန်ကုန်မြို့တွင်ပြောင်းရွှေ့ နေထိုင်လျက်ရှိရာ ဒေါ်သောင်းရင်ပိုင် အဆိုပါ မရွှေ့မပြောင်းနိုင်သောပစ္စည်းရပ်များနှင့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းရပ် (ရတနာပစ္စည်းများအပါအဝင်)တို့အား ဒေါ်သောင်းရင်၏စာဖြင့် ရေးသားသဘော တူညီမှုမရရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ တရားရုံးနှင့် ဘဏ်များတွင် အာမခံတင်သွင်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း များ မပြုလုပ်ရန် သတိပေးတားမြစ်အပ်ပါသည်။ ပြုလုပ်ပါက ပြုလုပ်သူတို့၏ တာဝန်သာဖြစ်ပြီး ထိုသူများအပေါ် ဥပဒေနှင့်အညီ တောင်းဆို အရေးယူသွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်သောင်းရင်၏ မှတ်ပုံတင်အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၂၀၁/၀၄ ရရှိသူ ဒေါ်မိုးမိုး ၈/ခမန(နိုင်)၀၀၇၆၆၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ

ဦးအောင်မြတ်ထွဋ် H.G.P, LL.B တရားရုံးချုပ်ရှေ့နေ
အမှတ် ၉(မြေညီ)၊ ၃၄ လမ်း(အောက်လမ်း)၊ကျောက်တံတားမြို့နယ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့
ကြော်ငြာစာအမှတ် ၁၂/၂၀၀၅
(၂၀၀၅ ခုနှစ်၊ မတ်လ ၁၆ ရက်)
လျှောက်လွှာခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ဓာတုဗေဒစစ်ဆေးရေး ဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာအတွက် လျှောက်လွှာ များ အလိုရှိပါသည်။

ရာထူး	ပညာအရည်အချင်း	လစ်လပ်
ဦးစီးအရာရှိ	တိရစ္ဆာန်ဆေးသိပ္ပံဘွဲ့ရရှိသူ (သို့မဟုတ်)သိပ္ပံဘွဲ့ရရှိပြီး ဆေးဘက် ပညာသည်သိပ္ပံ(ဆေးဝါးကျွမ်းကျင်) ဖြစ်စေ (ဓာတ်ခွဲကျွမ်းကျင်)ဖြစ်စေ ဒီပလိုမာ လက်မှတ်ရရှိထားသူ(သို့မဟုတ်)ဆေးဝါး ကျွမ်းကျင်မှုပညာဘွဲ့ရရှိသူ(သို့မဟုတ်) ဆေးဘက်ပညာသည်သိပ္ပံဘွဲ့ရရှိသူ (သို့မဟုတ်)သိပ္ပံ(ဂုဏ်ထူး)(ဓာတုဗေဒ) ဘွဲ့ရရှိသူ (သို့မဟုတ်)မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊မှုခင်းတပ်ဖွဲ့နှင့်ဓာတုဗေဒ စစ်ဆေးရေးဌာနခွဲရှိ ဓာတ်ခွဲခန်းများတွင် တာဝန်ထမ်းဆောင်နေသူ ဖြစ်ပါက သိပ္ပံဘွဲ့ရရှိပြီး၊မှုခင်းဓာတ်ခွဲခန်း လုပ်သက်အနည်းဆုံး၅နှစ်ရှိသူ	၁ နေရာ

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၂၀-၄-၂၀၀၅ရက်နေ့တွင်အသက် ၃၅ နှစ် (ဝန်ထမ်းဖြစ်ပါက အသက် ၄၀ နှစ်)ထက်မကျော်လွန်သူဖြစ်ရမည်။

၃။ လျှောက်လွှာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၂၀-၄-၂၀၀၅ နေ့အရောက် ပေးပို့ရမည်။

၄။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅ဝိ/- ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေ၊နှုတ်ဖြေ စစ်ဆေးမှုအတွက်လေ့လာရန်လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ဤအဖွဲ့က ကြေညာချက် အမှတ် ၁/၉၁ဖြင့် ထုတ်ပြန်ထားသော **ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး အဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများသို့လျှောက်လွှာတင်သွင်းသူများအတွက် လမ်းညွှန်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီလိုက်နာ ဆောင်ရွက်ရန် ဖြစ်သည်။

၅။ **ရန်ကုန်မြို့နှင့်မန္တလေးမြို့**များတွင် ရေးဖြေစာမေးပွဲစာစစ်ဌာနများထားရှိမည်။ မိမိဖြေဆိုလိုသော စာစစ်ဌာနကို လျှောက်လွှာတွင် ရှင်းလင်းတိကျစွာဖော်ပြရမည်။

၆။ ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန် ထမ်းဆောင်သည့် **ဌာနအကြီးအကဲမှတစ်ဆင့်ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၂၀-၄-၂၀၀၅ နေ့ အရောက်ပေးပို့ရမည်။** လျှောက်လွှာ တစ်စောင်ကို ဓာတ်ပုံနှင့်အတူ ဤအဖွဲ့ရုံးသို့ တိုက်ရိုက်ပေးပို့ရမည်။

၇။ ၈-၅-၂၀၀၅ နေ့နှင့် ၉-၅-၂၀၀၅ နေ့များတွင် အရည်အချင်းစစ် ရေးဖြေ စာမေးပွဲကျင်းပမည်။ ၆-၅-၂၀၀၅ နေ့မှစ၍ မန္တလေးတိုင်း အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးနှင့် ဤအဖွဲ့ရုံးတို့တွင် ဖြေဆိုခွင့်ကတ်ပြားများကို ထုတ်ပေးမည်။

၈။ စုံစမ်းမေးမြန်းလိုပါက ပြည်နယ်/တိုင်း၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများ၊ ပြည်နယ်/တိုင်း မြို့နယ်အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနရုံးများတွင်ဖြစ်စေ၊ ဤအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်း အမှတ် ၃၇၈၁၆၃သို့ ဖြစ်စေဆက်သွယ်နိုင်ပါသည်။

အမွေပြတ်စွန့်လွှတ်ခြင်း

သန်လျင်မြို့ အမှတ်၈ ဇောတိကလမ်း မြို့မတောင်နေ ဦးသန်းဟုတ် ၁၂/သလန(နိုင်) ၀၇၁၇၈၂-ဒေါ်ခင်စု(ခ)မကျင်ဝိုင်း ၁၂/သလန(နိုင်)၀၇၁၇၈၃ တို့၏သား မောင်အောင်ကျော်ကျော် သည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်ကြောင်း (နောက်နောင် ငွေးနှင့်ပတ်သက်သောကိစ္စ အဝဝကို လုံးဝတာဝန်မယူပါကြောင်း။)

(မေးမြန်းစုံစမ်းခြင်း သည်းခံပါ) မိဘများ-ဦးသန်းဟုတ်-ဒေါ်ခင်စု(ခ)မကျင်ဝိုင်း

စားပွဲနှင့်ကုလားထိုင်များ ငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီ ပလတ်စတစ် စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်း နေပါသည်။ နံနက် ၉:၃၀ မှ ညနေ ၄:၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်
ဖုန်း-၂၄၅၆၂၀၊ ၂၄၅၆၄၂

အမည်ပြောင်း

အဖ ဦးထွန်းရွှေ၏သား မောင်ထွန်းထွန်းဦး ၁၀/မလမ(နိုင်) ၀၆၀၇၁၁အားယနေ့မှစ၍ မောင်နိုင်းနိုင်းဟု ပြောင်းလဲခေါ်ပါရန်။

မောင်နိုင်းနိုင်း။

ကြော်ငြာစာ

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ကန်ကောက်ရပ်ကွက် အကွက်အမှတ် ၅၁၄/၁ ဦးပိုင်အမှတ် (၄၉)ဂရန် မြေကွက်အား ဦးချစ်ခင် နိုင်ငံသား စိစစ်ရေးကတ် ၉/မနမ(နိုင်) ၀၆၀၁၁၄ မှ အမှုတွဲအမှတ် ၁၉၉၀/ ၂၀၀၃-၂၀၀၅ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ တောမှမြို့ပြောင်း ဂရန်မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူရှိပါက အထောက် အထား စာရွက်စာတမ်းများနှင့်အတူ ဤဌာနသို့ (၁၄)ရက်အတွင်း လာ ရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာ အပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်
စည်ပင်သာယာရေးကော်မတီ

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈/၅၈၁၉ မော်တော်ယာဉ် လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင် စာအုပ်(ကမ-၃)မိတ္တူ လျှောက်ထားလာပါ သဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာ တွင် ကြော်ငြာပါသည့် ရက်မှ ၁၅ ရက် အတွင်း ကညန၊ ခရိုင်ရုံး (ထားဝယ်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ခရိုင်ရုံး (ထားဝယ်)

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးမြို့ ဥသာမြို့သစ် အမှတ်(၂) ရပ်ကွက် တပင်ရွှေထီးလမ်း၊နယ်မြေ(၉) အိမ်အမှတ်၁၂နေ ဦးအေးမြင့်-ဒေါ်စိန် သန်းတို့၏သားကြီးဖြစ်သူ မောင်တင် မျိုးအောင် မှတ်ပုံတင်အမှတ် PGU-၂၅၀၈၅၅သည် မိဘများအားစိတ်ဆင်းရဲ အောင် ပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှစွန့်လွှတ်လိုက်ပါသည်။

ဦးအေးမြင့်-ဒေါ်စိန်သန်း

ကြော်ငြာစာ

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ကန်သာယာရပ်ကွက် အကွက်အမှတ် (cc-၂)၊ ဦးပိုင်အမှတ်(၉၃)ဂရန်မြေကွက် အား ဦးစိန်ဝင်းနိုင်ငံသားစိစစ်ရေးကတ် ၁၂/ပဇတ(နိုင်)၀၀၆၀၁၃မှအမှုတွဲအမှတ် ၁၅၅၃/၂၀၀၃-၂၀၀၅ဖြင့် မြို့ပြစီမံကိန်း နှင့် မြေစီမံခန့်ခွဲမှုဌာနသို့ တောမှမြို့ ပြောင်း ဂရန်မိတ္တူလျှောက်ထားလာပါ သည်။ ကန့်ကွက်လိုသူရှိပါကအထောက် အထားစာရွက်စာတမ်းများနှင့်အတူ ဤ ဌာနသို့ ၁၄ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါ သည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်
စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းအခွန်များဦးစီးဌာန

[illegible]

လိပ်ခေါင်း၊ ဂရင်ဂျီနာ၊ ဇအိုနာ၊ အကျိတ်ဖြစ်သူများ
ဤကြော်ငြာကို ဖတ်မြင်အောင်ဖတ်ပါ ဖုန်း-၂၄၀၀၆၄
[illegible]

ဒေါ်ကျင်ဌွေး

အသက်(၄၄)နှစ်

ဒေးဒရဲမြို့နေ (ဦးတိုက်စွမ်း-ဒေါ်အုန်းစိန်)တို့၏မြေး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ ၁၃၉ လမ်း၊ အမှတ် ၂၅(A)၊ မြေညီထပ်နေ (ဦးမောင်ဆိုင်-ဒေါ်တင်ကြည်)တို့၏သမီးထွေး၊ (ဦးမောင်ကင်း)-ဒေါ်ညွန့် (အေးမြချမ်းသာပွဲရုံ၊ ဘုရင့်နောင်)၊ ဦးမောင်မြင့်-ဒေါ်ကြည်ကြည်ဝင်း(အောင်သုခအထည်ဆိုင်၊ သိမ်ကြီးဈေး)၊ ဦးစန်းမောင်-ဒေါ်အေးငြိမ်း၊ ဦးမြအောင်၊ ဒေါ်ကျင်မွှေးတို့၏ညီမ၊ တူ တူမ ၁၉ယောက်တို့၏အဒေါ်၊ မြေးလေးယောက်တို့၏အဘွားသည် ၂၂-၃-၂၀၀၅ရက် နံနက် ၁း၅၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၀၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ကျင်ဌွေး

အသက်(၄၄)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ ၁၃၉ လမ်း၊ အမှတ် ၂၅(A)၊ မြေညီထပ်နေ (ဦးမောင်ဆိုင်-ဒေါ်တင်ကြည်)တို့၏သမီးထွေး၊ မသီတာ၊ မသန္တာ၊ ကိုညီညီလွင်-မမြတ်မြတ်စိုး၊ မနီလာ-ကိုအိုက်ရီ၊ မောင်သူရထွန်း၊ မဝါဝါလွင်-ကိုဝင်းမျိုးအောင်၊ မနီနီလွင်၊ ကိုဗိုလ်ဗိုလ်လွင်-မဥမ္မာလင်း၊ ကိုအောင်မျိုးမင်း-မသက်သက်ဝင်း၊ မောင်ဉာဏ်လင်းထွန်း၊ မမိုးမိုးစန်း၊ မောင်ဇေယျာမင်း၊ မပြည့်ဖြိုးခိုင်၊ မောင်ပြည့် စုံတို့၏အဒေါ်၊ မြေးလေးယောက်တို့၏အဘွားသည် ၂၂-၃-၂၀၀၅ရက် နံနက် ၁း၅၀ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၀၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူတူ၊တူမများ။

ကျေးဇူးတင်ရှိခြင်း

၁၁-၃-၂၀၀၅ရက်တွင် ကွယ်လွန်သော ဒေါ်နွယ်နီအေး (၄၆)နှစ်၏ ဈာပနသို့ လိုက်ပါပို့ဆောင်၍ ၁၇-၃-၂၀၀၅ရက်တွင် ရက်လည်ဆွမ်းကျွေးသို့ လာရောက်ခဲ့ကြသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးအောင်ကျော်ထွန်း

(ပုဏ္ဏားကျွန်း၊ စစ်တွေ)

အသက်(၇၁)နှစ်

ပုဏ္ဏားကျွန်းမြို့နယ်၊ အလယ်ချောင်းကျေးရွာနေ (ဦးအိုးဖောက်ကေ-ဒေါ်ငွေဦးဖြူ)တို့၏သား၊ စစ်တွေမြို့၊ ဘောက်သီးစုရပ်ကွက်၊ ရွာကြီးလမ်းနေ(ဒေါ်အိမ်စိုး)၏ခင်ပွန်း၊ ဦးမောင်ပု(ခ)ဦးတင်အေး-ဒေါ်တင်ဝင်း၊ ဦးထွန်းသိန်း-ဒေါ်အုန်းလင်း၊ ဒေါ်အေးသိန်းမြ-ဦးမြသိန်း၊ (ဦးလှမောင်ချေ)-ဒေါ်ခင်လေး၊ ဒေါ်မအေးညွန့်-ဦးဝင်းမြင့်တို့၏ဖခင်၊ မောင်ကျော်ဇော်မင်း၊ မစုနန္ဒာသိန်း၊ မလင်းဖြိုးခိုင်၊ မောင်သန့်ဇင်ဦး၊ မဖြိုးသဥ္ဇာကျော်တို့၏အဘိုးရှင်သည် ၂၂-၃-၂၀၀၅ရက် (တနင်္လာနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၀၅ရက်(ဗုဒ္ဓဟူးနေ့)တွင် အာကျိတ်တော်ကုန်းသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးမြသိန်း

စား/ဖျော်(ငြိမ်း)

အသက်(၆၄)နှစ်

ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့နယ်၊ မင်းလှဝကျေးရွာနေ (ဦးထွန်းမောင်-ဒေါ်လှမြိုင်)တို့၏သား၊ (ဦးခရုစ်ရှုနား)-ဒေါ်သိန်းနုတို့၏သားသမက်၊ ရန်ကုန်မြို့၊ရန်ကင်းမြို့နယ်၊အမှတ်(၅)ရပ်ကွက်၊ တိုက် ၃၅၃၊ အခန်း ၇ နေ ဒေါ်ကြည်ကြည်မြင့်၏ခင်ပွန်း၊ မမိုးအေး၊ မလင်းလင်းမြင့်၊ ကိုထွန်းထွန်း-မခင်ခင်ဇော်တို့၏ဖခင်၊ မောင်ဝင်းမြတ်ကျော်၏အဘိုးသည် ၂၂-၃-၂၀၀၅ရက်(တနင်္လာနေ့) နံနက် ၁၁း၄၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၂၄-၃-၂၀၀၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်း၊တန်ဆောင်းဒါယိကာမကြီး ဒေါ်သန်းတင်

(မအူပင်၊ ရေလဲ)

(ဇင်ယော်ဆေးလိပ်ခုံ)

အသက်(၈၂)နှစ်

ဧရာဝတီတိုင်း၊ မအူပင်မြို့၊ ဘုရားလမ်းနေ (ဦးလူလေး-ဒေါ်မြရှင်)တို့၏ညီမ၊ (ဦးကျော်အုန်း)၏ဇနီး၊ ဦးဗိုလ်ကြည်-(ဒေါ်ခင်သန်း)၊ ဦးသန်းအောင်-(ဒေါ်တင်အေး)တို့၏အစ်မ၊ ရန်ကင်းမြို့နယ်၊ (၅)ရပ်ကွက်၊ တိုက် ၃၄၆၊ အခန်း ၇ နေ ဦးလှဝင်း-ဒေါ်လှမြင့်၊ ဦးသိန်းထွန်း[ဥက္ကဋ္ဌ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(၃၂)ရပ်ကွက်၊ မ/ဒဂုံ]-ဒေါ်ခင်မြင့်၊ ဦးကျော်မြင့်[(၅)ရပ်ကွက်၊ ရန်ကင်း၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ]တို့၏အဒေါ်သည် ၂၂-၃-၂၀၀၅ရက်(တနင်္လာနေ့)တွင် ရန်ကင်းမြို့နယ်နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၀၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (ရန်ကင်းနေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း ဦးရွှေဘု (စစ်တွေမြို့)

အသက်(၆၇)နှစ်

ဆိုင်အမှတ်(၈က-၁)၊သံသုမာလမ်း၊ (၁၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ ဒေါ်ညိုမေ၏ခင်ပွန်း၊ဦးကျော်လှဦး-ဒေါ်မဦးရွှေ၊ မောင်ထွန်းရွှေ၊ မခင်နွယ်စိန်၊ ဦးလှထွန်း၊ ဒေါ်စန်းစန်းရွှေ၊ မဝင်းဝင်းရွှေတို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးရှင်သည် ၁၈-၃-၂၀၀၅ရက် (ကြာသပတေးနေ့) နံနက် ၈း၁၅ နာရီတွင် အလ္လာရှင်မြတ်အမိန့်ခံယူသွားပါသဖြင့် ယင်းနေ့ ဇဟိုရ်နမာဇ်အပြီးတွင် ရေဝေးကဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

မောင်အောင်နိုင်စိုး(ခ)အုပ်စိုး

(CDC - 48820)

Star Cruiser

အသက်(၃၀)

ရန်ကုန်တိုင်း၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ် ၂၄ နေ ဦးမြစိုး-ဒေါ်တင်နွယ်တို့၏သားကြီး၊ ဦးလှမြင့်၏တူ၊ မောင်မင်းခိုင်စိုး၊မမေသက်စိုးတို့၏အစ်ကိုကြီးသည် ၂၂-၃-၂၀၀၅ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၀၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

သတိပေးနိုးဆော်ချက်

ခရီးသည်တင် မော်တော်ယာဉ်များအား မြို့တွင်းသို့ နေ့/ည ခရီးသည်ပို့ဆောင်နိုင်ရေးအတွက် သတ်မှတ်ခေါက်ရေ နှင့်အညီ စက်သုံးဆီထုတ်ပေးထားပြီးဖြစ်ပါသည်။ ယာဉ်စီးခများအားလည်း သတ်မှတ်နှုန်းထားများအတိုင်းတောင်းခံရန် ညွှန်ကြားထားရှိပါသည်။ သို့ရာတွင် အချို့ယာဉ်လိုင်းများမှ ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်တို့သည် ယာဉ်စီးခများကို ညပိုင်းတွင် ပိုမိုတောင်းယူနေကြကြောင်းသိရပါသည်။ ယင်းသို့ ယာဉ်စီးခပိုမိုတောင်းခံပါက ထိထိရောက်ရောက် အရေးယူနိုင်ရေးအတွက် အောက်ပါဖုန်းနံပါတ်များသို့တိုင်ကြားနိုင်ပါသည်။

(၁) မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်း - ၁၉၉
(၂) ကြိုးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး - ၂၉၁၂၈၅၊ ၂၉၁၂၈၄
(၃) မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ - ၅၄၁၉၀၅၊ ၅၄၁၉၀၄

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

ဦးကြည်လင်

B.Sc (Bot)

စိန်ဂျွန်းကျောင်းသားဟောင်း

အသက်(၄၄)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ အမှတ် ၃၀ နေ ဦးမောင်မောင်လှ-ဒေါ်အုန်းလှတို့၏သား၊ ဒေါ်ဆွေဆွေလှ၊ ဗိုလ်မှူးချုပ်မင်းအောင်လှိုင်-ဒေါ်ကြူကြူလှ၊(ဒေါ်စိုးစိုးလှ)၊ဒေါ်ဝေဝေလှ(G.M Heiwa Travels & Tours Co., Ltd.)၊ ဦးသန့်ဇော်တို့၏ညီ/မောင်၊ မခင်သီရိသက်မွန်၊ မောင်အောင်သက်မွန်၊ မောင်အောင်ပြည့်စုံ၊ မသံသာပုလဲသွယ်၊ မောင်မြတ်သူရိန်ဦးတို့၏ဦးလေးသည် ၂၁-၃-၂၀၀၅ရက်(တနင်္ဂနွေနေ့) ည ၈ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၃-၃-၂၀၀၅ရက် (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၄၅ နာရီတွင် ထွက်ခွာပါမည်။)

၂၇-၃-၂၀၀၅ရက်(စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာဒေါ်သန်းခင် (အန်တီကြီး) (ပေါက်ခေါင်း)

အသက်(၈၃)နှစ်

ဒေါက်တာဒေါ်သန်းခင် M.B.,B.S(Ygn) (သရုပ်ပြ)၊ ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာန(အငြိမ်းစား)သည် ၁၉-၃-၂၀၀၅ရက် (သောကြာနေ့) ညနေ ၆ နာရီတွင် ကွယ်လွန်ကြောင်းသိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **ဒေါက်တာဒေါ်စန်းမြ၊ ဒေါက်တာဒေါ်တင်မေညွန့်၊ဒေါက်တာဒေါ်မြမြသန်း။**

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာ ဦးခင်လတ်

နန်းတော်ပုံပရိဘောဂ

မော်လမြိုင်မြို့

အသက်(၇၆)နှစ်

မော်လမြိုင်မြို့၊ မရမ်းကုန်းရပ်၊ အမှတ် ၃၆၈ နေ (ဦးဘရိမ်း-ဒေါ်ငွေယုံ)တို့၏သား၊ (ဦးဘိုးဖေ-ဒေါ်ဖွားမေ)တို့၏သားသမက်၊ ဒေါ်ငွေတင်၏ခင်ပွန်း၊ ဦးမြင့်စိုး(တွဲဖက်ပါမောက္ခ၊ ဓာတုဗေဒဌာန၊မော်လမြိုင်တက္ကသိုလ်) ဒေါ်စမ်းစမ်းအေး၊ ဦးလှသိန်းအောင်(ညွှန်ကြားရေးမှူး၊ အင်/ယာ၊ နယ်စပ်/စည်ပင်) ဒေါ်ခင်သက်မွန်(ဒု-ဦးစီးမှူး၊ ငြိမ်း)(စီမံကိန်းရေးဆွဲရေး)၊ ဦးအောင်စိုး၊ ဒေါ်တင်ဝင်းရီ၊ ဦးဝင်းမော်၊ ဒေါ်လှလှဝင်းတို့၏ဖခင်၊ မြေး ၁၂ ယောက်တို့၏အဘိုး ၂၂-၃-၂၀၀၅ရက် (တနင်္လာနေ့)နံနက် ၂း၁၅ နာရီတွင်ကွယ် လွန်သွားပါသဖြင့် ၂၃-၃-၂၀၀၅ရက်(အင်္ဂါနေ့)မွန်းလွဲ ၂ နာရီတွင် ပိန္နဲကုန်းသုသာန်သို့ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမ ဒေါ်ခင်စီ(ခ)ဒေါ်တုတ်

အသက်(၆၁)နှစ်

(ဦးပိန်-ဒေါ်အေးတုတ်)တို့၏ချွေးမ၊ (ဦးဘသိန်း-ဒေါ်သန်း)တို့၏ သမီး၊ ဦးအုန်းရွှေ(ဒေါ်လှရွှေ)တို့၏တူမ၊ ဦးငွေသန်း၊ (ဒေါ်တင်မြင့်)တို့၏ညီမ၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၄)ရပ်ကွက်၊ ၃ လမ်း၊ အမှတ် ၁၅၊ မြောက်ကွမ်းခြံ၊ ဟံသာရိပ်မွန်နေ ဦးခင်မောင်မြင့်၏ဇနီး၊ ကိုဇော်မြင့်-မချိုချိုဦး၊ ကိုဝင်းဇော်-မမာမာလေး၊ ကိုလှဝင်း-မတင်တင်ဝင်း၊ မဝင်းဝင်းခင်၊ မနီနီလွင်၊ မမြင့်မြင့်စီ၊ မညွန့်ညွန့်စီတို့၏မိခင်၊မြေးငါးယောက်တို့၏အဘွားသည် ၂၂-၃-၂၀၀၅ရက် မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၀၅ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးအောင်ကျော်ဦး(ခ) ချစ်ကိုကို

B.A (Geo)

(ရွှေပန်းထိမ်)

အသက်(၄၁)နှစ်

သာကေတမြို့နယ်၊ ၂/မြောက်ရပ်ကွက်၊ သဒ္ဒါရုံလမ်းမကြီးအရှေ့၊ အမှတ် ၇၉နေ(ဦးကျော်ဝင်း-ဒေါ်ရင်မေ)တို့၏သား၊ ဦးကြည်မောင်(ဒုရဲမှူး၊ငြိမ်း)-ဒေါ်မေဝင်းကြည်၊ ဒေါ်အေးအေးကျော်(အင်္ဂလိပ်စာဌာန၊ဒဂုံတက္ကသိုလ်)၊ ဒေါ်ခင်မမကျော်(အမက-၃၊ သာကေတ)၊ ဦးမောင်မောင်ညွှန့်-ဒေါ်တင်ဝင်းကျော်(အထက၊ ထန်းတပင်)တို့၏မောင်၊ ဒေါ်ခင်နှင်းကျော်၏အစ်ကို၊ တူ တူမ ရှစ်ယောက်တို့၏ဦးလေး၊မြေးခုနစ်ယောက်တို့၏အဘိုးလေးသည် ၂၂-၃-၂၀၀၅ရက်တွင် ကွယ်လွန်သွားပါ၍ ၂၄-၃-၂၀၀၅ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ထီး၊သိမ် ဒါယကာကြီး ဦးဝင်းမောင်

အင်ဂျင်နီယာချုပ်(ငြိမ်း)၊ ဆောက်လုပ်ရေး

အသက်(၇၆)နှစ်

ဝမ်းတွင်းမြို့နေ (ဦးချစ်ဖေ-ဒေါ်ဒေါ်ခ)တို့၏သားကြီး၊ မိတ္ထီလာမြို့နေ (ဦးအေး-ဒေါ်စိုးမြင့်)တို့၏သားသမက်၊ မန္တလေးမြို့၊ ကျွဲဆည်ကန် ၃ လမ်း၊ ချမ်းမြသာယာရပ်ကွက်၊ C/၂၇ နေ (ဒေါ်မေအုန်း)၏ခင်ပွန်း၊ ဒေါက်တာမျိုးမြင့်မော်(ကထိက၊ အထူးကုသမားတော်၊ ဆေး-၁၊ ရန်ကုန်)-ဒေါက်တာခင်မာဝင်း(ကထိက၊ဌာနမှူး၊ ရောဂါဗေဒဌာန၊ မန္တလေး သွား/ဆေးတက္ကသိုလ်)၊ ဒေါက်တာခင်နီလာဝင်း(ကထိက၊ကလေးအထူးကု၊ မန္တလေး ဆေးတက္ကသိုလ်)၊ ဒေါက်တာမြင့်စိုး၊ ဒေါက်တာသီတာဝင်း (တွဲဖက်ပါမောက္ခ၊ ဓာတုဗေဒဌာန၊ မန္တလေးတက္ကသိုလ်)၊ ဒေါက်တာလေးအောင် (အထူးကုသမားတော်)-မခင်စန္ဒာဝင်းတို့၏ဖခင်၊ မမေမြတ်နိုး၊ မောင်ဝေယံဖြိုးတို့၏အဘိုးသည် ၂၂-၃-၂၀၀၅ရက် မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားပါကြောင်း။ (သဂြိုဟ်မည့်နေ့ရက်ကို ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်သန်းသန်းဦး (ပဲခူးမြို့)

B.Sc (Zool)

မော်လမြိုင်ကောလိပ်

(၁၉၇၆-၁၉၇၉)

အသက်(၅၀)

ပဲခူးမြို့၊ ဇိုင်းဂနိုင်း(မြောက်ပိုင်း)၊ ၂ လမ်း၊ အမှတ် ၂ နေ (ဦးအောင်ဝင်း)-ဒေါ်နုနုတို့၏သမီးကြီး၊ သာယာကုန်းကျေးရွာနေ (ဦးသိန်းမောင်-ဒေါ်မြသိ)တို့၏သမီးချွေးမ၊ ဦးခင်မောင်ဝင်း-ဒေါ်ရီရီဦး၊ ဦးထွန်းလင်း-ဒေါ်ခင်ဝင်းရီ၊ ဦးဟန်လင်း-ဒေါ်အိအိခင်၊ ဦးခိုင်လင်း-ဒေါ်ငွေငွေမြင့်၊ မခင်နှင်းဦး၊ မောင်ဇေယျာလင်းတို့၏အစ်မကြီး၊ ဒေါက်တာခင်မောင်လင်း၏ဇနီး၊ ဗိုလ်လောင်းဉာဏ်လင်းဦး (နောက်ဆုံးနှစ်၊ စစ်တက္ကသိုလ်)၏မိခင်သည် ၂၂-၃-၂၀၀၅ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၀၅ရက်(ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂ နာရီတွင် ပဲခူးမြို့ ဇိုင်းဂနိုင်း(မြောက်ပိုင်း) နေအိမ်မှ ဆင်ဖြူကွင်း သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

မောင်အောင်သူ

(ပြည်သူ့လွှတ်တော်ရုံး)

အသက်(၂၄)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၅)ရပ်ကွက်၊ ချင်းတွင်းလမ်း၊ အမှတ် ၁၁နေ(ဦးစိန်သောင်း)-ဒေါ်လေးမြင့်တို့၏သား၊ ရဲအုပ် လေးရည်(မိုင်းတုံ ရဲစခန်း)၊ ဒေါ်ခင်လေးမြ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး)၊ ဒေါ်ခင်လေးမြိုင် (အစိုးရကွန်ပျူတာကောလိပ်၊ လားရှိုး)တို့၏တူ၊ ကိုမြတ်သူ၊ မလဲ့လဲ့သူ၊ မသိမ့်သိမ့်သူတို့၏ညီ/မောင်၊ မောင်ကျော်သူ၏အစ်ကိုသည် ၂၂-၃-၂၀၀၅ရက် (တနင်္လာနေ့) မွန်းလွဲ ၂း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၀၅ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁း၃၀ နာရီတွင် သဃ်ာန်းကျွန်း စံပြဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၄၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးချမ်းအေး

တောင်ကုတ်မြို့(ကင်းတောင်ကြီး)

အသက်(၈၅)နှစ်

မန္တလေးမြို့၊အောင်မြေသာစံမြို့နယ်၊ နန်းရှေ့(နန်းမြို့တော်စတိုးနှင့်စက်ပစ္စည်းရောင်းဝယ်ရေး)နေ ဦးခင်မောင်ရီ-(ဒေါ်ထားတင်)၊ မကွေးမြို့၊ ဆားစည်ရပ်၊ အောင်မင်္ဂလာလမ်းနေ ဦးအုန်းမောင်(Kang Long Co.,Ltd.)-ဒေါ်ခင်မာကြည်(အင်ဂျင်နီယာ၊ငြိမ်း)၊ မော်ဘီ မြို့၊ တိုးချဲ့(၂)၊ အနောက်ခြမ်း၊ ပန်းဝါလမ်းမကြီးနေ ဒေါ်ခင်ညိုညို(ဒုစက်ရုံမှူး၊ အမိုးပြားစက်ရုံ)၊ ဒေါ်ခင်ကြူကြူ (ဘဏ္ဍာရေး၊ ကျောက်ပြားစက်ရုံ)၊ ဒေါ်ခင်ထားထား(ကစလ-၂၊ ငြိမ်း)၊ ဦးတင်မောင်အေး-ဒေါ်တင်တင်တို့၏ဖခင်၊ မြေးခြောက်ယောက်၊ မြစ် ၁၀ ယောက်တို့၏အဘိုးသည် မော်ဘီမြို့၊ တိုးချဲ့(၂)၊ အနောက်ခြမ်း၊ ပန်းဝါလမ်းနေအိမ်၌ ၂၁-၃-၂၀၀၅ရက်(တနင်္ဂနွေနေ့) နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၃-၂၀၀၅ရက်တွင်ပင် မော်ဘီမြို့မ သုသာန်၌ သဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးမရန်နော်

အရာခံဗိုလ်(ပ)၊ငြိမ်း

စစ်မှုထမ်းဟောင်းအဖွဲ့ဝင်၊

မြစ်ကြီးနား

အသက်(၇၅)နှစ်

မြစ်ကြီးနားမြို့၊ မလိယန်ရပ်ကွက်နေ ဒေါ်ခါးဂျန်၏ခင်ပွန်း၊ ဦးစစ်မောင်-မရီ၊ ဒေါ်စီစီ(အထက၊ဇီးလွန်)၊ ဦးအောင်အောင်၊ ဦးမောင်မောင်တို့၏ ဖခင်၊ ဇော်ဆိုင်း၊ ကျော်သီဟလင်း(ကိုလပ်)၊ ကျော်သူရလင်း(ကိုထွေး)၊ ခွန်နောင်၊ မိငယ်တို့၏အဘိုး၊ ဦးအောင်ခိုင်-မဝါ၊ ယမင်းရွှေစင် (ဒိုင်းခင်ခင်စာပေ၊ အမျိုးသားပြတိုက်၊ ရန်ကုန်)၏ ဆရာဖခင်သည် ၁၄-၃-၂၀၀၅ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဒေါ်စောမြဥ (ဒေါ်ဥ)

အသက်(၆၈)နှစ်

ဘားအံမြို့၊ မြေတံတားလမ်းနေ (ဦးဖိုးမြိုင်-ဒေါ်သောင်း)တို့၏ သမီး၊ (ဗိုလ်ကြီးထွန်းစိန်)၏ဇနီး၊ ကပ္ပတိန်ဦးရွှေအောင်-ဒေါ်ခင်မိုးနွယ်၊ ဂီတမှူးဦးလှဆန်းဦး-ဒေါ်ခင်ခင်သန်း(ခ)စိုးသီဟန်၊ မောင်နိုင်ဝင်း၊ မောင်သိန်းဇော်တို့၏မိခင်၊ မရွှေမိုးသည်း၊ မရွှေမိုးရွှဲ၊ မောင်အောင်ပြည့်ဖြိုးတို့၏အဘွားသည် ၂၂-၃-၂၀၀၅ရက် (တနင်္လာနေ့) နံနက် ၁း၃၀ နာရီတွင် ၂/၂၇၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၄-၃-၂၀၀၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း ဦးဥက္ကာ (ချောက်မြို့)

B.E (P.P)

ဒုတိယညွှန်ကြားရေးမှူးချုပ်

အလုပ်သမားညွှန်ကြားရေးဦးစီးဌာန

အသက်(၆၂)နှစ်

ချောက်မြို့နေ(ဦးလှမောင်-ဒေါ်အေးခြံ)တို့၏သားကြီး၊ (ဦးအောင်ကြီး)-ဒေါ်တင်မြတို့၏သားသမက်၊ ဒေါ်မြင့်မြင့်နီ၏ခင်ပွန်း၊ ဗိုလ်ကြီးတိုင်းအောင်(ငြိမ်း)-ဒေါ်စိန်စိန်၊ ဦးအောင်ကျော်-ဒေါ်မြင့်မြင့်ညို၊ ဦးဇော်ဝင်း-ဒေါ်ခင်မိုမိုသန်း၊ ဦးမြင့်စိန်-ဒေါ်ခင်မာကြည်၊ ဒေါ်ဥမ္မာမြင့်တို့၏အစ်ကို၊ ဗိုလ်မှူးရန်နောင်-ဒေါ်အေးနန္ဒာ(Myanmar Tractors Ltd.)၊ ဦးသော်ဇင်(Royal Deco FRP and Plaster Conices Decoration)၊ မအေးမြတ်မွန်တို့၏ဖခင်၊ မယဉ်ငြိမ်းအေး၏ အဘိုးသည် ၁၉-၃-၂၀၀၅ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၃-၂၀၀၅ရက် ဈာပနကိစ္စတွင် လိုလေသေးမရှိ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ကျေးဇူးတင်ရှိပါကြောင်းနှင့် ကွယ်လွန်သူအားရည်စူး၍ ၂၅-၃-၂၀၀၅ရက် နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားနာမည်ဖြစ်ပါ၍ တိုက်အမှတ် ၂၅၅၊ အခန်း ၇၊ (၂)ရပ်ကွက်၊ အရှေ့ရန်ကင်းနေအိမ်သို့ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ ကောသရမဟာထေရ်

မဟာဝိသုတာရာမိက ဂဏဝါစက နိကာယ ရတ္တညူမဟာထေရ်

(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)

သက်တော်(၉၅)နှစ်၊ သိက္ခာတော်(၇၅)ဝါ

မန္တလေးတိုင်း၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ ပုံသကူချောင် မြေဖြူကန်ကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တကောသရ မဟာထေရ်မြတ်ကြီးသည် ၁၃၆၆ခုနှစ် တပေါင်းလဆန်း ၁၁ ရက် (တနင်္လာနေ့)နံနက် ၁၀း၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ဆရာတော်ကြီး၏ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၆ခုနှစ် တန်ခူးလဆန်း ၁၁ ရက်တွင် အန္တိမအဂ္ဂိဈာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ။

ခရစ်တော်၌အိပ်ပျော်ခြင်း စောသိန်းလှိုင်

ကြည့်မြင်တိုင်မြို့နယ်

စစ်မှုထမ်းဟောင်းအဖွဲ့၊

အတွင်းရေးမှူး

အသက်(၇၈)နှစ်

ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ကရင်အမျိုးသားရပ်ကွက်၊ ဦးလူနီလမ်း၊ စောတေလိန်းလမ်းသွယ်၊ အိမ်အမှတ် ၄ နေ ဦးလှဒင်-ဒေါ်ရွှေစိန်တို့၏သား၊ ဒေါ်လှကြိုင်၏အစ်ကို၊ နော်ဖောနဲမူး-[စောမောင်ဝင်း(ခ)လွမ်းမောင်ရွှေ]၊ နော်ကြာဖော-စောဒေးဗစ်၊ စောအယ်ကော်(ခ)ဖိုးခွားကြီး၊ စောဆာထူး-မခင်စန်းလွင်၊ နော်သွဲ့ဖော-ကိုသက်နိုင်ထွန်း၊ နော်သလေးဖော - စောကျော်ဝေတို့၏ဖခင်၊နော်မီးမီးဆို၊ နော်ထက်ထက်အောင်၊ နော်နွယ်နွယ်အောင်၊ ငြိမ်းပြည့်စုံ၊ ငြိမ်းချမ်းသူ၊ ကျော်သင်ဦး၊ ပန်းနုဝေ၊ ကျော်မြတ်ထွတ်၊ စောဝေလီယံထွန်း၊ နော်ခရစ္စတယ်ထွန်း၊ စောဘရိုင်ယံထွန်းတို့၏အဘိုး၊ နော်ဖရီစေးလာသိန်း၏ခင်ပွန်းသည် ၂၂-၃-၂၀၀၅ရက် နံနက် ၅း၁၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၃-၃-၂၀၀၅ရက် (အင်္ဂါနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့မ အသင်းတော်ဘုရားရှိခိုးကျောင်း(သီတာလမ်း၊အနောက်ပိုင်းဆေးရုံအေး)၌ ဘုရားဝတ်ပြုပြီး ရေဝေးကရင်နှစ်ခြင်း ခရစ်ယာန်သုသာန်သို့ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဗိုလ်မှူးဆွေသန်း (ငြိမ်း)

ဒု-ညွှန်မှူး၊ (ငြိမ်း)

စက်မှုဆေးဝါး၊စက်မှု(၁)

အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၄၇)၊ တရုတ်ကျောင်းလမ်းနေ (ဦးကျော်စိုး-ဒေါ်အေး)၊ (ဦးဘူတာ-ဒေါ်အရှာ)တို့၏သားသမက်၊ ဒေါ်နုနုရီ၏ခင်ပွန်း၊ ဇီးကုန်းမြို့နေ (ဦးပျော့-ဒေါ်ကြည်ကြည်)၊ (ဦးတင်ရွှေ-ဒေါ်ရီရီ)တို့၏မောင်၊ရန်ကုန်မြို့နေ (ဦးမြသန်း)-ဒေါ်ခင်ခင်၊ (ဦးဝင်းမြင့်)-ဒေါ်မြင့်မြင့်ကြည်၊ (ဦးညွန့်မောင်)-ဒေါ်ယဉ်စန်း၊ ဦးမြင့်ဆွေ-ဒေါ်ခင်ခင်တို့၏ညီ/အစ်ကို၊ ဦးရန်နောင်စိုး(အိမ်ကမ္ဘာဆောက်လုပ်ရေး)-ဒေါ်ခင်ဥတို့၏ဖခင်၊ မနှင်းလဲ့ဆွေ(UFL, 1st Yr, German)၊ မသင်းလဲ့ဆွေ(စတုတ္ထတန်း TTC)တို့၏ အဘိုးသည် ၂၁-၃-၂၀၀၅ရက် မွန်းလွဲ ၁၂း၀၅ နာရီတွင် အာရှတော်ဝင်နှလုံးအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၃-၂၀၀၅ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (အထက်ပါ နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကိုကျော်မင်း(ခ)ကိုဟုံလေး

B.A (မြန်မာစာ)

(ကျိုက်လတ်မြို့နယ်)

အသက်(၅၀)

ရန်ကုန်မြို့၊မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက်၊ စက္ကဝတ်(၁)လမ်း၊ အမှတ် ၃၂၇ နေ ဦးပွင့်ကြည်-(ဒေါ်ကျင်နှစ်)တို့၏သား၊ ဦးပွင့်စိန်၊ ဒေါ်မြင့်မြင့်၊ ဦးစန်းမြင့်-ဒေါ်ကြူကြူ တို့၏ တူ၊ ကိုကျော်ဝင်း၏ညီ၊ ကိုဘိုကြီး၊ မောင်မောင်အေး၊ မောင်မောင်ဇော်၊ မောင်မောင်လွင်၊ မဝါဝါနိုင်၊ အောင်ကျော်သူတို့၏အစ်ကိုသည် ၂၁-၃-၂၀၀၅ ရက် ညနေ ၄း၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၃-၃-၂၀၀၅ရက်(အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်လေးကြိုင်

(သန်လျင်၊ ရွှေကျင်)

အသက်(၈၁)နှစ်

ရန်ကုန်တိုင်း၊ သန်လျင်မြို့နယ်၊ မင်္ဂလာလမ်းနေ (ဦးဖိုးဟန်-ဒေါ်သိန်းရင်)တို့၏သမီး၊ ပဲခူးတိုင်း၊ ရွှေကျင်မြို့၊ ပွဲကုန်းရပ်ကွက်၊ လမ်းမတော်လမ်း၊ ရွှေကျင် ကြက်သရေ စာပုံနှိပ်တိုက်မှ (ဆရာကြီး ဦးမြသီး-ဒေါ်သိန်းဟဲ)တို့၏သမီးချွေးမ၊သန်လျင်မြို့နေ(ဦးချစ်ဖေ)-ဒေါ်လှကြည်၊ရန်ကင်းမြို့နေ(အငြိမ်းစား) အထူးတိုင်းရဲမင်းကြီး (ဦးဘဆိုင်)-ဒေါ်လှဘီတို့၏ညီမ၊(ဒေါ်လှရီ)ကျန်းမာရေးဆရာမ၊ သန်လျင်မြို့နေ ဆရာဦးသာဟန်-ဆရာမဒေါ်သန်းခွဲ့တို့၏အစ်မ၊ ဗိုလ်ကြီးမြင့်သိန်း(ငြိမ်း)-ဒေါ်လွင်လွင်မာ၊ ဦးကျော်ရင်ထွန်း(ပြန်/ဆက် ဦးစီးဌာန) - ဒေါ်သက်သက်(မြဓာတ်ပုံတိုက်)၊ (မောင်မျိုးဆွေ)တို့၏မိခင်၊ ဗိုလ်မှူးဝင်းဌေး-ဒေါ်လီလီစိုး၊ ဦးနေဝင်း-ဒေါ်မာမာသိန်း၊ ဒေါ်မြင့်မြင့်စိုး(အထွေထွေမန်နေဂျာ၊ Myammar Information Technology)၊ ဒေါက်တာမြင့်မြင့်ငြိမ်း(တွဲဖက်ပါမောက္ခ၊ ရောဂါဗေဒဌာန၊ ဆေးတက္ကသိုလ်-၂)၏အဒေါ်၊ကိုသက်နိုင်မော်(စုစမ်းရေးမှူး၊ စစစ၊ မကွေး)၊ မအိသိမ့်သိမ့်၊ ဗိုလ်ကျော်ဇေအောင်၊ မောင်ဟိန်းဇေယျာသော်၊ မောင်တင့်ထက်အောင်၊ မဝင့်ရည်မွန်၊ မဇင်မြတ်မွန်၊ မောင်မင်းသိုက်၊ မချမ်းမြေ့သူတို့၏အဘွား၊ မြေးရှစ်ယောက်၊ မြစ် ၁၁ ယောက်တို့၏အဘွား၊ ရွှေကျင်မြို့၊ လမ်းမတော်လမ်း၊ အမှတ် ၂၄ နေ ဦးမောင်မောင်လေး၏ဇနီးသည် ၂၁-၃-၂၀၀၅ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၃-၂၀၀၅ရက်တွင် ရွှေကျင်မြို့သုသာန်၌ သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်းဒါယကာကြီး ဦးလှမြင့် (တောင်ညွန့်)

အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ အမှတ် ၂၈၊၁၃ လမ်းနေ (ဦးပါ-ပရဆေး)-(ဒေါ်လှတင်)တို့၏သားကြီး၊ဒေါ်စိန်စိန်(အထက-၂၊ဗဟန်း)၏မောင်၊ ဦးချစ်ကြိုင်-ဒေါ်သိန်းသိန်းမြင့်တို့၏အစ်ကို၊ ဒေါ်နှင်းစိန်၏ခင်ပွန်း၊ ဦးသိန်းဝင်း-ဒေါ်သဲလ်မာ၊ ဦးလှဝင်း-မတင်တင်မိုး၊ ဦးလှဌေး(မော်တင်ဈေး)-ဒေါ်ဝင်းဝင်းသန်း၊ ဦးသန်းဌေး၊ မောင်မင်းဆွေ-မခင်မာသူတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏ အဘိုးသည် ၂၁-၃-၂၀၀၅ရက်တွင် ကွယ်လွန်သွားပါ၍ ၂၃-၃-၂၀၀၅ ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အမှတ် ၈) ဗိုလ်သုရလမ်း ဗိုလ်စိန်မှန်နေအိမ်မှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ကိုကျော်စွာငြိမ်း(ခ)ဂူဂူးစံ

အသက်(၂၉)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဟံသာရိပ်မွန်အိမ်ရာ၊ တိုက်၁၄၈၊ အခန်း ၂၀၁နေ (ဦးကျော်ငြိမ်း)-ဒေါ်ရင်ရင်တို့၏သား၊ဘိုကလေးမြို့နေ တရားရုံးချုပ်ရှေ့နေ ဦးဌေးညွှန့်-ဒေါ်ဆွေဆွေကြည်တို့၏သားသမက်၊ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဟံသာရိပ်မွန်အိမ်ရာ၊ အောင်ချမ်းသာလမ်း၊ တိုက် ၁၄၈၊ အခန်း ၃၀၁နေ မအိရွှေစင်ဌေး၏ ခင်ပွန်း၊ ဦးအောင်နိုင်ဦး၊ ဒေါ်စန်းစန်းကြည်၊ ဦးမြင့်အောင်၊ ဒေါ်မြင့်မြင့်ခိုင်တို့၏ညီ/မောင်၊ မဇာနီငြိမ်း၊ မကဥ္စနာငြိမ်းတို့၏အစ်ကို၊ တူ တူမ လေးယောက်တို့၏ဦးလေးသည် ၂၁-၃-၂၀၀၅ ရက်တွင် ရန်ကုန်မြို့အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၃-၂၀၀၅ရက် မွန်းတည့်၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများနံနက်၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ R. 488

နယ်စပ်ဒေသများ၌ သမိုင်းနှင့်ချီပြီးဖြစ်ပေါ်ခဲ့သည့်မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်မှု မြန်မာ့မြေပေါ်မှအပြီးတိုင်ပပျောက်သွားရေး နိုင်ငံတော်နှင့်တိုင်းရင်းသားများပူးပေါင်းကြိုးပမ်းနေ မြန်မာနိုင်ငံ၌ဘိန်းစိုက်ပျိုးထုတ်လုပ်မှုသိသာစွာကျဆင်းလာကြောင်း တိုင်းတာရေးပညာရှင်အဖွဲ့ကအသိအမှတ်ပြု ပြည်သူများ၏လူနေမှုဘဝမြင့်မားရေး ကဏ္ဍစုံကကြိုးပမ်းပေးနေသည့်အစိုးရ၏စေတနာကိုပြည်သူအားလုံးတုံ့ပြန်

ရန်ကုန် မတ် ၂၂

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင် လိုက်ပါလျက် မတ် ၂၀ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။ *စာမျက်နှာ ၁၀ ကော်လံ ၁* ✻

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ် လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပါကစ္စတန်နိုင်ငံ နှစ်ပတ်လည်အမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် မတ် ၂၃

၂၀၀၄ ခုနှစ် မတ် ၂၃ ရက်၌ ကျရောက်သော ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံမှ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မီယာဇာဖာရူလာခန်း ဂျမာလီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

(၅၉)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုအထူးကဏ္ဍများရည်ညွှန်းချက်

"တပ်မတော်သည် အစဉ်အလာ(၁၂)ရပ်၊ တပ်မတော်အား(၁၀)ပါးတို့နှင့်အညီ တပ်မတော်၏ အဓိကလုပ်ငန်းတာဝန်ကြီး(၃)ရပ်ကို ကျေပွန်စွာထမ်းဆောင်သွားမည်ဖြစ်သည်။"

★ စစ်သည်နန္ဒ၏ **"ပြည်သူချစ်သောတပ်မတော်"** ဆောင်းပါး **စာမျက်နှာ(၈-၉)**
★ **"တပ်မတော်နှင့်တိုင်းရင်းသားပြည်သူများ လက်တွဲ၍ဆောင်ရွက်ခဲ့သည့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများ"** ဓာတ်ပုံမှတ်တမ်း **စာမျက်နှာ(၇)**
★ သီဟအောင်၏ **"နှလုံးလှတပ်မတော်"** ကဗျာ **စာမျက်နှာ(၁၃)**
★ တိမ်ပျံ၏ **"နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏အောင်ပွဲများ"** ကာတွန်း **စာမျက်နှာ(၁၂)**

ပေါင်းလင်း(ငမိုးရိပ်ရေကူ) ရေလှောင်တာမံ

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ပေါင်းလင်း(ငမိုးရိပ်ရေကူ) **ရေလှောင်တာမံကို ဝေဟင်မှတွေ့မြင်ရစဉ်။** (သတင်း-ရှေ့ဖုံး)

(သတင်းစဉ်)

ယနေ့ထုတ်ခေါင်ရေ ၂၀၀၂၅၇